# မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၄၈)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
၂၀၂၆ ခုနှစ်၊ ဇွန် ၅ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောကၐ် အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကၐ် ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# IT နဲ့ပတ်သက်လို့ အိန္ဒိယနဲ့ကျွန်တော်တို့ပူးပေါင်းမယ်ဆိုရင် အများကြီးအခွင့်အလမ်းရှိပါတယ်၊ မြန်မာနိုင်ငံမှာ IT နဲ့ပတ်သက်တဲ့ မြို့တော်စီမံကိန်းတစ်ခု ကျွန်တော်တို့လုပ်နေတယ်၊ အိန္ဒိယနိုင်ငံက အများကြီးအထောက်အကူပြုနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိနေစဉ်အတွင်း Doordarshan (DD India News)သတင်းဌာနက သိရှိလိုသည့်မေးမြန်းမှုများကို လက်ခံဖြေကြားခဲ့ပြီး အဆိုပါမေးမြန်းဖြေကြားချက်အပြည့်အစုံကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည် –**

**မေး။** သမ္မတကြီးအနေနဲ့ အိန္ဒိယနိုင်ငံကို ပထမဆုံး ပြည်ပနိုင်ငံ ခရီးစဉ်အဖြစ် ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ အိန္ဒိယနဲ့မြန်မာ နှစ်နိုင်ငံဟာ လူမှုယဉ်ကျေးမှုဆိုင်ရာ အပြန်အလှန်ထိတွေ့ဆက်နွယ်မှုရှိကြတဲ့ နိုင်ငံတွေဖြစ်ကြပါတယ်။ အဆွေတော်သမ္မတကြီးအနေနဲ့ နှစ်နိုင်ငံအကြား ဆက်ဆံရေးနဲ့ပတ်သက်ပြီး ဖော်ပြမယ်ဆိုရင် ဘယ်လိုဖော်ပြမလဲ သိချင်ပါတယ်။

**ဖြေ။** ပထမ ကျွန်တော်လာမယ့် အစီအစဉ်ကတော့ အိန္ဒိယနိုင်ငံက ဦးစီးဆောင်ရွက်မယ့် အပြည်ပြည်ဆိုင်ရာ ကြောင်သတ္တဝါကြီးများညီလာခံကို တက်ဖို့ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီညီလာခံက အာဖရိကနိုင်ငံမှာဖြစ်ပေါ်ခဲ့တဲ့အီဘိုလာရောဂါကြောင့် ရွှေ့ဆိုင်းလိုက်ပါတယ်။ ဒီအစည်းအဝေးနဲ့ဆက်စပ်ပြီး ကျွန်တော်လည်း အိန္ဒိယနိုင်ငံကို မရောက်တာလည်း ကြာပါပြီ။ ၂၀၁၉ ခုနှစ်မှာ ကျွန်တော် နောက်ဆုံးရောက်ခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်က အိန္ဒိယနိုင်ငံမှာ အစည်းအဝေးတက်ရင်းနဲ့ Official Visit တစ်ခု ကျွန်တော်တို့ဆောင်ရွက်မယ်ဆိုပြီးတော့ နှစ်ဖက်ညှိနှိုင်းခဲ့တာဖြစ်ပါတယ်။ အစည်းအဝေးဖျက်သိမ်းပေမယ့်လည်း ကျွန်တော် ဒီတရားဝင်ချစ်ကြည်ရေးခရီးလာဖို့ အစီအစဉ်ကို မဖျက်သိမ်းဘဲ အိန္ဒိယနိုင်ငံကို လာခဲ့ခြင်းဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံဟာ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ သမိုင်းကြောင်းရှည်လျားတဲ့ ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးရှိခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။ နှစ်ဖက်ပြည်သူတွေ၊ နှစ်နိုင်ငံအစိုးရတွေ စသည်ဖြင့် ဒီလို ဆက်ဆံမှုမျိုးတွေက အများကြီးရှိပါတယ်။ ကျွန်တော်ကိုယ်တိုင်သည်ပင်လျှင် အိန္ဒိယနိုင်ငံကို ၂၀၁၀ ပြည့်နှစ်က စရောက်ခဲ့တာဖြစ်ပြီးတော့ အကြိမ်ပေါင်းများစွာ ရောက်ခဲ့ဖူးပါတယ်။ ဒါကြောင့်လည်း ဒီနိုင်ငံကို ကျွန်တော့်အတွက်ကတော့

**စာမျက်နှာ ၁၆ ကော်လံ ၁☆**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Doordarshan (DD India News)၏ မေးမြန်းမှုများကို လက်ခံဖြေကြားစဉ်။

## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ခဲ့ပြီးဖြစ်

နေပြည်တော် ဇွန် ၄

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ဝင်ရောက်ခဲ့ပြီးဖြစ်ပါသည်။(မိုး/ဇလ)




၂၀၂၆ ခုနှစ်၊ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်ရက်များပြပုံ



## ကချင်ပြည်နယ်အတွင်း မြစ်ကြီးနား-မိုးကောင်း-မိုးညှင်း မီးရထားခရီးစဉ်တိုးချဲ့ပြေးဆွဲနိုင်ရန် လမ်းပိုင်းပြုပြင်ခြင်း လုပ်ငန်းများကို ဇူလိုင်လအတွင်း အပြီးဆောင်ရွက်မည်

မြစ်ကြီးနား ဇွန် ၄

မြန်မာ့မီးရထားအနေဖြင့် ကချင်ပြည်နယ်အတွင်း မြစ်ကြီးနား– မိုးကောင်း၊ မိုးကောင်း–မြစ်ကြီးနား ခရီးစဉ်သာ ပြေးဆွဲနိုင်ခဲ့ရာမှ မြစ်ကြီးနား–မိုးကောင်းမှ မိုးညှင်းမြို့အထိ မီးရထားခရီးစဉ်

**စာမျက်နှာ ၃ ကော်လံ ၁◆**


**အစိုးရဓမ္မာစရိယစာမေးပွဲအထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ** စာ – ၃ သို့

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းနီအမျိုးသားများ ညီညွတ်ရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး** စာ – ၅ သို့

**“နှစ်နိုင်ငံချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူဖွံ့ဖြိုးရေးဆီသို့”** ဆောင်းပါး စာ – ၁၁ သို့

**ဒေသထွက်အစာကုန်ကြမ်းကိုအသုံးပြုလို့ သားငါးတိုးတက်မွေးမြူစို့** ဆောင်းပါး စာ – ၂၂ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇွန် ၅ ရက်)

# သမိုင်းမျက်နှာသစ်ဖွင့်လှစ်နိုင်သည့် အောင်မြင်သောခရီးစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအနေဖြင့် သမ္မတအဖြစ်တာဝန်ယူပြီးချိန်တွင် စီးပွားရေးနှင့်ကုန်သွယ်မှုများပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံသို့ ပထမဆုံးသွားရောက်ခဲ့ခြင်းဖြစ်သည်။ ခရီးစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Shri Narendra Modi နှင့် အိန္ဒိယသမ္မတနိုင်ငံသမ္မတ H.E. Smt. Droupadi Murmu တို့နှင့်လည်း တွေ့ဆုံခဲ့သကဲ့သို့ နယူးဒေလီမြို့၌ မြန်မာ-အိန္ဒိယကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲ၊ မွမ်ဘိုင်းမြို့၌ မြန်မာ-အိန္ဒိယစီးပွားရေးဆွေးနွေးပွဲများကိုကျင်းပပြီး နှစ်နိုင်ငံစီးပွားရေးဆိုင်ရာများမြှင့်တင်ခဲ့သည်။

ယခုခရီးစဉ်သည် အိန္ဒိယနိုင်ငံ၏အရှေ့ထိတွေ့ဆက်ဆံမှု (Act East Policy)နှင့် အိမ်နီးချင်းဦးစားပေးမူဝါဒ (Neighborhood First Policy)တို့အရ မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ တန်ဖိုးကွင်းဆက်များကို မြှင့်တင်ပေးနိုင်မည့် မဟာဗျူဟာကျသည့်မောင်းနှင်အားတစ်ရပ်ဖြစ်သည်။ နိုင်ငံရေးအရတည်ငြိမ်မှုအနေဖြင့် မြန်မာနိုင်ငံသည် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ပွားခဲ့ရာမှ ယခုအခါ ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် ရွေးကောက်ပွဲမှတစ်ဆင့် ဒီမိုကရေစီအရတည်ဆောက်ခဲ့သည့် အစိုးရတစ်ရပ်ပေါ်ပေါက်လာပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တည်တည်ငြိမ်ငြိမ်ဖြင့် ဆက်လက်ထိန်းသိမ်းသွားရန် အခြေအနေကောင်းများရှိလာပြီဖြစ်သည်။ နိုင်ငံရေးတည်ငြိမ်မှုရှိလာသည့် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများစွာရှိနေပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇွန်လ ၃ ရက် နံနက်ပိုင်းတွင် မွမ်ဘိုင်းမြို့၌ကျင်းပသည့် မြန်မာ-အိန္ဒိယစီးပွားရေးဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ် **"မိမိအနေဖြင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးချိန်တွင် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော်သာရှိခဲ့သဖြင့် ပထမအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ ၃ ဘီလီယံအထိရောက်ရှိအောင် ဆောင်ရွက်ရန်၊ ဒုတိယအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ ၅ ဘီလီယံအထိရောက်အောင် မျှော်မှန်းဆောင်ရွက်သွားရန်ဆွေးနွေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကုန်သွယ်မှုတွင်လည်း နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်စေရေး ကျပ်နှင့်ရူပီးတိုက်ရိုက်ပေးချေရေးသဘောတူညီထားပြီးဖြစ်ကြောင်း၊ မိမိ အိန္ဒိယနိုင်ငံဗဟိုဘဏ်မှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အိန္ဒိယနိုင်ငံမှ သွင်းကုန်များ ပိုမိုတင်သွင်းရန်ဆန္ဒရှိပြီး အထူးသဖြင့် သံနှင့်သံမဏိများ၊ ဘိလပ်မြေ၊ ဆေးဝါး၊ စက်သုံးဆီများ၊ ဆိုလာနှင့် ပတ်သက်သည့်ပစ္စည်းများကို တင်သွင်းသွားလိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံခရီးစဉ်မှာ မြန်မာနှင့်အိန္ဒိယရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး သွားရောက်ခြင်းဖြစ်သည်။ အိန္ဒိယသမ္မတနိုင်ငံခေါင်းဆောင်များဖြစ်သည့် သမ္မတကြီး၊ ဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သလို နိုင်ငံခြားရေးဝန်ကြီးနှင့်လည်း သီးခြားတွေ့ဆုံခဲ့သည်။ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ဆောင်ရွက်မှုတို့အတွက် နယ်ပယ်အသီးသီးမှာ ဆောင်ရွက်နိုင်ရန်ဆွေးနွေးနိုင်ခဲ့သည်။ ထို့ပြင် နှစ်ဦးနှစ်ဖက်သဘောတူညီချက်၊ နှစ်ဖက်ပူးတွဲကြေညာချက်များလည်း ထုတ်ပြန်ခဲ့သည်။

ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုများနှင့်စပ်လျဉ်း၍**"ကျွန်တော်တို့ ဒီလိုလုပ်နိုင်ဖို့ တည်ငြိမ်အေးချမ်းဖို့ အရေးကြီးပါတယ်။ တည်ငြိမ်အေးချမ်းမှုလည်း လုပ်လို့ရမှာဖြစ်တယ်။ ဒါကြောင့် ပထမဦးဆုံးသွားတဲ့ အိန္ဒိယအပိုင်းနဲ့ပတ်သက်ရင် အိန္ဒိယနယ်စပ်မှာရှိတဲ့ သက်ဆိုင်သူများအနေနဲ့ တိုင်းပြည်ကောင်းစေချင်တယ်ဆိုရင် တိုင်းပြည်နဲ့ပူးပေါင်းဆောင်ရွက်ဖို့ ငြိမ်းချမ်းတဲ့နည်းနဲ့ပူးပေါင်းဆောင်ရွက်ဖို့ ကြိုးစားဖို့လိုပါတယ်။ သူတို့ရဲ့ သဘောထားတွေပြန်လည်သုံးသပ်ပြီးတော့မှ ကျွန်တော်တို့တိုင်းပြည်ကို ကောင်းအောင်ဆောင်ရွက်သွားဖို့လိုပါလိမ့်မယ်။ ဒီလိုပဲ တခြားနယ်မြေတွေမှာရှိနေတဲ့၊ အကြောင်းအမျိုးမျိုးကြောင့် တည်ငြိမ်မှုထိခိုက်နေတဲ့ နယ်မြေတွေမှာရှိတဲ့ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေနဲ့လည်း တိုင်းပြည်အတွက် ပြန်လည်သုံးသပ်ပြီးတော့မှ တိုင်းပြည်ကောင်းအောင်လုပ်ဖို့အတွက် ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့၊ နိုင်ငံရေးစကားပြောရင် ဒီမိုကရေစီနည်းလမ်းတကျ ပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုရင် တိုင်းပြည်ကဘာမှမကြာပါဘူး၊ တိုးတက်မှာသေချာပါတယ်"** ဟူ၍ နိုင်ငံတော်သမ္မတကြီးက မီဒီယာများ၏မေးမြန်းမှုဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအားလုံးက မြန်မာနိုင်ငံကြီးဖွံ့ဖြိုးတိုးတက်ကြီးပွားရေးကိုလိုလားကြသည်။ ပြည်သူတို့၏လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့နေခြင်းကို အလိုရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံတော်ကို တည်ငြိမ်အေးချမ်း၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ လုပ်ဆောင်လျက်ရှိသည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း အားလုံးတက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက မြန်မာနိုင်ငံ၏ အနာဂတ်သည် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များဝေဆာလာမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတကြီး၏ အိန္ဒိယနိုင်ငံချစ်ကြည်ရေးခရီးစဉ်မှာ အောင်မြင်မှုရရှိသည့်အတွက် နိုင်ငံတော်သမ္မတကြီးဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏အပြန်ခရီးတွင် ပြည်သူများကလည်း သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်ကြသည်။ နိုင်ငံတော်သမ္မတကြီးမှလည်း ဗုဒ္ဓဂယာတွင် **တိုင်းပြည်အေးချမ်းပါစေ၊ ဖွံ့ဖြိုးတိုးတက်ပါစေ။ ပြည်သူတွေကိုယ်စိတ်နှလုံးချမ်းမြေ့စွာနဲ့ လုပ်ကိုင်စားသောက်နိုင်ကြပါစေ**ဟူ၍ မေတ္တာမွန်ဖြင့် ဆုတောင်းပေးခဲ့ပါသည်။ အနှစ်ချုပ်ဆိုရသော် မြန်မာ-အိန္ဒိယချစ်ကြည်ရေးခရီးစဉ်မှာ သမိုင်းမျက်နှာသစ်ဖွင့်လှစ်နိုင်သည့် အောင်မြင်သောခရီးစဉ်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ကော့သောင်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေးခြင်းဆောင်ရွက်

ကော့သောင်း ဇွန် ၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများသည် ရက် ၁၀၀ စီမံချက်ဖြင့် အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ဇွန်လ ၃ ရက်တွင် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ဆောင်ရွက်သည်။

ရှေးဦးစွာ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ရက် ၁၀၀ စီမံချက်ဖြင့် လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ဆောင်ရွက်ပေးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြပြီး ကျောင်းသား၊ ကျောင်းသူများထံသို့ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ လက်ဝယ်အရောက်ပေးအပ်သည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရာတွင်အသက် ၁၈ နှစ်ပြည့်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်မရရှိသေးသူများအား ဆောင်ရွက်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့် မှတ်ပုံတင်လဲလှယ်ခြင်း၊ ဟောင်းနွမ်းပျက်စီးမှတ်ပုံတင်များကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်း၊ အသက် ၁၀ နှစ်နှင့်အထက် မှတ်ပုံတင်အသစ်ပြုလုပ်ပေးခြင်း၊ Biometric Data ကောက်ယူ၍ UIDကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ဧပြီလ ၂၀ ရက်မှ ဇူလိုင်လ ၃၁ ရက်ထိ မြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄**
**စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်**
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ်၊ ၅၆ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ ဇွန်လ ၄ ရက်)
**ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တို့အရ ဒေါ်နှင်းကေသီဝင်းအား ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာပူးတွဲလုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများအစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၄**

မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာပူးတွဲလုပ်ငန်းအဖွဲ့၏ပူးတွဲဥက္ကဋ္ဌများ အစည်းအဝေးကို ယနေ့တွင် ကျင်းပသည်။

အစည်းအဝေးတွင် ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် ဥရောပအာရှစီးပွားရေးကော်မရှင် မေခရို(အကြီးစား)စီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီး Mr. Danilar Imanaliev တို့ကဦးဆောင်၍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာပူးတွဲလုပ်ငန်းအဖွဲ့၏တတိယအကြိမ် အစည်းအဝေးကျင်းပရေး၊ အာဆီယံမူဘောင်အတွင်း ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဥရောပအာရှစီးပွားရေးကော်မရှင် မေခရို(အကြီးစား)စီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီး Mr. Danilar Imanaliev ၊ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်မှ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။ **မြဝတီ**

## အစိုးရဓမ္မာစရိယစာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၅**

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနကကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ၁၃၈၇ ခုနှစ် (၂၀၂၆ ခုနှစ်)၊ အစိုးရဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ကျမ်းရင်းသုံးကျမ်းအောင် (ကျမ်းပြီး) (၇၁၉)ပါး/ဦး၊ နှစ်ကျမ်းအောင် (၅၁၈)ပါး/ဦး၊ တစ်ကျမ်းအောင်(၅၂၈)ပါး/ဦး၊ မြန်မာဂုဏ်ထူးကျမ်းအောင်(၇)ပါး၊ စုစုပေါင်း(၁၇၇၂)ပါး/ဦး အောင်မြင်ကြသည်။

စုစုပေါင်းဖြေဆိုသူ (၁၆၄၄၄)ပါး/ဦးအနက် အောင်မြင်သူ(၁၇၇၂)ပါး/ဦးဖြစ်၍ ၁၀ ဒသမ ၇၈ ရာခိုင်နှုန်း အောင်မြင်ကြသည်။


၁၃၈၇ ခုနှစ်(၂၀၂၆ ခုနှစ်)၊ အစိုးရဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအနက် ဓမ္မာစရိယ သုံးကျမ်းအောင်(ပထမ၊ ဒုတိယ၊ တတိယ)ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (အဂ္ဂမဟာကျော်) | ဗခ-၄၅၄ | အရှင်ပညာသာရ ၉/အမဇ(သ)၀၀၄၅၈၀ | ဓမ္မပါကဋ္ဌကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | ဗခ-၂၀ | အရှင်ပညာသိရီလင်္ကာရ ၉/အမရ(သ)၀၀၆၁၇၆ | ဓမ္မာဓိပတိကျောင်း မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃။ | တတိယ | ဗဂ-၂၃ | အရှင်နရပတိလင်္ကာရ ၉/အမရ(သ)၀၀၆၁၁၀ | မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

၁၃၈၇ ခုနှစ် (၂၀၂၆ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲအောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သိရသည်။ **မြဝတီ**

## ကျောက်မဲမြို့ ကိုယ့်အားကိုယ်ကိုး အေးသာယာကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအေးထွန်း တက်ရောက်၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အရိပ်မထွက်ဘုရားနှင့် ဘုရားနီဘုရားပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု ကွင်းဆင်းကြည့်ရှု





**မန္တလေး ဇွန် ၄**

ကိုယ့်အားကိုယ်ကိုး အေးသာယာကွန်ကရစ်လမ်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျောက်မဲမြို့ အမှတ်(၇)ရပ်ကွက်ရှိ အဆိုပါလမ်း၌ ကျင်းပရာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြား၍လမ်းအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အရိပ်မထွက်ဘုရားနှင့် ဘုရားနီဘုရား ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ငလျင်အပါအဝင် သဘာဝဘေးအန္တရာယ်များပါကာကွယ်နိုင်ရန် ထည့်သွင်းစဉ်းစားတွက်ချက်၍ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ရေးဆွဲထားသည့် ရှေးဟောင်းအဆောက်အအုံများ၊ ဘုရား၊ စေတီများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရာတွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုပြင်သွားရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

◆ **ရှေ့ဖုံးမှအဆက်**

ဆက်လက်တိုးချဲ့ပြေးဆွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းများကို လာမည့်ဇူလိုင်လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ထိုသို့ တိုးချဲ့ပြေးဆွဲနိုင်ရန် ပြည်နယ်အစိုးရအဖွဲ့သည် မြစ်ကြီးနား-မိုးကောင်း-မိုးညှင်း မီးရထားခရီးစဉ် တိုးချဲ့ပြေးဆွဲနိုင်ရေးနှင့် ရထားလမ်းဖွင့်လှစ်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြုလုပ်ခဲ့သည်။

အဆိုပါလမ်းပိုင်းဆောင်ရွက်ပြီးစီးပါက မိုးညှင်း-မြစ်ကြီးနား၊ မြစ်ကြီးနား-မိုးညှင်းရထားပြေးဆွဲနိုင်ရေး မြင်းကောင်ရေ ၁၃၀၀ အား စက်ခေါင်း၊ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းများဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်းသိရပြီး လူစီးတွဲများကိုလည်း Auto Coupler တွဲဆိုင်းများဖြင့် ပြေးဆွဲသွားနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကာ ရိုးရိုးတန်းလူစီးတွဲ (၄)တွဲ၊ အထက်တန်းလူစီးတွဲ (၁)တွဲ၊ ကုန်တင်ဘရိတ်တွဲ(၁)တွဲ ပါဝင်သောတွဲဆိုင်းများဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မိုးကောင်း-မိုးညှင်းလမ်းပိုင်း ရထားလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရထားလမ်းမိုင် ၅၂ ဒသမ ၂၅ မိုင်ရှိသည့်အနက် လမ်းပိုင်းပြုပြင်ပြီးစီးမှု ၃၉ မိုင်၊ ရာခိုင်နှုန်းအားဖြင့် ၇၄ ဒသမ ၆၄ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ရထားလမ်းပိုင်းအတွင်းရှိ ဘူတာ ရှစ်ဘူတာ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရထားလမ်းပိုင်းရှိ တံတားပြုပြင်မှုတွင် သံပေါင်ပြုပြင်ခြင်းလုပ်ငန်းကို ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး တံတားရေလယ်တိုင်များ ပြုပြင်ခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကာ လာမည့် ဇူလိုင်လဒုတိယပတ်တွင် လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်း အကြမ်းဖက်အဖွဲ့အစည်းများက မီးရထားလမ်းများအား ဖျက်ဆီးမှုကြောင့် ရထားပြေးဆွဲခြင်းကို ၂၀၂၁ ခုနှစ် ဩဂုတ်လမှစတင်ကာ ရပ်ဆိုင်းထားခဲ့ရသော်လည်း ပြည်နယ်အစိုးရအဖွဲ့၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မြန်မာ့မီးရထားတို့ပူးပေါင်း၍ ပြုပြင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁ ရက်တွင် မြစ်ကြီးနား-မိုးကောင်း မီးရထားလမ်းပိုင်း ခရီးမိုင် ၃၆ ဒသမ ၇၅ မိုင်ကို ပြန်လည်ပြေးဆွဲနိုင်ခဲ့ပြီး စတင်ပြေးဆွဲချိန်က RBE ကားရထားဖြင့်သာ ပြေးဆွဲခဲ့သော်လည်း ယခုအခါ ရထားစီးပြည်သူများပြားလာသည့်အတွက် စက်ခေါင်း လူစီးတွဲ(၄)တွဲ၊ ဘရိတ်တွဲ (၁)တွဲဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကမ္ဘဖလ

**တင့်တယ်**

**ယမန်နေ့မှအဆက်**

မကြာမီပင် ဂျပန်လက်မရွံ့နှစ်ယောက်တို့က အင်္ကျီလည်ကုပ်ကိုကိုင်ကာ တွန်းဆောင့်၍ခေါ်လာသော တရားခံနှစ်ယောက်သည် ကျွန်ုပ်၏အခန်းထဲသို့ ဒယီးဒယိုင်ဝင်လာကြ၏။ သူတို့၏မျက်နှာများမှာကား ဂျပန့်လက်ဝါးစာမိထားသဖြင့် ဖူးဖူးရောင်ကာ ညိုမည်းနေရသည့်အထဲတွင် ခေါင်းကို အုတ်ကြွပ်တန်းဖြင့် ရိုက်သောကြောင့် နဖူးပါးသွယ်သို့ သွေးများစီးကျကာ ခြောက်ကပ်နေသဖြင့် လူရုပ်မျှ မပေါ်အောင်ရှိနေကြ၏။

"ကဲ...ထိုင်ကြ"ဟု ကျွန်ုပ်က အမိန့်ပေးလိုက်သောအခါတွင် တရားခံနှစ်ယောက်တို့သည် မျက်နှာသေလေးများဖြင့် ကြမ်းပြင်ပေါ်၌ ဆောင့်ကြောင့်ထိုင်လိုက်ကြရှာ၏။ ဂျပန်က ငဖယ်တေအဘယ်မျှတေထားပြီးသည်ကားမသိရ၊ နှစ်ယောက်စလုံးမှာကား အကြောက်ကြီးကြောက်ရွံ့နေကြဟန်ဖြင့် တုန်တုန်ယင်ယင်ပင်ရှိနေကြပေသည်။

"ကိုင်း ... ဆိုကြစမ်းပါဦး၊ ဘယ်လိုဖြစ်ကြတာလဲ" ဟု ကျွန်ုပ်ကမေး၏။ ထိုအခါ အဖြစ်သူ လူကြီးက "ဒီလိုပါ ဗိုလ်မင်းရယ် ... ကျွန်တော်တို့က တနင်္သာရီဘက်ကပါ၊ စစ်ဖြစ်စက ရန်ကုန်ကို ပြေးကြပါတယ်။ လက်ဦးကတော့ အထက်ရောက်အောင် ပြေးကြဖို့ပါပဲ။ နောက်တော့ ရောဘက်မှာခိုပြီးနေကြပါတယ်။ ရန်ကုန်ကို စစ်ဦးလွန်သွားတော့ ကိုယ့်ရပ်ကိုယ့်ရွာကို အခုပြန်လာခဲ့ကြရာမှာ အဖမ်းခံရတာပါပဲ ဗိုလ်မင်းရယ်၊ အဖမ်းခံရတာက ကျွန်တော်တို့ သေတ္တာတစ်လုံးထဲက ရေဒီယိုဘတ်သီးတစ်လုံးတွေ့လို့ပါပဲ။ အဲဒီရေဒီယိုဘတ်သီးကလည်း မီးမလိုက်တစ်ချက်၊ လိုက်တစ်ချက်နေလို့ ဟောဒီကျွန်တော့်သားက ရေဒီယိုဝါသနာပါလေ

**"ကိုင်း... ဆိုကြစမ်းပါဦး၊ ဘယ်လိုဖြစ်ကြတာလဲ" ဟု ကျွန်ုပ်က မေး၏။ ထိုအခါ အဖြစ်သူ လူကြီးက "ဒီလိုပါ ဗိုလ်မင်းရယ် ... ကျွန်တော်တို့က တနင်္သာရီဘက်ကပါ၊ စစ်ဖြစ်စက ရန်ကုန်ကို ပြေးကြပါတယ်။ လက်ဦးကတော့ အထက်ရောက်အောင် ပြေးကြဖို့ပါပဲ။ နောက်တော့ ရောဘက်မှာခိုပြီးနေကြပါတယ်။ ရန်ကုန်ကို စစ်ဦးလွန်သွားတော့ ကိုယ့်ရပ်ကိုယ့်ရွာကို အခုပြန်လာခဲ့ကြရာမှာ အဖမ်းခံရတာပါပဲ ဗိုလ်မင်းရယ်၊ အဖမ်းခံရတာက ကျွန်တော်တို့သေတ္တာတစ်လုံးထဲက ရေဒီယိုဘတ်သီးတစ်လုံးတွေ့လို့ပါပဲ. . ."**

တော့ ဒီဘတ်သီးကို တော်ရာသေတ္တာထဲမှာ သိမ်းထားရင်းက ပြေးရင်းလွှားရင်းနဲ့ အဝတ်တွေနဲ့ရောပြီး ဟိုပါသည်ပါသွားလေရာကို ပါနေရင်းက ဂျပန်တွေ ရှာကြတော့မှပဲ ကျွန်တော်တို့လည်း သတိရတော့တာပါပဲခင်ဗျာ" ဟု ဂျပန့်လက်သီးချက်ဖြင့် စုတ်ပြတ်နေသော နှုတ်ခမ်းကြားမှ အားယူ၍ပြောရှာ၏။

ကျွန်ုပ်လည်း ထိုတရားခံနှစ်ယောက်ကိုကြည့်ရင်းက "နေစမ်း ... နေစမ်း၊ ခင်ဗျာ့နာမည်ပြောစမ်း" ဟု ကမန်းကတန်းပါးစပ်က မေးခွန်းထွက်သွား၏။ ထိုအခါ တရားခံလူကြီးက "ကျွန်တော့်နာမည်ကတော့ မောင်ဒေါနပါခင်ဗျာ ... ကျွန်တော့်သားရဲ့နာမည်ကတော့ မောင်ညိမ်းအောင်" သူစကားမဆုံးမီ ကျွန်ုပ်မှာ တစ်ကိုယ်လုံးရှိ သွေးသားတွေ ချက်ချင်းရပ်တန့်သွားဘိသကဲ့သို့ရှိရ၏။ မျက်လုံးအပြူးသားဖြင့် ကြမ်းပြင်ပေါ်၌ ဆောင့်ကြောင့်ထိုင်ကာ လက်ချင်းပင်ယှက်တော့မယောင်ဖြစ်နေသော သားအဖနှစ်ယောက်ကို ဖွတ်မေ့၊ ပုတတ်မေ့ မေ့ကာ ငေးနေမိ၏။

မျက်တောင်ကိုမျှ မခတ်မိနိုင်အောင် ကျွန်ုပ်တွင် ငေးစိုက်၍ ကျောက်ရုပ်ကြီးလို မလှုပ်မချောက်ဖြစ်နေရသော ဤအခိုက်အတန့်တွင် ကျွန်ုပ်၏ဦးနှောက်အတွင်း၌မူကား အတွေးနှစ်ခုတို့သည် မော်တော်ကားနှစ်စင်း အပြိုင်မောင်းနေဘိသကဲ့သို့ တစ်ခုနှင့်တစ်ခု သူနိုင်ငါနိုင် သဲသဲမဲမဲကြီး ပြိုင်၍နေကြပေတော့သည်။ ထိုသို့ အကြိတ်အနယ် ယှဉ်ပြိုင်၍နေကြသော အတွေးတို့အနက် ပထမတွေးလုံးမှာကား ကျွန်ုပ်လက်စားချေရန် ဆယ့်ငါးနှစ်ကာလပတ်လုံး အတွင်းကျိတ်ကြုံးဝါးလျက်၊ အခွင့်အလမ်းကို စောင့်မျှော်လျက်နေခဲ့ရသော ဦးလေးဦးဒေါနနှင့် လက်သီးကိုအားကိုးလှသော မောင်ညိမ်းအောင်တို့သည် ယခုအခါ၌ ကျွန်ုပ်၏လက်တွင်းသို့ မလှုပ်သာမလှည့်သာအောင်ကျရောက်ကာ လက်ခုပ်တွင်းက ရေပမာဖြစ်၍နေပေရာ ကျွန်ုပ်ကသာ "ဒီလူတွေဟာ အင်္ဂလိပ်ကို အင်မတန်ကြည်ညိုတဲ့လူတွေ... သူလျှိုတွေ" ဟု လက်ညှိုးတစ်ချက်ထိုးလိုက်ရုံမျှဖြင့် သင်းတို့သားအဖနှစ်ယောက်စလုံး ခေါင်းပြုတ်ကြရမည်သာမက တစ်ဆွေလုံးတစ်မျိုးလုံးကိုလည်း ဂျပန်က မီးခိုးကြွက်လျှောက်လိုက်ကာ ဖမ်းဆီးညှဉ်းဆဲနိုင်လေရကား "အဟမ်း ... မင်းတို့ခံရတဲ့အလှည့်တော့ ရောက်ပဟော့... ကြည့်ပြီးတော့သာ ခံကြပေတော့"ဟုဆိုကာ ဂျပန်ကို တွန်းလိုက်ချင်သောတွေးလုံးဖြစ်၏။ ဒုတိယတွေးလုံးမှာကား ဂျပန်ကို ကျွန်ုပ်တွန်းလိုက်ပါက သူတို့တစ်ပြုံလုံး ဒုက္ခရောက်မည်မှန်သော်လည်း ကျွန်ုပ်၏ဒုတိယရည်ရွယ်ချက်ဖြစ်သော အဘိုးဦးနကီ ထားရစ်ခဲ့သည့် ငွေဆယ်သိန်းခန့်တန်ဖိုးရှိသော ပစ္စည်းထုထည်ကြီးကို ကျွန်ုပ်ရနိုင်မည်မဟုတ်။ သူတို့နှင့် ဆွေတစ်စွန်းမျိုးတစ်စတော်သူတို့သာ ခံစားကြရပေမည်။ ကျွန်ုပ်က အမွေခံပါဟု ရုံးတက်တရားဆိုင်ရဖို့မှာလည်း ပစ္စည်းများကို လက်ကိုင်ရကြမည့် သူတို့ကို ချောင်ကြားက ဘွားခနဲ ... ပေါ်ရသော ကျွန်ုပ်က ယှဉ်ပြိုင်ရမည်မှာ သွေးသားအစစ် ကျွန်ုပ်ဖြစ်သည့်တိုင် လက်ရှိနှင့် လက်မဲ့ဖြစ်နေ၍ ကျွန်ုပ်နိုင်ဖို့ခက်၏။ ခေတ်ကား ငွေများရာ တရားအောင်သောခေတ်မျှသာမကသေး၊ တရားဟူ၍ပင်မရှိသော ခေတ်ပျက်ဖြစ်လေရာ တရားဆိုင်နေရမည့် လမ်းရှည်ကြီးကို ကျွန်ုပ်မလိုက်လိုပေ။ ထို့ပြင် သင်းတို့ တစ်မြုံလုံးအား ဂျပန်က သတ်ဖြတ်နှိပ်စက်သည်ထားဦး၊ ကျန်ရစ်သူတို့ ကျန်ပေဦးမည်။ တစ်ယောက်မျှ မကျန်ရစ်ဘဲ နေစေကာမူ ကျွန်ုပ်အား သင်းတို့ကိုယ်တိုင်က ကိုယ်ထိလက်ရောက် စော်ကားထားသည်ကို ကျွန်ုပ်သည် ကျွန်ုပ်၏လက်ဖြင့် ကိုယ်တိုင်လက်ထိလက်ရောက် လက်စားချေလို၏။ ထို့ကြောင့် ဝင်၍ပူးနိုင်အောင် တစ်မျိုးလှည့်လိုက်ရလျှင် ကောင်းလေမည်လားဟု ဒုတိယတစ်ဖက်က လှည့်၍တွေးမိပေသည်။ သို့သော် သင်းတို့သားအဖကို ကျွန်ုပ်အသက်ကယ်ဆယ်ပါလျက်နှင့်ပင် သင်းတို့တစ်တွေက ကျွန်ုပ်အား နောင်အခါ၌ ဆေးဖော်ကြောဖက် လုပ်ချင်မှလုပ်ကြပေမည်။ ကျွန်ုပ်အား သင်းတို့နှင့် အရောတဝင်အရင်းအနှီးမခံကြပါသော် ကျွန်ုပ်မှာ ကယ်ဆယ်ရကျိုးမနပ်ဘဲရှိမည်။ ကိုယ်ထိလက်ရောက် လက်စားချေဖို့စခန်းလည်း ပေါ်ဖို့ခက်မည်။ ပစ္စည်းထုထည်အနီးသို့ ကပ်နိုင်ဖို့လည်းခက်မည်။ နောင်အခါ၌ ကျွန်ုပ်၏လက်တွင်းတွင် ကယ်ဆယ်နိုင်လျက်နှင့် မကယ်ဆယ်ဘဲနေခဲ့သည်ကို သိသူတို့သိပါက အခြောက်တိုက် ဥဒါန်းမကျေဘဲ ရာဇဝင်အရိုင်းခံရလေဦးမည်။ သို့ဖြစ်ရာ သင်းတို့တစ်တွေအား ကယ်ဆယ်လိုက်ရလျှင် တော်လေမည်လားဟု စိတ်ကူးမိ၏။ သို့ရာတွင် အခွင့်အလမ်းကို ဆယ့်ငါးနှစ်တိုင်တိုင်ကြာအောင် စောင့်မျှော်ခဲ့သောကျွန်ုပ်မှာ အခွင့်ကောင်းကြီးပေါ်ခိုက်မှာမှ မလိုက်ပါလျှင် "ခွင့်သာခိုက်မှ မလိုက်ပါလျှင် အမိုက်နှင့်ပြင် ရှိသေးလေလိမ့်လား ..."ဟု ဘုန်းကြီးကျောင်းတုန်းက သင်ခဲ့ရသော ကဗျာအတိုင်းဖြစ်မည်ကို စိုးမိပြန်၏။ ထို့ကြောင့် လောလောဆယ် လက်စားချေလိုစိတ်နှင့် သင်းတို့အား ကယ်ဆယ်ပြီးမှ အမှောင့်ပယောဂ ပူးဝင်သလို သင်းတို့၏မြုံးထဲသို့ ပူးဝင်ကာ တဖြည်းဖြည်း ပစ္စည်းထုထည်ကြီးကို ကျွန်ုပ်တစ်ယောက်တည်းရဖို့ ကြံစည်လိုသောစိတ် နှစ်မျိုးစလုံးတို့သည် ကျွန်ုပ်၏ ဦးခေါင်းထဲ၌ နပန်းလုံး၍နေကြပေသည်။

ထိုသို့ မဆုံးဖြတ်နိုင်ဖြစ်နေခိုက်တွင် ကံကြမ္မာသည် ကျွန်ုပ်၏ကိုယ်စားဝင်၍ ဆုံးဖြတ်ပေးလိုက်ပြန်၏။ ဆုံးဖြတ်လိုက်ပုံကား မော်လမြိုင်အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်သော မြို့မျက်နှာဖုံးကြီးတစ်ယောက်သည် အတော်ပင်ချောမွေ့လှပသော မိန်းမပျိုလေးတစ်ဦးနှင့်အတူ ဂျပန်စစ်သားတစ်ယောက်က ကြပ်မတ်လျက် ကျွန်ုပ်၏ရုံးခန်းထဲသို့ ဝင်ရောက်လာကြခြင်းပင်ဖြစ်၏။ မိန်းမပျို၏လက်တွင် ကျောက်ကာထမင်းချိုင့် အနက်ကြီးတစ်လုံးကို ဆွဲ၍လာပေသည်။

ဖူးစာပင် ဖြစ်လေရော့သလားမသိ၊ ကျွန်ုပ်သည် ထိုမိန်းမပျိုအား မြင်လျှင်မြင်ချင်းပင် အသန့်နှင့်လွဲခဲ့ရ၍ ခုနစ်နှစ်တိုင်မျှ ဖိနှိပ်မျိုသိပ်ထားခဲ့ရသမျှသော မေတ္တာစိတ်တို့သည် တဖိတ်ဖိတ်ယိုလျှံ၍ ကျလာကြပေတော့သည်။ မိန်းမပျိုမှာ တစ်ထောင်မှာတစ်ယောက်၊ တစ်သောင်းမှာ တစ်ယောက်ဟု ဆိုစလောက်အောင် ချောမောတင့်တယ်သူဖြစ်ပေရာ ကျွန်ုပ်လည်း မိန်းမပျိုဝင်လာသည်၌ ငေးစိုက်၍ ကြည့်နေမိပေ၏။

**ဆက်လက်ဖော်ပြပါမည်။**

## မော်လမြိုင်ကျွန်းမြို့နယ်၌ ဒုတိယအကြိမ် ကလေးပန်းချီပြပွဲဖွင့်လှစ်

မော်လမြိုင်ကျွန်း ဇွန် ၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၄)ရပ်ကွက် (၁၁)လမ်းရှိ YCBA ခန်းမ၌ ဇွန်လ ၃ ရက်က ဒုတိယအကြိမ် ကလေးပန်းချီပြပွဲ (မြန်မာ့အလှပန်းချီပြပွဲ)အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကိုလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပြခန်းအတွင်း ခင်းကျင်းပြသထားသော ကလေးငယ်များ၏ ပန်းချီလက်ရာများကို ကြည့်ရှုအားပေးကြပြီး ကလေးငယ်များ၏ အနုပညာစွမ်းရည်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးစကားများ ပြောကြားကြသည်။


အဆိုပါပြပွဲတွင် ပန်းချီကား ၂၄၅ ချပ်ကို ဇွန်လ ၃ ရက်မှ ၇ ရက်အထိ ခင်းကျင်းပြသလျက်ရှိပြီး ကလေးငယ်များ၏ ဖန်တီးမှုစွမ်းရည်များနှင့် အနုပညာလက်ရာများကို ခင်းကျင်းပြသထားကြောင်း၊ ယင်းပြပွဲကို ကလေးငယ်များ၏ အနုပညာအရည်အသွေးများ မြှင့်တင်ပေးနိုင်ရန်၊ အနုပညာဆိုင်ရာအသိအမြင်များ တိုးပွားလာစေရန်နှင့် မျိုးဆက်သစ်လူငယ်များ၏အရည်အချင်းများကို ဖော်ထုတ်အားပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ ဆက်)**

## အောင်လံမြို့နယ်၌ သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းများ နည်းပညာပေး သင်တန်းဖွင့်ပွဲကျင်းပ

အောင်လံ ဇွန် ၄

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းများ နည်းပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန်လ ၃ ရက်က အောင်လံမြို့နယ် သံရွာကျေးရွာ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေက ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် သဘာဝမြေသြဇာကို စနစ်တကျပြုလုပ်သုံးစွဲခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေမည်ဖြစ်ကြောင်းနှင့် မြေဆီလွှာအာဟာရ ဖွံ့ဖြိုးတိုးတက်လာစေရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းလှအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သဘာဝမြေသြဇာ စနစ်တကျပြုလုပ်သုံးစွဲနည်းများကို ဒေသခံတောင်သူများ လက်တွေ့အသုံးချနိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ အောင်လံမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းတွင် သဘာဝမြေသြဇာပြုလုပ်နည်းအဆင့်ဆင့်နှင့် စနစ်တကျသုံးစွဲနည်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

■ **ကျောဖုံးမှအဆက်**

ဦးစွာ (၂၉)ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (29th St. Petersburg International Economic Forum–SPIEF 2026) မှတ်တမ်းဗီဒီယိုကိုပြသပြီး စိန့်ပီတာစဘတ်အုပ်ချုပ်ရေးမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက ဆွေးနွေးပြောကြားရာတွင်မြန်မာနိုင်ငံသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသောအလားအလာများရှိသကဲ့သို့ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် တောင်အာရှတို့၏ဆုံချက်တွင်တည်ရှိသဖြင့် မဟာဗျူဟာမြောက်ထူးခြားသောပထဝီဝင်အနေအထားကို ပိုင်ဆိုင်ထားပါကြောင်း၊ မြန်မာနိုင်ငံသည် ဒေသတွင်းဈေးကွက်များကို ချိတ်ဆက်ပေးပြီး ကုန်သွယ်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် စီးပွားရေးပေါင်းစည်းမှုတို့ကို လွယ်ကူချောမွေ့စေသည့်သဘာဝကုန်းတွင်းတံတား (Natural Land Bridge) တစ်ခုအဖြစ် တည်ရှိနေကြောင်း၊ ယခုကဲ့သို့ အားသာချက်များကို အမိအရအသုံးချနိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရသည် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် စီးပွားရေးလုပ်ကိုင်ရမှုပတ်ဝန်းကျင်တိုးတက်ကောင်းမွန်စေရေးတို့ကိုဦးတည်သည့် မူဝါဒများကိုချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံသည် ကုန်ထုတ်စွမ်းအားမြှင့်တင်ရန်၊ စားရေရိက္ခာလုံခြုံမှုအားကောင်းစေရန်နှင့်ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများကို စနစ်တကျပြုပြင်ပြောင်းလဲတိုးတက်ဆောင်ရွက်လျက်ရှိသည့်အတွက် နည်းပညာအပါအဝင်ကဏ္ဍများတွင်နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံ၊ ထောက်ပံ့ပို့ဆောင်ရေး (Logistics)၊ ပို့ကုန်ဦးတည်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ နည်းပညာနှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကာဂျစ်သမ္မတနိုင်ငံအစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဒုတိယဝန်ကြီးချုပ်၊ အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့က ဆွေးနွေးပြောကြားကြသည်။

နံနက်ပိုင်းကလည်း ဒုတိယသမ္မတဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အီးအေအီးယူ-အာဆီယံ (EAEU–ASEAN) စီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်ကြပြီး အဆိုပါဆွေးနွေးပွဲတွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက အီးအေအီးယူနှင့် အာဆီယံတို့အကြား ကာလလတ်နှင့် ကာလရှည်တွင် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် အီးအေအီးယူနှင့် အာဆီယံတို့မှ စီးပွားရေးအသိုက်အဝန်းများအကြား အပြန်အလှန်စီးပွားရေးအကျိုးဖြစ်ထွန်းစေမည့် ဖန်တီးမှုရှိသော စီးပွားရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပါဝင်ဆွေးနွေးသည်။

ထို့နောက် ဒုတိယသမ္မတသည် လီနင်ဂရက်ဒေသအုပ်ချုပ်ရေးမှူး Mr. Alexander Drozdenko နှင့် ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maksim Reshetnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့အား စင်တာ၌ သီးခြားစီလက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် လီနင်ဂရက်ဒေသအကြား ပြည်နယ်/ဒေသအစိုးရအချင်းချင်း ဆက်ဆံရေးသာမက ပြည်သူအချင်းချင်းထိတွေ့ဆက်သွယ်မှုများအထိ မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေး၊ မြန်မာ-ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အနေဖြင့် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ လုပ်ငန်းစဉ်များအလိုက်ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ဆက်လက်တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ စက်မှုကဏ္ဍ၊ ဓာတ်သတ္တုကဏ္ဍ၊ အလုပ်သမားရေးရာကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီနှင့် ရှမ်းနီအမျိုးသားများညီညွတ်ရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဇွန် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ထားရှိသည်။

ရှမ်းနီအမျိုးသားများညီညွတ်ရေးအဖွဲ့အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် ပူးပေါင်းပါဝင်ဆွေးနွေးလိုသည့်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းနီအမျိုးသားများညီညွတ်ရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းနီအမျိုးသားများညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) စဝ်စိုင်းကမ်၊ ဗဟိုကော်မတီဝင် စဝ်ဆေကောင်းဆိုင်၊ တွဲဖက်အတွင်းရေးမှူး စဝ်ဆေဝမ်းဖှ၊ အလှည့်ကျဗဟိုကော်မတီဝင် စဝ်စိုင်းလင်းအောင်၊ ဗဟိုအကြံပေးစဝ်ဆေအိုက်စိုင်းဟန်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ရှမ်းနီအမျိုးသားများညီညွတ်ရေးအဖွဲ့သည် ဒေသတည်ငြိမ်ရေးကိစ္စရပ်များကို တပ်မတော်နှင့်ပူးပေါင်းဆောင်ရွက်နေပြီး ဒေသနေပြည်သူလူထုများ၏ လုံခြုံရေးကို ဆောင်ရွက်နေသည်ဟုသိရကြောင်း၊ ရှမ်းနီအမျိုးသားများညီညွတ်ရေးအဖွဲ့အနေဖြင့် နိုင်ငံရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်လုပ်ဆောင်မည်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို နှစ်ဖက်ညှိနှိုင်းပြီး လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ရှမ်းနီအမျိုးသားများညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)စဝ်စိုင်းကမ်က အစိုးရသစ်ကာလ ရက် ၁၀၀ စီမံကိန်းတွင် ပါဝင်ဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက်တပ်မတော်နှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး နယ်မြေဖွံ့ဖြိုးရေးအတွက်လည်း တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဒေသတည်ငြိမ်အေးချမ်းရေးနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရှမ်းနီ(တိုင်းလျန်၊ တိုင်းလိုင်) တိုင်းရင်းသားများနေထိုင်မှုနှင့် ဥပဒေနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရရှိလိုမှု၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်း နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးဆောင်ရွက်ရာ၌ ကြုံတွေ့ရသောလိုအပ်ချက်များ၊ နိုင်ငံတော်အစိုးရနှင့်အတူလက်တွဲပြီး ပြည်ထောင်စုအဝန်းအဝိုင်းအတွင်း အေးအတူပူအမျှနေထိုင်ရေး၊ ယာယီနေရပ်စွန့်ခွာပြည်သူများအားလူသားချင်းစာနာထောက်ထားမှု အကူအညီပေးနိုင်ရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်ပြီး ရှမ်းနီ(တိုင်းလျန်၊ တိုင်းလိုင်)လူမျိုးများ၏ သမိုင်းကြောင်းအရပျံ့နှံ့နေထိုင်မှု၊ မှတ်ပုံတင်အရ လူမျိုးအမည်အသုံးအနှုန်း၊ ဒေသအသိအမှတ်ပြုလိုမှုတို့နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်သို့တင်ပြဆောင်ရွက်နိုင်မည့်အခြေအနေများကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီက အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။ ပြီးနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဆွေးနွေးချက်များမှ ရှေ့ဆက်လက်ဆောင်ရွက်သွားနိုင်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များအား ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရှမ်းနီအမျိုးသားများညီညွတ်ရေးအဖွဲ့ ကိုယ်စားလှယ်ခေါင်းဆောင် ဒုတိယဥက္ကဋ္ဌ(၁) စဝ်စိုင်းကမ်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မြဝတီ

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ၃၃ ကေဗွီ လယ်ဝေးတပ်နယ်ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းဆောင်ရွက်

နေပြည်တော် ဇွန် ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ဇွန်လ ၅ ရက်နှင့် ၆ ရက်တို့တွင် နံနက် ၈ နာရီခွဲမှ ည ၆ နာရီအထိ လယ်ဝေးတပ်နယ်ရှိ အရေးကြီးနေရာများတွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

မြဝတီ

## သဖင်(FM)အသံလွှင့်အစီအစဉ်

၅-၆-၂၀၂၆(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | For Youth | ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း | ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် | ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်နှင့်မြိတ်ခရိုင်အတွင်းရှိ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌အသုံးပြုခဲ့သော မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များ ထိန်းသိမ်းထားရှိမှုအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဦးသန်းထွတ်သိန်းတို့နှင့်အတူ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်အတွင်းရှိ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အသုံးပြုခဲ့သော မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ MEVM မဲပေးစက်ဆိုင်ရာကြီးကြပ်မှုကော်မတီဝင်များနှင့်လည်းကောင်း၊ မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မဲပေးစက်ဆိုင်ရာကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲအတွေ့အကြုံများအပေါ် အားနည်းချက်၊ အားသာချက်များကိုသုံးသပ်ပြီး နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက်ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် မဲစာရင်းမှန်ကန်ရေးသည် အလွန်အရေးကြီးသည့်အတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ လစဉ်တိုက်ဆိုင်စစ်ဆေးရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် MEVM မဲပေးစက်များ ထိန်းသိမ်းထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မဲပေးစက်များသည် ကြီးကြပ်ကန့်သတ်ပစ္စည်းများဖြစ်၍ ထိခိုက်ပျက်စီးမှုမရှိစေရေး အီလက်ထရောနစ်မဲပေးစက်စစ်ဆေးထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်အတိုင်း အလေးထားဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်း၊ MSME ဒေသတွင်းထုတ်ကုန်များ သုံးစွဲမှုမြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဇွန် ၄

နေပြည်တော်ရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းကဏ္ဍအတွင်း MSME ဒေသတွင်းထုတ်ကုန်များ သုံးစွဲမှုမြှင့်တင်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ရွှေစံအိမ်ဟိုတယ်၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ နေပြည်တော် MSME အသင်းဥက္ကဋ္ဌနှင့်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ နေပြည်တော် MSME အသင်းဥက္ကဋ္ဌနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူများက MSME ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအစီအမံများ၊ ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးတင်ပြကာ ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် နေပြည်တော်အတွင်း စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ရန်ကုန်(မင်္ဂလာဒုံ) | (၃.၅၄)လက်မ |
| ကိုကိုးကျွန်း | (၃.၄၆)လက်မ |
| ဖျာပုံ | (၁.၉၃)လက်မ |
| မြစ်သား | (၁.၉၀)လက်မ |
| ပင်လုံ | (၁.၇၂)လက်မ |
| ထားဝယ် | (၁.၅၇)လက်မ |
| မြိတ် | (၁.၄၉)လက်မ |
| ကော့သောင်း | (၁.၄၂)လက်မ |
| ကော့ကရိတ် | (၁.၃၀)လက်မ |
| ကလေးဝ | (၁.၁၈)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| မြင်းမူ | ၄၁°C |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၄၀.၅°C |
| ချောက် | ၄၀.၄°C |
| ညောင်ဦး | ၃၉.၅°C |
| မကွေး | ၃၉°C |
| စစ်ကိုင်း | ၃၈.၈°C |
| တောင်ငူ | ၃၈.၅°C |
| ပခုက္ကူ | ၃၈.၅°C |
| ဓနိုင်းတူ | ၃၈.၄°C |
| မုံရွာ | ၃၈.၃°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၅ |
| ရှမ်း(မြောက်) | ၂၀ | ၃၂ |
| ရှမ်း(အရှေ့) | ၂၂ | ၃၂ |
| ရှမ်း(တောင်) | ၁၈ | ၂၄ |
| ချင်း | ၁၆ | ၂၆ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၇ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၆ |
| နေပြည်တော် | ၂၆ | ၃၅ |
| မန္တလေး | ၂၅ | ၃၈ |
| မကွေး | ၂၅ | ၃၈ |
| ရခိုင် | ၂၆ | ၃၃ |
| ပဲခူး | ၂၅ | ၃၅ |
| ရန်ကုန် | ၂၆ | ၃၃ |
| ဧရာဝတီ | ၂၆ | ၃၅ |
| ကယား | ၂၀ | ၃၀ |
| ကရင် | ၂၄ | ၃၅ |
| မွန် | ၂၄ | ၃၃ |
| တနင်္သာရီ | ၂၄ | ၃၀ |

တိမ်ထူထပ်
နေရာအနှံ့အပြား မိုးထစ်ချုန်းရွာ
နေရာကွက်ကျား/နေရာကျဲကျဲမိုးရွာ
နေရာစိပ်စိပ်/မိုးကြီး
တိမ်အသင့်အတင့်ဖြစ်ထွန်း
သာယာ

# တီးတိန်မြို့နှင့်ဖလမ်းမြို့တို့တွင် ဌာနဆိုင်ရာရုံးများပျက်စီးမှုအခြေအနေ အသေးစိတ်စိစစ်မှုအား ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ကြည့်ရှုစစ်ဆေး

ဟားခါး ဇွန် ၄

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် တီးတိန်မြို့ပေါ်၌ အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးခဲ့သည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်းများရှိအဆောက်အအုံများနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနရုံးများ၏ ပျက်စီးမှုအခြေအနေကို တီးတိန်မြို့နယ်လမ်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာဦးဆောင်သောအဖွဲ့က အသေးစိတ်တိုင်းတာစိစစ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အလားတူ ချင်းပြည်နယ်လမ်းဦးစီးဌာနနှင့် အဆောက်အဦအထူးအဖွဲ့တို့မှလက်ထောက်အင်ဂျင်နီယာ ဦးဆောင်သောအဖွဲ့သည် ဖလမ်းမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းရှိကျောင်းဆောင်များပျက်စီးနေမှုအခြေအနေအား အသေးစိတ်တိုင်းတာစိစစ်ခဲ့ကြောင်းသိရသည်။ **( ခရိုင်ပြန်/ဆက် )**



# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၄**

တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၈ ဦး တက်ရောက်သဖြင့် ၉၉ ဒသမ ၆၄ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏အတည်ပြုချက် ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကဦးအောင်လင်းဒွေးက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် မိမိတို့ဥပဒေပြုလွှတ်တော်အနေဖြင့်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အုပ်ချုပ်ရေးမဏ္ဍိုင်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးလုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာဝန်ကြီးဌာနအရေအတွက်နှင့် အမည်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် သဘောတူညီချက်ရယူပေးခြင်းများ၊ တရားစီရင်ရေးမဏ္ဍိုင်ဆိုင်ရာ ပြည်ထောင်စုတရားသူကြီးချုပ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များခန့်အပ်တာဝန်ပေးနိုင်ရေး လွှတ်တော်၏ သဘောတူညီချက်များကို ရယူပေးနိုင်ခဲ့ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များကိုလည်း လွှတ်တော်၏သဘောတူညီချက်ရယူပေးနိုင်ခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဆက်လက်လျှောက်လှမ်းမည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေးမှစတင်ပြီး ဥပဒေပြုရေးအာဏာကို အကောင်အထည်ဖော် ဆောင်ရွက်မည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်




တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပစဉ်။

ပြည်သူများ၏ အသံကို ကိုယ်စားပြုသော၊ ပြည်သူများ၏ အခြေခံအခွင့်အရေးနှင့် တရားမျှတမှုကို ကာကွယ်ပေးသောဥပဒေများရေးဆွဲပြဋ္ဌာန်းခြင်း၊ မိမိတို့နိုင်ငံ ခေတ်စနစ်နှင့် ကိုက်ညီမှုရှိစေမည့် ဥပဒေအသစ်များ ပြဋ္ဌာန်းပေးခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်းများ ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် နှစ်စဉ်နိုင်ငံတော်၏ ဘတ်ဂျက်၊ အမျိုးသားစီမံကိန်းနှင့် အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခြင်း၊ စိစစ်ခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့်လည်း မိမိတို့လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြသည့်အခါ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပါ တာဝန်၊ လုပ်ပိုင်ခွင့်၊ ကျင့်ဝတ်နှင့် စည်းကမ်းသတ်မှတ်ချက်များအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ရန်မှာကြားလိုကြောင်း၊ ဥပဒေပြုရေးမဏ္ဍိုင်၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်မှာ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏စည်းကမ်းစနစ်ကျနမှု၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာမှုနှင့် အရည်အသွေးမြင့်မားမှုများအပေါ်တွင် မှီတည်နေကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်တိုင်းသည် နိုင်ငံတော်၏အကျိုးစီးပွားနှင့် ပြည်သူများ၏ အကျိုးစီးပွားကို အမှန်တကယ်အကျိုးပြုစေမည့် ဆောင်ရွက်ချက်များဖြစ်ရန်လိုကြောင်း၊ နိုင်ငံအတွင်းရှိ နိုင်ငံသူ နိုင်ငံသားများ၏ လိုအပ်ချက်များ၊ မျှော်မှန်းချက်များကိုသိရှိအောင်ဆောင်ရွက်ပြီး ဥပဒေပြုရေးအခန်းကဏ္ဍမှတစ်ဆင့် ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏လူမှုစီးပွားဘဝမြှင့်တင်ရေးတို့အတွက် **ချမှတ်ထားသည့် အဓိကမူဝါဒလမ်းစဉ်များ**အတိုင်း အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေသည်ကိုအားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူလူထု၏ အရေးတကြီးလိုအပ်ချက်များကို အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာဖြည့်ဆည်းပေးနိုင်ရေး ပြည်သူ့အတွက် **"ပထမရက် ၁၀၀ စီမံချက်"** ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်က ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များနှင့် လုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များ၏ အပြန်အလှန်ထိန်းကျောင်းတည့်မတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများသည် အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်နေကြောင်း၊ မိမိတို့ မဲဆန္ဒနယ်မြေများအလိုက် စီမံချက်ပါလုပ်ငန်းစဉ်များ မြေပြင်တွင် ထိရောက်မှုရှိ၊ မရှိ ပြည်သူလူထုထံသို့ အကျိုးကျေးဇူးများ တိုက်ရိုက်သက်ရောက်မှုရှိ၊ မရှိကို မျက်ခြည်မပြတ်လေ့လာစောင့်ကြည့်ပြီး အုပ်ချုပ်ရေးမဏ္ဍိုင်၏ ကောင်းမွန်သည့်ခြေလှမ်းများကို ပိုမိုတွန်းအားပေးကူညီကြရန်နှင့် လိုအပ်သည်များကိုလည်း လွှတ်တော်ယန္တရားမှတစ်ဆင့် အပြုသဘောဆောင်လျက် ပူးပေါင်းဖြည့်ဆည်းပံ့ပိုးပေးကြရန် တိုက်တွန်းလိုကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ထပ်လောင်းပြောကြားလိုကြောင်း၊ မိမိတို့ကို ရွေးကောက်တင်မြှောက်လိုက်သည့်ပြည်သူလူထု၏ အကျိုးစီးပွားနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကိုရှေးရှုပြီး လွှတ်တော်သို့ တင်သွင်းလာသည့် ဥပဒေကြမ်းများကို စိစစ်ဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆွေးနွေးကြရာတွင် အချက်သုံးချက်နှင့် အလေးထားစဉ်းစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

**ပထမအချက်**အနေဖြင့် ပြည်သူ့ဗဟိုပြုစဉ်းစားတွေးခေါ်ခြင်းဖြစ်ကြောင်း ၊ မိမိတို့ ဆွေးနွေးမည့် ဥပဒေကိစ္စရပ်တိုင်းသည် ပြည်သူလူထု၏ တစ်နေ့တာ လူမှုစီးပွားဘဝများအပေါ် မည်သို့သက်ရောက်မှုရှိမည်ကို အစဉ်အမြဲရှေ့တန်းတင် စဉ်းစားကြရမည်ဖြစ်ကြောင်း။

**ဒုတိယအချက်**အနေဖြင့် မျှတစွာ ထိန်းကျောင်းတည့်မတ်ခြင်းဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေဘောင်အတွင်းက ထိရောက်စွာစိစစ်တည့်မတ်ပေးပြီး ပြည်သူ့ဘဏ္ဍာလေလွင့်ဆုံးရှုံးမှုမရှိစေရေးဘက်လိုက်မှုကင်းစွာဖြင့် ဝေဖန်အကြံပြုကြရန်ဖြစ်ကြောင်း။

**တတိယအချက်**အနေဖြင့် စည်းလုံးညီညွတ်မှုကိုရှေးရှုခြင်းဆိုသည့် မတူကွဲပြားသောအမြင်များကို အပြန်အလှန်လေးစားမှုဖြင့် အပြုသဘောဆောင်ဆွေးနွေးပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော ဆုံးဖြတ်ချက်များကို ညီညီညွတ်ညွတ်ချမှတ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်အစိုးရကဖော်ဆောင်နေသည့်ပြုပြင်ပြောင်းလဲမှုများကို အောင်မြင်ရန်အတွက် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့မဲဆန္ဒနယ်မြေအသီးသီးက ပြည်သူလူထုနှင့် အစိုးရဌာနများအကြား ခိုင်မာသည့် **"ပေါင်းကူးတံတားတစ်စင်း"** သဖွယ် ကူညီချိတ်ဆက်ပေးကြရန်လိုအပ်ကြောင်း၊ မြေပြင်တွင် အမှန်တကယ်လိုအပ်နေသည့် ပြည်သူများ၏ လိုအပ်ချက်၊ အခက်အခဲများနှင့် သဘောထားအမြင်များကို စနစ်တကျပြုစုဆန်းစစ်ပြီး လွှတ်တော်၏ယန္တရားများဖြစ်သည့် သက်ဆိုင်ရာကော်မတီ၊ ကော်မရှင်များမှတစ်ဆင့် နိုင်ငံတော်အဆင့် မူဝါဒရေးရာများတွင် ထိရောက်စွာအကျိုးပြုနိုင်အောင် တင်ပြဆွေးနွေးပေးစေလိုကြောင်း။

မိမိတို့ဆွေးနွေးမည့် ကိစ္စရပ်တိုင်းအတွက်လိုအပ်သည့်သတင်းအချက်အလက်များကို ကြိုတင်လေ့လာဆန်းစစ်ပြီး နိုင်ငံတကာဖြစ်ပေါ် တိုးတက်မှုများနှင့် နှိုင်းယှဉ်မြော်တွေးလျက် အနာဂတ်နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားကို ရှေးရှုနိုင်မည့် ခေတ်မီဆန်းသစ်သည့်ဥပဒေပြုရေးဆိုင်ရာ အကြံဉာဏ်များကို ဖော်ထုတ်ပေးကြလိမ့်မည်ဟု အပြည့်အဝမျှော်လင့်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သည့် ဥပဒေပြုလွှတ်တော်၊ အုပ်ချုပ်ရေးအစိုးရအဖွဲ့နှင့် တရားစီရင်ရေးတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ခွဲဝေအပ်နှင်းထားသည့်အာဏာများဖြင့် ရည်မှန်းချက်တာဝန်ကို လွတ်လပ်စွာဖော်ဆောင်ရန်ဖြစ်ကြောင်း၊ ထို့ပြင် ဒီမိုကရေစီကျင့်သုံးမှုပုံစံတည့်မတ်မှန်ကန်စေရေးအတွက် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းမှုပြုပြင်ရန်ဖြစ်ကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် ဝင်ရောက်စွက်ဖက်လိုသော၊ လွှမ်းမိုးလိုသော ပွတ်တိုက်မှုပုံစံ မဖြစ်ပေါ်စေရန် သတိပြုရှောင်ကြဉ်ရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုကျင်းပမည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်ကြရမည့်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ၊ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံသမ္မတ မစ္စတာ အဇစ် အလီ ဇာဒါရီ၊ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၊ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသမ္မတ H.E. Dr. Masoud PEZESHKIAN၊ ကာဇက်စတန် သမ္မတနိုင်ငံသမ္မတ မစ္စတာ ကာစင်ဂျိုမတ်တိုခါယက်ဗ်၊ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ H.E.Taye Atske-Selassie၊ အယ်လ်ဂျီးရီးယားနိုင်ငံသမ္မတ H.E. Mr.Abdelmadjid Tebboune၊ နီပေါနိုင်ငံသမ္မတ မစ္စတာ ရမ်ချန်ဒရာပေါ်ဒဲလ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထောင်လွန်းဆီဆုလစ်၊ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာ နာလ်ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် Anutin Charnvirakul၊ နီကာရာဂွာသမ္မတနိုင်ငံပူးတွဲသမ္မတနှင့်ဇနီး မစ္စတာ ဒန်နီရယ် အော်တီဂါ ဆာဗေဒရာနှင့် မစ္စစ် ရိုဆာရီယိုမူရီလို၊ ဘူတန်ဘုရင့်နိုင်ငံဝန်ကြီးချုပ် ဒါရှိုရှားရင်းတော့ဘ်ဂေး၊ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာ ဆီနာပါတိုင်း တဲ့ချိုဟွန်ဆင်၊ နီကာရာဂွာသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဂူစတာဗိုပေါရပ်စ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ sihasak Phuangketkeow၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ ဆာဂေးရှွိုင်းဂူ၊ တပ်မတော်ဦးစီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(၁) ဗိုလ်ချုပ်ကြီး ဂါရာစီမော့ဗ်၊ ဘုရားတီးရား ပြည်နယ်အကြီးအကဲနှင့် **စာမျက်နှာ ၈ သို့** ▼

▼ စာမျက်နှာ ၇ မှအဆက်

အစိုးရအဖွဲ့ဥက္ကဋ္ဌ မစ္စတာ အလက်စီ ဆမ်ဘူ ယဲဗစ် စီဂျယ်နေဘ့်၊ ကာလ် မီးကီယာ ပြည်နယ်အကြီးအကဲ မစ္စတာ ဘာတူခါစီကော့စ်၊ တာတာစတန်ပြည်နယ်အကြီးအကဲ မစ္စတာ ရုစတမ် မီနီခါနော့ဗ်၊ သမ္မတ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ အန်တွန်ကို ဗျာကော့ဗ်၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တာရာ့နီကော့ဗ် အန်ဒရေ အလက်ဇန် ဒရိုဗစ်ချ်၊ စိန့်ပီတာစဘတ်အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန်းဒါးဘယ်ဂ်လော့နှင့် စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ မစ္စတာ ရယ်ဂန်းနီ ဂရီဂေါရက်ဖ် တို့က နိုင်ငံတော်သမ္မတထံသို့ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်သည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဒေါက်တာခိုင်ခိုင်ဆုက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ၏ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံသည် ဒီမိုကရေစီထွန်းကားသော ကမ္ဘာ့နိုင်ငံကြီးများထဲမှ တစ်နိုင်ငံဖြစ်သည့်အပြင် မြန်မာနိုင်ငံနှင့် နယ်မြေချင်းထိစပ်လျက်ရှိသော ယဉ်ကျေးမှု၊ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့ ကူးလူးယှက်နွယ်နေသော အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါကြောင်း၊ ထိုခရီးစဉ်သည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးအခွန့်ရှည်ရန်အတွက်များစွာသောအကျိုးကျေးဇူးများဖြစ်ထွန်းမည်ဟု ယုံကြည်ပါကြောင်းနှင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်အတွက် လှိုက်လှဲဝမ်းမြောက်စွာဂုဏ်ပြုပါကြောင်းနှင့် နှစ်နိုင်ငံချစ်ကြည်ရေးအခွန့်ရှည်တည်တံ့ခိုင်မြဲပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ ထို့နည်းတူ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ပိုမိုခိုင်မာသော စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များကို ပိုမိုခိုင်မာအောင်ဆောင်ရွက်နိုင်ပါစေဟုဆန္ဒပြုပါကြောင်း အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ အိန္ဒိယသမ္မတနိုင်ငံ တရားဝင်ခရီးစဉ်အား ဂုဏ်ပြုဝမ်းမြောက်လှိုက်လှဲစွာ ကြိုဆိုပါကြောင်း အဆိုကိုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သော ဦးဝင်းဇော်မိုးက ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ပြည်ထောင်စုအတိုင်ပင်ခံကောင်စီတွင် ကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၊ အတွင်းရေးမှူး ဦးမောင်မောင်အေးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့်အဖွဲ့ဝင်များနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် ကောင်စီဝင်များတို့အား ခန့်အပ်တာဝန်ပေးအပ်ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်ကြောင်းကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများတွင် ဒုတိယဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးတို့အား ခန့်အပ်တာဝန်ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ် ဒေါ်ခိုင်ခိုင်အောင်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များအား ခန့်အပ်တာဝန်ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်(၁/၂၀၂၆) အရေးပေါ်အခြေအနေကြေညာခြင်းနှင့် အမိန့်အမှတ်(၂/၂၀၂၆) စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်း အဆိုနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ယခုအခါဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ပြီး ရွေးကောက်ပွဲများကျင်းပ၍ ဒီမိုကရေစီနည်းလမ်းကျ ရွေးကောက်တင်မြှောက်သော လွှတ်တော်အသီးသီးနှင့် အစိုးရတစ်ရပ်ပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ သို့သော်လည်း အချို့သောအရပ်ဒေသများတွင် တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းမှုရရှိရေး၊ အကြမ်းဖက်သောင်းကျန်းမှုများ ချုပ်ငြိမ်းရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိကြောင်း။

ထို့ကြောင့် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၂ ပုဒ်မခွဲ(က) အရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်(၁/၂၀၂၆)ကို ထုတ်ပြန်၍ စုစုပေါင်း မြို့နယ် ၆၀ ကို ၂၀၂၆ ခုနှစ် ဧပြီလ ၂၃ ရက်မှစ၍ ရက်ပေါင်း ၉၀ အထိ အတည်ဖြစ်သည့် အရေးပေါ်အခြေအနေ ကြေညာခဲ့ပါကြောင်း။

တစ်ဆက်တည်းမှာပင်နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ ရက်ပေါင်း ၉၀ အထိအတည်ဖြစ်သည့် စစ်အုပ်ချုပ်ရေးအမိန့်ကို ၂၀၂၆ ခုနှစ် ဧပြီလ ၂၃ ရက်တွင် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်(၂/၂၀၂၆) ဖြင့်ထုတ်ပြန်ခဲ့ပြီး ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်(၁/၂၀၂၆)ဖြင့် အရေးပေါ်အခြေအနေကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ထိုမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတာဝန်များကို ဆောင်ရွက်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အာဏာအပ်နှင်းခဲ့ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၂ ပုဒ်မခွဲ(ခ)တွင် နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကို ရုပ်သိမ်းခြင်းမရှိလျှင် ယင်းအမိန့်ထုတ်ပြန်သည့်နေ့ရက်မှရက်ပေါင်း ၆၀ အတွင်းကျင်းပသော အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်(၁/၂၀၂၆) နှင့်အမိန့်အမှတ်(၂/၂၀၂၆)တို့ကိုပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန်နှင့် အဆိုပါဥပဒေကဲ့သို့ အာဏာတည်သောအမိန့် အတည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည့်ရက်ပေါင်း ၉၀ ကိုလည်း ခွင့်ပြုပေးနိုင်ပါရန် နိုင်ငံတော်သမ္မတ၏ ကိုယ်စား အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD (500 ppm) အပေါ်ကျသင့်သည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ယခုကာလတွင် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် အခြားဒေသတွင်းနိုင်ငံများနည်းတူ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး ထိန်းညှိဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကုန်စည်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်၊ ယန္တရားများနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် အများဆုံးအသုံးပြုသည့် ဒီဇယ်ဆီ HSD(500 ppm) အပေါ် ကောက်ခံခဲ့အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ကင်းလွတ်ခွင့်ပြုနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ဒီဇယ်ဆီသည် နိုင်ငံတော်အတွင်း ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကကျသည့် စွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်သည့်အတွက် ဒီဇယ်ဆီ HSD(500 ppm) အပေါ် အခွန်ကင်းလွတ်ခွင့်ပြုခြင်းအားဖြင့် ပြည်သူလူထုအတွက် အခြေခံစားသောက်ကုန်နှင့် ကုန်စည်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေသည့် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံတော်အနေဖြင့် ဒီဇယ်ဆီ HSD(500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုခြင်းကြောင့် လျော့နည်းသွားမည့်အခွန်ငွေများကိုလည်း ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် **အခွန်နှုန်းထားများ တိုးမြှင့်ခြင်းမပြုဘဲ အခွန်အခြေချဲ့ထွင်ခြင်းဖြင့် ရသင့်ရထိုက်သည့် အခွန်များကို ပိုမိုကောက်ခံရရှိအောင်**ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒီဇယ်ဆီ HSD (500ppm) အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၆) ၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် တင်ပြရခြင်းဖြစ်ပါကြောင်း အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ဒီဇယ်ဆီ HSD (500 ppm) အပေါ် ကျသင့်သည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ရုံးထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက်တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို ဇွန်လ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ပြည်နယ်အဆင့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်(ကချင်ပြည်နယ်တာဝန်ခံ) ဦးခင်ဇော် တွေ့ဆုံ



မြစ်ကြီးနား ဇွန် ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်(ကချင်ပြည်နယ်တာဝန်ခံ)ဦးခင်ဇော်သည် ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အဆင့်မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့ဝင်များနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ပြည်နယ်(MEVM)ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ကချင်ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်နိုင်က လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ရွေးကောက်ပွဲအရာရှိက ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် ပြည်နယ်အဆင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့ဝင်ဌာနဆိုင်ရာတာဝန်ရှိသူများက မဲပေးစက်များဖွင့်ဖောက်စစ်ဆေးခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်တာဝန်ခံက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရေဘေးအန္တရာယ်နှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ရေဘေးအန္တရာယ်နှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၄

ရေဘေးအန္တရာယ်နှင့်ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ နယ်မြေမီးသတ်ရေကင်းကြည့်စခန်း၌ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော ရေပြင်ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများအား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ရေပြင်ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ရေးစက်လှေဖြင့် ကယ်ဆယ်ရေးသရုပ်ပြသခြင်း၊ LifeBouy အသုံးပြု၍ ကယ်ဆယ်ရေးသရုပ်ပြသခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးစက်လှေများဖြင့် ချီတက်သရုပ်ပြသခြင်းတို့နှင့် ဇာတ်တိုက်သရုပ်ပြလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအား အသက်ကယ်အင်္ကျီ (Life Jacket)များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အခြေခံပညာကျောင်းများ၌ ကျောင်းသန့်ရှင်းရေးနှင့်မုန့်ဈေးဆိုင်များ စစ်ဆေးခြင်းဆောင်ရွက်

ကျောက်ဆည် ဇွန် ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ တက်ရောက်ပညာသင်ယူနေကြသည့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေပျော်၍ ပညာတော်ပြီး ကျန်းမာသန်စွမ်းစေရန်အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများသို့ အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်းနှင့် ကျောင်းမုန့်ဈေးဆိုင်များစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းများထိရောက်အောင်မြင်ရေး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမင်းထက်စိုးနှင့် ကျောင်းကျန်းမာရေးအဖွဲ့မှ ကျန်းမာရေးဝန်ထမ်းများ၊ MCH မှ သားဖွားဆရာမများနှင့် တာဝန်ရှိသူများက အဖွဲ့နှစ်ဖွဲ့ခွဲကာ ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းသို့ကွင်းဆင်း၍ အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်းနှင့် ကျောင်းမုန့်ဈေးဆိုင်များ စစ်ဆေးခြင်းများဆောင်ရွက်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# ကန့်ဘလူမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ရောင်စုံပန်းချီပြိုင်ပွဲကျင်းပ



ကန့်ဘလူ ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ကန့်ဘလူ)၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိအမြင်များ တိုးတက်ပြန့်ပွားစေရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ် ဇွန်လ ၅ ရက်တွင်ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ရောင်စုံပန်းချီပြိုင်ပွဲကို ဇွန်လ ၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါပန်းချီပြိုင်ပွဲတွင် ကျောင်းပေါင်းစုံမှ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အလယ်တန်းဆင့်ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၃၅ ဦး၊ မူလတန်းဆင့်ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၅၁ ဦးတို့ယှဉ်ပြိုင်နေမှုကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဦးညီညီစိုးနှင့်ဝန်ထမ်းများ၊ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာအေးနှင့် ဆရာ၊ ဆရာမများက ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ရပြီး ဆုရရှိသူများအား ဇွန်လ ၅ ရက်တွင် ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနရုံး၌ ဆုများပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

## ထိန်းသိမ်းစို့အစဉ် သဘာဝပတ်ဝန်းကျင်

❖ နေရှိန်ပြင်းထန်
အပူဒဏ်လွန်ပါဘိ။
ညချမ်းမှာ အပူဓာတ်
ကူးဟပ်ပြန်၏။

❖ ရေကြီး ရေလျှံ
တာတမံ ဆည်တွေကျိုး။
မစဲအောင် ရွာသွန်းမှု
ပြုချက်ကဆိုး။

❖ ရေရှား၍ မိုးခေါင်
တိမ်တောင်တွေ မျှော်ငေး။
တိမ်မျှင်တောင် တစ်စွန်းတစ်စ
တွေ့ရဖို့ဝေး။

❖ လျှောင်လှုပ်ကာ
ထိခိုက်ကာသေကျေပြီး။
လမ်းတံတားအဆောက်အအုံမနည်း
ပြိုလဲပျက်စီး။

❖ လေပြင်းနဲ့ မုန်တိုင်းတွေ
မွှေနေသည့် ဒုက္ခများ။
ကြားရသူ ရင်မချိ
ကြုံသည့်သူ သောကမီး
ဖိစီးကြီးမား။

❖ သဘာဝတရားဖောက်ပြန်
ကြောက်ရန်ပဲ သိနေသမျှ။
ထပ်တလဲလဲ ဖောက်ပြန်အားတွေ
ကြုံပြောနိုင်စွ။

❖ "သဘာဝဘေးအထွေထွေ
ကင်းဝေးစေ ရေရှည်တွေး"။
"သဘာဝပတ်ဝန်းကျင်
စိမ်းစိုလွင်သာယာရေး"။
တို့တစ်တွေ မနားတမ်း
ကြိုးပမ်းစို့လေး။ ။

မနော်သစ်(ပခုက္ကူ)

# သုတစုံလင် ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲမှ ပထမဆုရရှိသည့် မအိမ့်ချစ်သူ၏ ဝမ်းသာပီတိရင်ဖွင့်စကားသံများ

နိုင်ငံတစ်ဝန်း၌ ယဉ်ကျေးလိမ္မာသင်တန်းနှင့် ဓမ္မစကူးများမှ မြတ်ဗုဒ္ဓ၏ဖြစ်စဉ်သမိုင်းနှင့် ၅၅၀ နိပါတ်တော်များအားသိရှိနားလည်စေရန် ဆရာတော်သံဃာတော်များက နွေရာသီသင်တန်းများဖွင့်လှစ်၍ သင်ကြားပေးလျက်ရှိပါသည်။

လူငယ်၊ လူရွယ်များအား ဗုဒ္ဓဘာသာဝင်များဖြစ်သည်နှင့်အညီ မြတ်ဗုဒ္ဓ၏ တရားဓမ္မများ၊ အလယ်အလတ်လမ်းစဉ်၊ ဝိပဿနာတရား၊ မေတ္တာဓာတ်ကြီးမားမှုနှင့် မိမိကိုယ်တိုင်တည်ဆောက်ကျင့်ကြံမှသာ သံသရာမှလွတ်မြောက်နိုင်မည့် အခြေခံတရားများနှင့် ဗုဒ္ဓသမိုင်းကြောင်းကိုသိရှိနားလည်စေရန် ဗုဒ္ဓဝင်ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိရာ ယခုနှစ်တွင် နိုင်ငံတစ်ဝန်းမှ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ၌ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ဦးပီသစွာ ခက်ခဲသည့်မေးခွန်းများကို အခက်အခဲမရှိ အောင်မြင်စွာဖြေဆိုနိုင်မှုဖြင့် ပထမဆုရရှိခဲ့သည့် မအိမ့်ချစ်သူ၏ ဝမ်းသာပီတိရင်တွင်းစကားသံများကိုဖော်ပြလိုက်ပါသည် –

**မအိမ့်ချစ်သူ (Grade – 9)**

သမီးက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက်မှာ နေထိုင်ပြီး ဖေဖေ၊ မေမေ၊ အစ်ကိုနဲ့ ညီမလေးအပါအဝင် မိသားစုငါးဦးရှိပါတယ်။ ကျောင်းမှာ G – 6 မှာ ပညာရည်ချွန်ဆု၊ G –8 မှာ စာစီစာကုံးဆု၊ ကိုယ်တိုင်ရေးဖွဲ့ခဲ့တဲ့ ကဗျာထူးချွန်ဆုတွေကို မြို့နယ်နဲ့ ပြည်နယ်အဆင့်ထိ ဆုများရရှိခဲ့ဖူးပါတယ်။ မူလတန်းကို အလက(၁၂)၊ အလယ်တန်းအဆင့်ကို အထက(၁၀) တို့မှာ တက်ခဲ့ပါတယ်။ ကျောင်းစာကြည့်တိုက်မှာလည်း စာမပြတ်ဖတ်ပါတယ်။

သမီး ယဉ်ကျေးလိမ္မာသင်တန်း၊ ဓမ္မစကူးသင်တန်းတွေမှာ ထူးချွန်တဲ့အတွက် ဘုန်းဘုန်းက သုတစုံလင် ဗုဒ္ဓဝင်ပူဇော်ပွဲမှာဖြေဆိုဖို့ တိုက်တွန်းမှုနဲ့အတူ သမီးကိုယ်တိုင်လည်း ဗုဒ္ဓရဲ့ ဓမ္မကို လေးလေးနက်နက် သိမြင်ခံယူလိုတဲ့အတွက် ဝင်ရောက်ဖြေဆိုဖို့ နွေရာသီကျောင်းပိတ်ရက်မှာ လေ့လာကျက်မှတ်ခဲ့ပါတယ်။ အဓိကပြဋ္ဌာန်းထားတဲ့ မင်းကွန်းဆရာတော်ကြီး စီရင်ပြုစုခဲ့တဲ့ မဟာဗုဒ္ဓဝင်အတွဲခြောက်တွဲ၊ ရှစ်အုပ်ကို အရင်လေ့လာပြီး အဲ့ဒီမှာ အခြေခံယဉ်ကျေးမှု၊ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်သမိုင်း၊ ဓမ္မပဒနဲ့ ၅၅၀ ဇာတ်နိပါတ်တော်၊ အခြေခံ အနိဓမ္မ၊ အခြေခံဘာဝနာ၊ ထေရဝါဒ ဗုဒ္ဓဘာသာသာသနာ့သမိုင်း၊ တေဒဂ်ဘွဲ့ထေရီမနှင့် ဥပါသကာ၊ ဥပါသိကာမများ၊ ပါဠိအနက်အဓိပ္ပာယ်ဖွင့်ဆိုချက် စတဲ့ အခန်းရှစ်ခန်းကို ဆက်ပြီးလေ့လာရပါတယ်။

ယခုလိုဖြေဆိုနိုင်ဖို့အတွက် နွေရာသီ ၇၅ ရက်မှာ စာမပြတ်ကျက်မှတ်ခဲ့ပါတယ်။ တစ်နေကုန်စာကျက်ပြီး ညပိုင်းနဲ့ နံနက်ပိုင်းမှာ စာပြန်နွှေး၊ အဲ့ဒီလို ကျက်မှတ်ခဲ့ပါတယ်။ ဗုဒ္ဓရဲ့စာပေဖြစ်တဲ့အတွက် ကျက်မှတ်ရာမှာ စိတ်ကြည်နူးမှုလည်း ခံစားရပါတယ်။ အမှတ်တရအနေနဲ့ ပြိုင်ပွဲအတွက် သူငယ်ချင်းတွေနဲ့ ဘုရားအတူတူရှိခိုး၊ ပဋ္ဌာန်းပူဇော်၊ စာတွေဖတ်၊ အပြန်အလှန်မေးမြန်း၊ အတူတကွအိပ်ခဲ့ရတာတွေဟာ နွေးထွေးတဲ့ကြည်နူးမှုတွေပါ။

ပြိုင်ပွဲမှာ မြို့နယ်အဆင့် ဖြေဆိုမှု ၁၀၀ မှာ အကောင်းဆုံးဖြေဆိုခဲ့ပြီး ပြည်နယ်အဆင့်ကို တက်လာပါတယ်။ ပြည်နယ်အဆင့်မှာ ထူးချွန်သူ ၁၅ ဦးထဲမှာ အကောင်းဆုံးဖြေဆိုပြီး ယခုဖြေဆိုပြီးခဲ့တဲ့ ဗဟိုအဆင့်ကိုရောက်ရှိခဲ့တာဖြစ်ပါတယ်။ ယခုရရှိခဲ့တဲ့ဆုက ဒွါဒသမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ ဗဟိုအဆင့်မှာ ခက်ခဲတဲ့မေးခွန်း ၁၀ ခုကို ဖြေဆိုအောင်မြင်ခဲ့ပြီး ပထမဆုရရှိခဲ့တာဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ မိမိရဲ့ ပြည်နယ်ကိုယ်စားပြုအဖြစ် ဖြေဆိုရတဲ့အခါ ရင်ထဲမှာ ဝမ်းသာပီတိဖြစ်ရပြီး အဲ့ဒီအထဲမှာ မြတ်ဗုဒ္ဓရဲ့ ဓမ္မစာပေနဲ့ ပူဇော်ဖြေဆိုခွင့်ရတဲ့အပေါ် အတိုင်းမသိဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ဖြေဆိုရာမှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့အတိုင်း အဆင့်ဆင့်ဖြေဆိုရာမှာ တစ်ဆင့်နဲ့ တစ်ဆင့် ပိုပြီးမြင့်လာတယ်၊ ခက်ခဲလာပါတယ်။ ဆရာသမားများရဲ့ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့မှုကြောင့် အောင်မြင်ခဲ့တာပါ။ မိဘနှစ်ပါးရဲ့ ခွန်အားဖြည့်အားပေးပံ့ပိုးမှုနဲ့ သူငယ်ချင်းတွေရဲ့ အားပေးစကားတွေကြောင့်စိတ်ဓာတ်တွေ အလွန်တက်ခဲ့ပါတယ်။ ကျန်းမာရေးအတွက်လည်း ဆရာတော်က ပံ့ပိုးပေးပါတယ်။ စာတွေကျက်မှတ်ရတာများလာရင် ခဏနားပြီး ဘုရားရှိခိုး၊ ပုတီးစိပ်ပြီး ပြန်ကျက်ရင် ခဏလေးနဲ့ ပြန်ပြီးမှတ်မိစေခဲ့ပါတယ်။



သမီးပထမဆုရရှိဖို့ မေးခွန်းတွေထဲမှာ ဒီပင်္ကရာမြတ်စွာဘုရားကနေ သောဘိတမြတ်စွာဘုရားရှင်အထိ ဘုရားဘယ်နှဆူရှိပါသလဲလို့ မေးတဲ့မေးခွန်းထဲမှာ အချိန်ယူစဉ်းစားရပြီး နှစ်ကျိပ်ရှစ်ဆူဘုရားရှင်များကို သတိရပြီးတော့ ဖြေဆိုရာမှာ မှန်ပါတယ်လို့ ကြားလိုက်ရချိန်မှာ ရင်ထဲတလှပ်လှပ်နဲ့ ဝမ်းသာမဆုံးဖြစ်ခဲ့ရပါတယ်။ အထူးသဖြင့် သုတစုံလင် ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲကို ဦးစီးကျင်းပပေးတဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၊ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တွေ၊ စာပေကိုသင်ကြားပေးခဲ့တဲ့ ဘုန်းဘုန်းနဲ့ဆရာလေး၊ သမီးကို စိတ်ဓာတ်ခွန်အားဖြစ်စေမယ့်စကားတွေ အမြဲမပြတ်ပြောပေးခဲ့တဲ့ မိဘနှစ်ပါးနဲ့ တစ်ဦးတစ်ယောက်ချင်းစီတိုင်းကို ဒီနေရာကနေ လက်စုံယှက်မိုးပြီး ဦးခိုက်ကန်တော့ပါတယ်။

ဗုဒ္ဓဘာသာဝင် လူငယ်တွေအနေနဲ့ မိရိုးဖလာဗုဒ္ဓဘာသာဖြစ်ရတာထက် မိမိကိုယ်တိုင် ဗုဒ္ဓဘာသာကို နားလည်ခံယူပြီး ဗုဒ္ဓဆုံးမခဲ့တဲ့ တရားတော်များကို ထဲထဲဝင်ဝင်လေ့လာ၊ မိမိဘာသာကို လေးစားတန်ဖိုးထား ချစ်မြတ်နိုးမှုနဲ့အတူ အမျိုးဘာသာသာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်တဲ့သူတွေ ဖြစ်စေလိုပါတယ်။ ဗုဒ္ဓအရိပ်ထက် အေးမြတဲ့အရိပ် ဘယ်နေရာမှမရှိပါဘူး။ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ဦးချင်းစီတိုင်း ဘာသာသာသနာကို ချစ်မြတ်နိုးအလေးထားတန်ဖိုးထားမှုနဲ့ နိုင်ငံရဲ့ဂုဏ်ကို တစ်ထောင့်တစ်နေရာကနေ မြှင့်တင်နိုင်ပါစေလို့ ဆုတောင်းပါတယ်။

**သစ္စာ(သတင်းစဉ်)၊ ဓာတ်ပုံ – MZNNS**

## မူးယစ်ဆေးဖြတ် သင်တန်းသားများအား စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေး

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှ ရက် ၁၀၀ စီမံချက်ဖြင့်စီစဉ်ကျင်းပသော မူးယစ်ဆေးဖြတ်သင်တန်းသားများအား စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က အဆိုပါအသင်းရုံး မေတ္တာစံအိမ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က အသိပညာပေးဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာရေးဆရာ ညီညီ(စိတ်ပညာ)က စိတ်နိုင်လျှင် ဆေးပြတ်မည် ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဖြတ်ပြီးသူများအား စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲခြင်းများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးဟောပြောသည်။ ထို့နောက် မူးယစ်ဆေးဖြတ်သင်တန်းသားများက စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲရာတွင် လိုက်နာကျင့်ကြံနေထိုင်ရမည့်အပြုအမူများ၊ အမူအကျင့်များနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းကြရာ စာရေးဆရာ ညီညီ(စိတ်ပညာ)က ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

အဆိုပါအခမ်းအနားသို့ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှတာဝန်ရှိသူများ၊ မူးယစ်ဆေးဖြတ်သင်တန်းသားများနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြကြောင်း သိရသည်။

ထက်တံခွန်(တာမွေ)


## လှိုင်းဘွဲ့မြို့နယ်၌ ဥပဒေဆိုင်ရာသိကောင်းစရာများနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

လှိုင်းဘွဲ့ ဇွန် ၄

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်၌ ဥပဒေရေးရာ၊ တရားစီရင်ရေးဆိုင်ရာနှင့်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အသိပညာပေးဟောပြောပွဲနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့တွင် အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် လှိုင်းဘွဲ့မြို့နယ် ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး စိုင်းထွန်းထွန်းလှက မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို အသိပညာပေးဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောသော်တာလင်းသန့်က ကလေးအလုပ်သမားပပျောက်ရေး၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးတို့ကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ငွေက ဥပဒေရေးရာ၊ တရားစီရင်ရေးဆိုင်ရာနှင့်ဥပဒေဆိုင်ရာ သိကောင်းစရာများ၊ မြို့နယ်ဥပဒေအထောက်အကူပေးရေးအဖွဲ့မှ ကူညီဆောင်ရွက်ပေးနေသည့်လုပ်ငန်းများကို အသိပညာပေးဟောပြောသည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **စောဒီ(ပြန်/ဆက်)**



# “နှစ်နိုင်ငံချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူဖွံ့ဖြိုးရေးဆီသို့”

သက်လွင်(PPIB)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဇွန်လ ၂ ရက်က မွမ်ဘိုင်းမြို့ ဂျဝါဟာလာနေရူးဆိပ်ကမ်းအတွင်းလှည့်လည်ကြည့်ရှုလေ့လာစဉ်။

**ယမန်နေ့မှအဆက်**

ယခုအခါ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်၏ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံရဲ့ ခေါင်းဆောင်များဖြစ်ကြတဲ့ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်နဲ့ အိန္ဒိယနိုင်ငံသမ္မတတို့ကို တွေ့ဆုံပြီး နှစ်နိုင်ငံတွေ့ဆုံပွဲတွေကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုတွေ့ဆုံမှုတွေမှာ အဓိကအားဖြင့် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွေအပါအဝင် ကဏ္ဍပေါင်းစုံကို ဆွေးနွေးနိုင်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်များနဲ့လည်း တွေ့ဆုံဆွေးနွေးပြီး ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုလုပ်ငန်းတွေတိုးတက်အောင် ဆောင်ရွက်ဖို့ ဆွေးနွေးနိုင်ခဲ့ပါတယ်။

ဒီလို ကုန်သွယ်မှုလုပ်ငန်းတွေတိုးတက်ဖို့ လုပ်ဆောင်တဲ့အခါမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံအကြား ငွေပေးချေမှုစနစ်ဟာလည်း အင်မတန်အရေးပါတဲ့အခန်းကဏ္ဍကနေ ပါရှိပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ အိန္ဒိယနိုင်ငံနဲ့ကုန်သွယ်မှုလုပ်ငန်းတွေတိုးတက်စေဖို့ ဆောင်ရွက်တဲ့နေရာမှာ တိုက်ရိုက်ပေးချေဆောင်ရွက်နိုင်ဖို့ ရူပီး – ကျပ် ကုန်သွယ်မှုငွေပေးချေမှုစနစ် (Rupee–Kyat Trade Settlement Mechanism) ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

ကုန်သွယ်မှုလုပ်ငန်းနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေဆောင်ရွက်ရာမှာ ဘဏ်လုပ်ငန်းစနစ်ဟာလည်း အင်မတန်အရေးပါတဲ့ အခန်းကဏ္ဍကပါဝင်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတကြီးဟာ အိန္ဒိယနိုင်ငံကို တရားဝင်ခရီးစဉ်ရောက်ရှိနေစဉ်အတွင်းမှာ အိန္ဒိယနိုင်ငံ Reserve Bank of India ရဲ့ ဥက္ကဋ္ဌနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုလုပ်ငန်းတွေမှာ ငွေပေးချေမှုများ ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက် နှစ်နိုင်ငံဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမယ့်ကိစ္စရပ်တွေ၊ ကုန်သွယ်မှုလုပ်ငန်းများအတွက် ရူပီးနှင့် ကျပ်ငွေတိုက်ရိုက်ပေးချေနိုင်ရေး ဆောင်ရွက်လျက်ရှိတဲ့အခြေအနေတွေနဲ့ အခြားဘဏ်လုပ်ငန်းစနစ်တွေနဲ့ ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ခဲ့မှုတွေကြောင့် မြန်မာ–အိန္ဒိယနှစ်နိုင်ငံရဲ့ အပြန်အလှန်ကုန်သွယ်မှုတွေနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းရပ်တွေဟာ ယခင်ကထက် ပိုမို မြန်ဆန်ချောမွေ့လာမှာပဲဖြစ်ပါတယ်။

ဒီနောက်မှာတော့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ နယူးဒေလီမြို့ Palam လေတပ်စခန်းဌာနချုပ်ကနေ အထူးလေယာဉ်နဲ့ မွမ်ဘိုင်းမြို့ကို ဆက်လက်ထွက်ခွာကြတဲ့အခါမှာ အိန္ဒိယအစိုးရအဖွဲ့ဝင်ဖြစ်သူ Minister of State for External Affairs Shri Kirti Vardhan Singh နဲ့ အိန္ဒိယအစိုးရအဖွဲ့က တာဝန်ရှိသူတွေ၊ သံရုံး၊ စစ်သံရုံး မိသားစုတွေက လေဆိပ်မှာ ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါတယ်၊ နိုင်ငံတော်သမ္မတကြီး စီးနင်းလိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ မွန်းလွဲပိုင်းမှာ မွမ်ဘိုင်းမြို့ Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရောက်ရှိကြရာ မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူး Shri. Jishnu Dev Verma နဲ့ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူတွေ၊ ကောလ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်နဲ့ ဝန်ထမ်းမိသားစုတွေက လေဆိပ်မှာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။

နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဟာ ညနေပိုင်းမှာ မွမ်ဘိုင်းမြို့ရဲ့ အရှေ့ဘက်၊ နာဗာရှီဗာဒေသမှာရှိတဲ့ ဂျဝါဟာလာနေရူးဆိပ်ကမ်း(JNPA)ကို သွားရောက်လေ့လာခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌနဲ့ တာဝန်ရှိသူတွေက ဆိပ်ကမ်းအစည်းအဝေးခန်းမမှာ ဆိပ်ကမ်းဆိုင်ရာအချက်အလက်တွေနဲ့ ဆိပ်ကမ်းရဲ့စွမ်းဆောင်နိုင်မှုအခြေအနေတွေကို Power Point တွေ၊ မှတ်တမ်းဗီဒီယိုတွေနဲ့ ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြခဲ့ကြပါတယ်၊ ဒီလိုရှင်းလင်းပြသတဲ့အချိန်မှာလည်း ဆိပ်ကမ်းဥက္ကဋ္ဌနဲ့တာဝန်ရှိသူတွေက နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာနဲ့ ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့အကြား ဆိပ်ကမ်းဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ပြီး ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းတွေ ဆောင်ရွက်နိုင်မှု အခြေအနေတွေနဲ့ အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မယ့် ကိစ္စရပ်တွေ၊ ဆိပ်ကမ်းဆိုင်ရာပညာရပ်များကို မျှဝေပေးနိုင်မှုအခြေအနေတွေကို စိတ်ပါဝင်စားစွာနဲ့ ရှင်းလင်းတင်ပြခဲ့ကြပါတယ်။

ရှင်းလင်းတင်ပြမှုတွေအပေါ် နိုင်ငံတော်သမ္မတကြီးက ဆိပ်ကမ်းကိုလာရောက်လေ့လာခဲ့ရတဲ့ရည်ရွယ်ချက်တွေ၊ မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေမြှင့်တင်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဇွန်လ ၃ ရက်က မြန်မာ–အိန္ဒိယစီးပွားရေးဆွေးနွေးပွဲ (Myanmar–India Business Dialogue)တွင် အဖွင့်အမှာစကားပြောကြားစဉ်။

နိုင်ဖို့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ ဆိပ်ကမ်းတွေကို အဆင့်မြှင့်တင်နိုင်ဖို့လိုအပ်မှုတွေ၊ မြန်မာနိုင်ငံက ဆိပ်ကမ်းတွေ အဆင့်မြှင့်တင်နိုင်ဖို့အတွက် အိန္ဒိယနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ့်အခြေအနေတွေကို စိတ်ပါဝင်စားစွာနဲ့ ပြန်လည်ဆွေးနွေးပြောကြားခဲ့ပါတယ်။ အစည်းအဝေးခန်းမမှာ ရှင်းလင်းပြောကြားမှုတွေ ပြီးတဲ့အချိန်မှာတော့ နိုင်ငံတော်သမ္မတနဲ့အဖွဲ့ဝင်တွေဟာ ဂျဝါဟာလာနေရူးဆိပ်ကမ်း(JNPA)အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြပြီး နိုင်ငံတော်သမ္မတကြီးက တာဝန်ရှိသူတွေရဲ့တင်ပြမှုအပေါ် သိရှိလိုတာတွေကို စိတ်ပါဝင်စားစွာနဲ့ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားခဲ့ပါတယ်။

နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ သွားရောက်လေ့လာခဲ့တဲ့ဂျဝါဟာလာနေရူးဆိပ်ကမ်း(JNPA)ဟာ အိန္ဒိယနိုင်ငံ မဟာရာရှ်ထရာပြည်နယ် မွမ်ဘိုင်းမြို့၏ အရှေ့ဘက် နာဗာရှီဗာဒေသတွင်တည်ရှိပါတယ်။ ဆိပ်ကမ်းရဲ့ကုန်သွယ်နိုင်မှုက ကမ္ဘာ့အဆင့် ၂၃ နေရာမှာရှိပြီး အိန္ဒိယနိုင်ငံရှိ အဓိကကျတဲ့ ဆိပ်ကမ်း ၁၂ ခုအနက်မှ အဆင့် ၁ ရှိတဲ့ အဆင့်မီ ဆိပ်ကမ်းကြီးတစ်ခုဖြစ်ပါတယ်။ အိန္ဒိယတစ်နိုင်ငံလုံးရဲ့ ကွန်တိန်နာသယ်ပို့မှု ၅၀ ရာခိုင်နှုန်းကို ယခုဆိပ်ကမ်းကနေ သယ်ယူပို့ဆောင်နေခြင်းဖြစ်ပါတယ်။ ယခု ဆိပ်ကမ်းကြီးဟာ အိန္ဒိယနိုင်ငံ၏ကုန်သွယ်မှုကို အကောင်အထည်ဖော်ရာမှာ အရေးကြီးတဲ့အခန်းကဏ္ဍကပါဝင်လျက်ရှိပြီး အရှေ့တောင်အာရှဒေသနဲ့ အဓိကဆက်သွယ်ဆောင်ရွက်လျက်ရှိတဲ့ ဆိပ်ကမ်းကြီးတစ်ခုဖြစ်ပါတယ်၊ ဒီလို အဆင့်မီဆိပ်ကမ်းကြီးတစ်ခုကို သွားရောက်လေ့လာခွင့်ရခဲ့ခြင်းအားဖြင့် မိမိတို့ မြန်မာနိုင်ငံအတွက် ကုန်သွယ်မှုကဏ္ဍအတွက်လိုအပ်လျက်ရှိတဲ့ ဆိပ်ကမ်းများဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုစေနိုင်မှာပဲဖြစ်ပါတယ်။

ညပိုင်းမှာတော့ နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ Maharashtra Lok Bhavan Mumbai (Governor's House) မှာ မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံတဲ့ ဂုဏ်ပြုညစာစားပွဲကို တက်ရောက်ခဲ့ကြပါတယ်။ ညစာစားပွဲမကျင်းပမီမှာ နိုင်ငံတော်သမ္မတနဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူးတို့ဟာ သီးခြားတွေ့ဆုံပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိတဲ့အခြေအနေတွေ၊ နှစ်နိုင်ငံပြည်သူတွေအကြား ကူးလူးဆက်ဆံမှုများရှိတဲ့အခြေအနေတွေနဲ့ နှစ်နိုင်ငံအကြား ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်သွားမယ့်အခြေအနေတွေကို ရင်းရင်းနှီးနှီးနဲ့ ဆွေးနွေးနိုင်ခဲ့ပါတယ်။

ဆွေးနွေးပွဲပြီးတဲ့အချိန်မှာတော့နိုင်ငံတော်သမ္မတကြီးနဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူးတို့ဟာ ဂုဏ်ပြုညစာစားပွဲနဲ့ တည်ခင်းဧည့်ခံမယ့်နေရာကို ရောက်ရှိချိန်မှာ ပြည်နယ်ဂုဏ်ပြုတီးဝိုင်းအဖွဲ့က နှစ်နိုင်ငံနိုင်ငံတော်သီချင်းတွေကို ဂုဏ်ပြုတီးမှုတ်ခဲ့ကြပါတယ်။ ဂုဏ်ပြုညစာသုံးဆောင်နေစဉ်မှာလည်း ပြည်နယ်ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံတေးသီချင်းတွေကို တီးမှုတ်ဖျော်ဖြေခဲ့ကြပါတယ်။ **စာမျက်နှာ ၁၂ သို့ ➲**

⊃ စာမျက်နှာ ၁၁ မှအဆက်

ဒီလိုနှစ်နိုင်ငံ နိုင်ငံတော်သီချင်းနဲ့ နှစ်နိုင်ငံတေးသီချင်းတွေကို ဂုဏ်ပြုတီးမှုတ်ခဲ့ကြတာကို ကြည့်ခြင်းအားဖြင့် မိမိတို့သမ္မတကြီးဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ ခရီးစဉ်အပေါ်မှာ အိန္ဒိယနိုင်ငံရဲ့ အလေးအနက်ထားမှုတွေကို ထင်ဟပ်စေပါတယ်။

နောက်တစ်နေ့မှာတော့ နိုင်ငံတော်သမ္မတဟာ မွမ်ဘိုင်းမြို့ The Taj Mahal Palace ဟိုတယ်မှာကျင်းပပြုလုပ်တဲ့ မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ (Myanmar–India Business Dialogue)ကို တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားကာ အိန္ဒိယနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနဲ့ အပြန်အလှန်ဆွေးနွေးခဲ့ပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဇွန်လ ၃ ရက်က ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

နိုင်ငံတော်သမ္မတကြီးက အဖွင့်အမှာစကားပြောကြားရာမှာ နှစ်နိုင်ငံကုန်းမြေနှင့်ရေကြောင်းနယ်နိမိတ်များ ထိစပ်နေသည့်အပြင် ယခုအချိန်သည် စီးပွားရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများမှတစ်ဆင့် နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန် အကောင်းဆုံးအချိန်လည်းဖြစ်ကြောင်း၊ ယခုခရီးစဉ်သည် အိန္ဒိယနိုင်ငံ၏အရှေ့ထိတွေ့ဆက်ဆံမှု (Act East Policy)နှင့် အိမ်နီးချင်းဦးစားပေးမူဝါဒ(Neighborhood First Policy) တို့အရ မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ တန်ဖိုးကွင်းဆက်(Supply Chain) များကိုမြှင့်တင်ပေးနိုင်မည့် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီး ဒီမိုကရေစီအရတည်ဆောက်ခဲ့သည့် အစိုးရတစ်ရပ်ပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးအရတည်ငြိမ်မှုရှိလာသည့် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက အဆွေတော်တို့အတွက် အခွင့်အလမ်းများစွာ ရှိလာမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးချိန်တွင် စီးပွားရေးနှင့် ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံသို့ ပထမဆုံးလာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့လာရောက်စဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi နှင့် အိန္ဒိယသမ္မတနိုင်ငံသမ္မတ H.E. Smt. Droupadi Murmu တို့နှင့်လည်း တွေ့ဆုံခဲ့သကဲ့သို့ နယူးဒေလီမြို့တွင်လည်း မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲကို ကျင်းပပြီး နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ကာ သဘောတူညီချက်များလည်းရရှိခဲ့ကြောင်း၊ ယခုကဲ့သို့အခြေအနေများအရ အိန္ဒိယနိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် မြန်မာနိုင်ငံနှင့် ယုံကြည်စိတ်ချစွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်ကို ပြောကြားလိုကြောင်းနှင့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများမှာ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ကိစ္စရပ်များကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဇွန်လ ၃ ရက်တွင် ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်ကြစဉ်။

**❖ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ယခုအိန္ဒိယနိုင်ငံခရီးစဉ်ဟာဆိုရင် သမ္မတတာဝန်ထမ်းဆောင်ချိန်မှာ ပထမဆုံးပြည်ပခရီးစဉ်လည်းဖြစ်၊ ခရီးစဉ်တစ်လျှောက်လုံးမှာဆိုရင်လည်း သမ္မတကြီးအနေနဲ့ အိန္ဒိယနိုင်ငံသမ္မတနဲ့ တွေ့ဆုံဆွေးနွေးခြင်း၊ ဝန်ကြီးချုပ်နဲ့တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အိန္ဒိယအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံနိုင်ခဲ့ကာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းစေနိုင်မယ့် ဆွေးနွေးချက်တွေကိုဆောင်ရွက်နိုင်ခဲ့ . . .**

အိန္ဒိယနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်များကလည်း မြန်မာနိုင်ငံသို့လာရောက်ပြီး နည်းပညာကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ဇီဝစွမ်းအင် (Bio Energy) ထုတ်လုပ်မှုလုပ်ငန်းတွင်ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်းကိရိယာများနှင့် ဓာတ်မြေဩဇာများ ထုတ်လုပ်ရေးကဏ္ဍတို့နှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေးတင်ပြကြပါတယ်။ ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတကြီးက လိုအပ်တာတွေကို ဖြည့်စွက်ဆွေးနွေးခဲ့ပါတယ်။

အဲ့ဒီနောက်မှာတော့ နိုင်ငံတော်သမ္မတကြီးနဲ့ အဖွဲ့ဝင်တွေဟာ မွမ်ဘိုင်းမြို့ရဲ့ သမိုင်းဝင်အထင်ကရနေရာဖြစ်တဲ့ Gateway of India, Mumbai သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပြီး ထိုမှတစ်ဆင့် Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတွေကိုလည်း သွားရောက်လေ့လာခဲ့ကြပါတယ်။

နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ညနေပိုင်းမှာ မွမ်ဘိုင်းမြို့ Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြတဲ့အခါ မဟာရာရှ်ထရာပြည်နယ် အစိုးရအဖွဲ့ဝန်ကြီး H.E. Sawant နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်တွေ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဦး၊ ကောလ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူတွေက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါတယ်။

နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့လိုက်ပါလာတဲ့ အထူးလေယာဉ် နေပြည်တော်လေဆိပ်သို့ မရောက်ရှိမီ လာရောက်ကြိုဆိုနေကြသည့် ပြည်သူလူထု ဧည့်ပရိသတ်အပေါင်းတို့ဟာလည်း လေဆိပ်တစ်ခွင် နေရာယူလျက်ရှိနေကြပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေနဲ့ နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ်ဦးတည်ပြီး ခရီးစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ပညာသင်ကြားမှုမြှင့်တင်ရေးဆိုင်ရာကိစ္စ၊ ခရီးသွားကဏ္ဍများတိုးမြှင့်ရေးဆိုင်ရာကိစ္စများမှာ ပြည်သူအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေပေါ်ပေါက်လာစေရေး ကြိုးပမ်းအားထုတ် ဆောင်ရွက်နိုင်ခဲ့လို့လည်း ပြည်သူလူထုက အခုလို အိမ်အပြန်ခရီးမှာ သောင်းသောင်းဖြဖြနဲ့ နွေးထွေးစွာကြိုဆိုနေကြတာဖြစ်ပါတယ်။

လေယာဉ် ဆိုက်ရောက်လာတာနဲ့ တစ်ပြိုင်တည်း အိန္ဒိယရိုးရာယဉ်ကျေးမှုအဖွဲ့တွေ၊ တိုင်းရင်းသား၊ တိုင်းရင်းသူ သားငယ်၊ သမီးငယ်လေးများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ ရိုးရာအကအလှအဖွဲ့များက အပြုံးပန်းဝေဆာစွာနဲ့ ကြိုဆိုကြပါပြီ။ အိမ်အပြန်ခရီးဟာ သာယာချောမွေ့စွာနဲ့ ကောင်းခြင်းအပေါင်းကို ဆောင်ကြဉ်းပေးနိုင်ခဲ့ပါပြီ။

နိုင်ငံတော်သမ္မတကြီးအနေနဲ့ ယခု အိန္ဒိယနိုင်ငံခရီးစဉ်ဟာဆိုရင် သမ္မတတာဝန်ထမ်းဆောင်ချိန်မှာ ပထမဆုံး ပြည်ပခရီးစဉ်လည်းဖြစ်ပါတယ်။ ခရီးစဉ်တစ်လျှောက်လုံးမှာဆိုရင်လည်း သမ္မတကြီးအနေနဲ့ အိန္ဒိယနိုင်ငံသမ္မတနဲ့တွေ့ဆုံဆွေးနွေးခြင်း၊ ဝန်ကြီးချုပ်နဲ့တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အိန္ဒိယအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်းလက်ခံတွေ့ဆုံနိုင်ခဲ့ကာနိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းစေနိုင်မယ့် ဆွေးနွေးချက်တွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ခရီးစဉ်နောက်ဆုံးနေ့ရဲ့ နေ့ရက်လေးဟာဆိုရင် ရာသီသဘာဝရဲ့ အေးချမ်းခြင်း၊ ကြိုဆိုနှုတ်ဆက်သူများရဲ့ ချစ်ကြည်နွေးထွေးခြင်း၊ ဘာသာသာသနာရဲ့ အေးချမ်းတည်ငြိမ်ခြင်းများနဲ့ နိုင်ငံတော်နဲ့ ပြည်သူလူထုတို့အတွက် ကောင်းခြင်းအပေါင်းကို ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီဖြစ်ပြီး နိုင်ငံတော်သမ္မတကြီးဦးဆောင်တဲ့ အစိုးရအဖွဲ့အနေနဲ့ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး စည်ပင်သာယာ ဝပြောပါစေကြောင်း၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူဖွံ့ဖြိုးရေးဆီသို့ ဆောင်ကြဉ်းပေးနိုင်ပါစေကြောင်း ဆုတောင်းဖော်ပြရင်း စာဖတ်သူအပေါင်းကို နှုတ်ခွန်းဆက်သလိုက်ရပါတယ်။ ။

# အဝတ်အထည်ချုပ်လုပ်မှုသင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်

နေပြည်တော် ဇွန် ၄

အဝတ်အထည်ချုပ်လုပ်မှု ကာလတိုတစ်လသင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသွင်အောင်၊ ဒေါက်တာအောင်ဇေယျတို့က Virtual ဖြင့် တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးစီးပွားရေးနှင့် ကုန်သွယ်မှုသက်မွေးပညာသင်တန်းကျောင်း(GXETVI)ကျောင်းအုပ်ကြီး မစ္စတာလော်ရှိုန်းဖန်က သင်တန်းသားများအား စံသတ်မှတ်ချက်များနှင့်အညီ လေ့ကျင့်သင်ကြားပေးခဲ့မှုနှင့် ဆက်လက်ကူညီဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆုနှင့်တတိယဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး) ကျောင်းအုပ်ကြီးက သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

မြဝတီ

# ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ဆောင်ရွက်ထုတ်ပေးမှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၄


လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မြောင်းမြမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသည့်ကျောင်းသား၊ ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေ့ချင်းပြီးဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID တို့ကို ကာယကံရှင် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းထံပေးအပ်ပြီး ခရိုင်နှင့်မြို့နယ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဝန်ကြီးဌာနအနေဖြင့် လမင်းစီမံချက်ဖြင့် အသက် ၁၈ နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူများ၊ ပျောက်ဆုံး၊ ပျက်စီးသူများအား သက်ဆိုင်ရာမြို့နယ်ရုံးများ၌လည်းကောင်း၊ အသက်၁၀နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာကျောင်းများသို့ ကွင်းဆင်း၍လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ




# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇွန် ၄

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများ အရောက်သွားရောက်၍ လူမျိုး၊ ဘာသာ မရွေးဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ ခေမာသီရိကျောင်းတိုက်၌ အခြေပြု၍ အဆိုပါမြို့ပေါ်ရှိသံဃာတော် ၃၀ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ခတ်မှန်ရိုက်ကူး၍ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၆-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၃၄၅ | ၄၅၁၅ | ၄၄၆၀ | ၄၃၆၀ | ၄၅၂၀ | ၄၅၃၀ | ၄၅၇၅ | ၄၄၃၅ | ၄၅၇၅ | ၄၈၇၀ | ၄၄၆၀ | ၄၅၅၀ | ၄၅၅၅ | ၄၅၁၀ | ၄၅၁၅ | ၄၇၃၅ |
| 95 Ron | ၄၃၈၅ | ၄၅၆၀ | ၄၅၀၅ | ၄၄၀၅ | ၄၅၆၀ | ၄၅၇၅ | ၄၆၁၅ | ၄၄၈၀ | ၄၆၁၅ | ၄၉၁၅ | ၄၅၀၀ | ၄၆၅၅ | ၄၆၀၀ | ၄၅၅၅ | ၄၅၆၀ | ၄၇၈၀ |
| HSD (500 ppm) | ၄၂၂၀ | ၄၃၈၀ | ၄၃၃၀ | ၄၂၃၅ | ၄၃၈၅ | ၄၃၉၅ | ၄၄၃၅ | ၄၃၀၅ | - | ၄၇၂၀ | ၄၃၂၅ | ၄၇၂၀ | ၄၄၂၀ | ၄၃၇၅ | ၄၃၈၅ | ၄၅၉၅ |
| HSD (50 ppm) | ၅၁၁၅ | ၅၂၉၀ | ၅၂၃၅ | ၅၁၃၀ | ၅၂၉၀ | ၅၃၀၅ | ၅၃၄၅ | ၅၂၁၀ | ၅၃၄၅ | ၅၆၄၅ | ၅၂၃၀ | ၅၃၈၅ | ၅၃၂၅ | ၅၂၈၀ | ၅၂၉၀ | ၅၅၁၀ |
| HSD (10 ppm) | ၅၁၁၅ | ၅၂၉၀ | ၅၂၃၅ | ၅၁၃၀ | ၅၂၉၀ | ၅၃၀၅ | ၅၃၄၅ | ၅၂၁၀ | | ၅၆၄၅ | ၅၂၃၀ | ၅၃၈၅ | ၅၃၂၅ | ၅၂၈၀ | ၅၂၉၀ | ၅၅၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၁၁၉ | ၄၂၃၅ |
| 95 Ron | ၄၁၆၀ | ၄၂၇၇ |
| HSD (500 ppm) | ၄၀၁၀ | ၄၁၂၀ |
| HSD (50 ppm) | ၄၈၆၇ | ၄၉၉၄ |
| HSD (10 ppm) | ၄၈၆၇ | ၄၉၉၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



နေပြည်တော် ဇွန် ၄

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည်ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိ အထင်ကရနေရာများကို သွားရောက်လေ့လာကြသည်။

ဦးစွာပြည်ထောင်စုနယ်မြေနေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဂန္ဓကုဋိတိုက်များ၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာကာ ရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပလျက်ရှိသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပနေမှုကို တက်ရောက်ကြည့်ရှုလေ့လာကြသည့်အပြင် ဧည့်ကြိုဆိုရေးအဆောင်အတွင်းရှိ မြန်မာ့ရိုးရာယဉ်ကျေးမှုအထိမ်းအမှတ် ယွန်းထည်ဆွမ်းအုပ်ကြီးနှင့် သစ်အမျိုးအစား ၆၂ မျိုး ပြသထားရှိမှုကိုလည်း လေ့လာကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အဆောက်အအုံများ၊ အစည်းအဝေးခန်းမများနှင့် လွှတ်တော်ဆိုင်ရာ အထောက်အကူပြုနေရာများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လွှတ်တော်များ၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်နှင့် လွှတ်တော်ရေးရာဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန် (နေပြည်တော်)ကို သွားရောက်ပြီး နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား အလေးပြုကာ ဗိမာန်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လေ့ခွင်းတောင်အပန်းဖြေစခန်းသို့ သွားရောက်လေ့လာကြကြောင်း သိရသည်။

**မင်းကျော်စွာ**

**ဓာတ်ပုံ-အောင်မင်းထွန်း**



# ရှေးဟောင်းဝတ္ထုပစ္စည်းအပ်နှံခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုကြေးငွေချီးမြှင့်



နေပြည်တော် ဇွန် ၄

ရှေးဟောင်းဝတ္ထုပစ္စည်းများ လာရောက်အပ်နှံခြင်းအတွက် ဂုဏ်ပြုအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားပြတိုက် (နေပြည်တော်)၌ကျင်းပရာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအေးထွန်းနှင့် ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းအပ်နှံသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးကကျေးဇူးတင်စကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် မိုးဖုံးအုပ်စု ဗဟန်းကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးဝရဉာဏအားကုန်းဘောင်ခေတ်သတ္တုစပ်ပြား ၃၂၈ ပြားကို လာရောက်အပ်နှံခဲ့ခြင်းအတွက် ဆုကြေးတွက်ချက်မှုအရ ကြေး ၂၅ ပိဿာအတွက် ကာလပေါက်ဈေး တန်ဖိုးငွေကျပ် ၃၇၅၀၀၀၀၊ ခေတ်ကာလ ဆုကြေးအဖြစ် ကာလတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့်ငွေကျပ်၁၈၇၅၀၀၀ စုစုပေါင်း ဆုကြေးငွေကျပ်၅၆၂၅၀၀၀ နှင့်ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၅၈ လမ်း၊ ၁၂၅ x ၁၂၆ လမ်းကြား(စ)ဈေးနေဦးဝင်းကိုကိုမောင်အားပျူခေတ်ငွေဒင်္ဂါး၃၃၃ပြားကိုလာရောက်အပ်နှံခဲ့ခြင်းအတွက် ဆုကြေးတွက်ချက်မှုအရ ငွေဒင်္ဂါး ၃၃၃ ပြား၏ အလေးချိန်အရ ကာလတန်ဖိုးငွေကျပ် ၁၅၆၅၅၆၄၀၊ ခေတ်ကာလဆုကြေးအဖြစ် ကာလတန်ဖိုး၏ ၈၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၁၂၅၂၄၅၁၂၊ ခေတ်လက်ရာဆုကြေးအဖြစ်ကာလတန်ဖိုး၏ ၈၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၁၂၅၂၄၅၁၂၊ ရှားပါးလက်ရာထပ်ဆောင်းဆုကြေးအဖြစ် ကာလတန်ဖိုး၏၅၀ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၇၈၂၇၈၂၀ စုစုပေါင်းဆုကြေးငွေကျပ် ၄၈၅၃၂၄၈၄ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ရွှေ ၃၁၄၄၊ ငွေ ၈၅၃၊ ကြေး ၉၄၉၊ အခြား ၂၈၆၆၉ စုစုပေါင်း ၃၃၆၁၅ ခုအား ဆုကြေးချီးမြှင့်ငွေကျပ် ၅၉၈၆၇၉၀၇၂ (ငါးထောင့်ကိုးရာရှစ်ဆယ့်ခြောက်သိန်း ခုနစ်သောင်းကိုးထောင့်ခုနစ်ဆယ့်နှစ်တိတိ) အား ရှေးဟောင်းဝတ္ထုပစ္စည်းအပ်နှံသူ ၄၅၉ ဦးထံသို့ ဆုကြေးများပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

**မြဝတီ**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းတွင် တက်ရောက်လျက်ရှိသည့် နိုင်ငံ့သားကောင်းများအား သွားရောက်တွေ့ဆုံအားပေး

နေပြည်တော် ဇွန် ၄

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)သင်တန်းမှ နိုင်ငံ့သားကောင်းသင်တန်းသားများအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားအိပ်ဆောင်များနှင့် စားရိပ်သာတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် သင်တန်းသားစားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာ သုံးဆောင်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းတွင် တက်ရောက်လျက်ရှိသည့် နိုင်ငံ့သားကောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။

★ စာမျက်နှာ ၁၇ မှအဆက်

**မေး။ သမ္မတကြီးခင်ဗျာ၊ ကျွန်တော်တို့ရဲ့ တွေ့ဆုံဆွေးနွေးမှုကို နိဂုံးချုပ်ပါတော့မယ်။ ဒီတွေ့ဆုံဆွေးနွေးမှုကိုကြည့်တဲ့ ကမ္ဘာပေါ်က ပရိသတ်တွေကိုလည်း မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ဘာပြောချင်ပါသလဲ။**

**ဖြေ။** ကျွန်တော်တို့မြန်မာနိုင်ငံ၊ ကျွန်တော်တို့နိုင်ငံက ကျွန်တော်တို့ နိုင်ငံသားတွေ မျှော်မှန်းတဲ့လမ်းကြောင်းပေါ်မှာ မှန်မှန်ကန်ကန် လျှောက်လှမ်းနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကမ္ဘာနဲ့ လက်တွဲပြီးလုပ်ဖို့လည်း အဆင်သင့်ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ပြုပြင်ပြောင်းလဲဆောင်ရွက်မှုတွေအပေါ်မှာ ကျွန်တော်တို့နိုင်ငံကို လာရောက်လေ့လာကြည့်စေလိုပါတယ်။ ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို လာပြီးကြည့်စေလိုတယ်။ ပြီးတော့မှ ကျွန်တော်တို့ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး ကျွန်တော်တို့နဲ့ပူးပေါင်းမှုတွေလုပ်တာ ပိုပြီးကောင်းမယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်လိုက်မယ်ဆိုရင် မြန်မာပြည်သူတွေရဲ့ လက်ရှိဆောင်ရွက်နေတဲ့ သူတို့ရဲ့ဘဝအခြေအနေတွေအားလုံးကို တိုးတက်အောင်လုပ်နိုင်တဲ့ အခွင့်အရေးတွေ သူတို့ရလာပါလိမ့်မယ်။ ဒါကြောင့် ကမ္ဘာကလည်း ဒီဟာကိုလာပြီးတော့ ကြည့်စေလိုတယ်။ ပူးပေါင်းဆောင်ရွက်စေလိုတယ်။ မြန်မာနိုင်ငံက တကယ်ကို မှန်မှန်ကန်ကန်နဲ့ ပြည်သူက ရွေးချယ်တဲ့ မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ ရောက်ရှိလျှောက်လှမ်းနေပြီလို့ ပြောလိုပါတယ်။

သို့သော်လည်းပဲ "စံ" ဆိုတာကတော့ မျိုးစုံရှိပါတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံက စံနှုန်းမတူဘူး။ ခင်ဗျားတို့ အိန္ဒိယနိုင်ငံရဲ့ စံနဲ့ တခြားအာရှနိုင်ငံတွေရဲ့ စံနဲ့ မတူသလိုဘဲ အနောက်နိုင်ငံက စံတွေနဲ့လည်း မတူဘူး။ ဒီမိုကရေစီမှာလည်း စံချိန်တွေ မတူလောက်ပါဘူး။ မြန်မာနိုင်ငံလည်း မြန်မာနိုင်ငံရဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကို ကျွန်တော်တို့သွားတာဖြစ်ပါတယ်။ ကျွန်တော်တို့က နိုင်ငံရေးမှာ နှစ်ခုရှိပါတယ်။ တစ်ခုကတော့ စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်ဖို့၊ နှစ်အချက်ကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်ဖို့က ကျွန်တော်တို့ရဲ့ရည်မှန်းချက်ပါ။ ဒီအတိုင်းပဲ ကျွန်တော်လုပ်နေပါတယ်။ ဒါကို ကျွန်တော်တို့ မယိမ်းမယိုင်နဲ့လုပ်သွားမယ်ဆိုတာ ကမ္ဘာကို ကျွန်တော်ပြောလိုပါတယ်။

# ရုရှားဖက်ဒရေးရှင်း ရှေ့စစ်ကွန်ဂရက်စ်ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး Mr. Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး လက်ခံတွေ့ဆုံ




နေပြည်တော် ဇွန် ၄

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ရှေ့စစ်ကွန်ဂရက်စ်ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး Mr. Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ EXPO FORUM Convention and Exhibition Centre ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဓာတ်သတ္တုတူးဖော်ရေးကဏ္ဍနှင့် အခြားကဏ္ဍများ ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ(ပထမအကြိမ်)ချီးမြှင့်ပေးအပ်

နေပြည်တော် ဇွန် ၄

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ(ပထမအကြိမ်) ချီးမြှင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ(ပထမအကြိမ်) ချီးမြှင့်ပေးအပ်ပွဲကျင်းပစဉ်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းစစ်ဌာနချုပ်ရှိ ပညာပါရမီဘော်ဒါဆောင်နှင့် အောင်စိုးမိုး(၁) စစ်မှုထမ်းဟောင်းအိမ်ရာတို့ရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ဆရာ/ဆရာမများအတွက် ကျောင်းဝတ်စုံပိတ်စအဖြူ/အစိမ်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများချီးမြှင့်ပေးအပ်စဉ်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက တက်ရောက်လာကြသည့် ဆရာ/ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

▲ ကျောဖုံးမှအဆက်

အုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏စီမံဆောင်ရွက်မှုဖြင့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ စက်သုံးဆီများအား မော်တော်ယာဉ်များဖြင့် မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ ဒုတိယအကြိမ် ထပ်မံပို့ဆောင်ပေးခဲ့ရာ မေလ ၃၁ ရက်နေ့တွင် မြစ်ကြီးနားမြို့အထိ ရောက်ရှိခဲ့ပြီးဖြစ်သည်။

အဆိုပါ မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသည့် မော်တော်ယာဉ်များနှင့်အတူ မြစ်ကြီးနားမြို့အပါအဝင် လမ်းကြောင်းတစ်လျှောက်ရှိ မြို့/ရွာများမှ မန္တလေးမြို့တွင် ပို့ဆောင်ရောင်းချမည့်ဒေသထွက်ကုန်ပစ္စည်းများ၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြမည့်ဌာနဆိုင်ရာဝန်ထမ်းများနှင့်မိသားစုဝင်များ၊ သင်တန်းတက်ရောက်ရန် သွားရောက်မည့် ဌာနဆိုင်ရာဝန်ထမ်းများလိုက်ပါ၍ ဇွန်လ ၃ ရက်တွင် မြစ်ကြီးနားမြို့မှ ပြန်လည်ထွက်ခွာလာကြရာ ဇွန်လ ၄ ရက် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏စီမံဆောင်ရွက်မှုများဖြင့် မန္တလေး-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် ဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများအား အချိန်မီပို့ဆောင်ဖြည့်ဆည်းပေးခြင်း၊ အကြမ်းဖက်သမားများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများအား ပြန်လည်ပြုပြင်ခဲ့ခြင်းများကြောင့် အဆိုပါလမ်းကြောင်းတစ်လျှောက်တွင် ခရီးသွားမော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်များ ပုံမှန်အတိုင်းပြန်လည်သွားလာလျက်ရှိပြီး ဒေသခံပြည်သူများ အနေဖြင့်လည်း ၎င်းတို့၏ သွားလာနေထိုင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပုံမှန်အတိုင်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အဆိုပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



မန္တလေး-မြစ်ကြီးနား လမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်သောကုန်ပစ္စည်းများတင်ဆောင်၍ ဒုတိယအကြိမ် သွားရောက်ပို့ဆောင်သည့်မော်တော်ယာဉ်များ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိစဉ်။

★ **ရှေ့ဖုံးမှအဆက်**

လာဖို့သင့်တဲ့ အိမ်နီးနားချင်း နိုင်ငံတစ်ခုဖြစ်တယ်လို့ ယူဆလို့ ဒီခရီးစဉ်ကို ဖြစ်အောင် စီစဉ်ခဲ့ခြင်းဖြစ်ပါတယ်။

**မေး။ သမ္မတကြီးခင်ဗျာ၊ သမ္မတကြီးအနေနဲ့ ဗုဒ္ဓဂယာမှာရှိတဲ့ မြင့်မြတ်သော မဟာဗောဓိကျောင်းတော်ကြီးဆီကို သွားရောက်ဖူးမြော်ခဲ့တာရှိပါတယ်။ ခုနကပြောခဲ့သလို ပြည်သူအချင်းချင်းကြားမှာ ထိတွေ့ဆက်ဆံမှုတွေ များစွာရှိတယ်ဆိုတာလည်း ပြောကြားခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဗုဒ္ဓဘာသာဟာ နှစ်နိုင်ငံပြည်သူတွေအကြား ထိတွေ့ဆက်ဆံမှု၊ ဆက်နွှယ်မှုရဲ့ အဓိကအကြောင်းအရာဖြစ်တယ်လို့ ထင်ပါသလား။**

**ဖြေ။** ထင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံက ဗုဒ္ဓဘာသာဆိုတာ အိန္ဒိယနိုင်ငံကနေ တစ်ဆင့် ပြန့်ပွားလာတာဖြစ်ပါတယ်။ ဗုဒ္ဓဂယာက ဘုရားပွင့်တဲ့နေရာဖြစ်ပါတယ်။ မြန်မာနိုင်ငံကလည်း ဗုဒ္ဓဘာသာအများဆုံး ကိုးကွယ်တဲ့နိုင်ငံတစ်ခုဖြစ်တော့ ဗုဒ္ဓဘာသာနဲ့ ပတ်သက်ရင် အင်မတန်အလေးအမြတ်ထားပါတယ်။ မြန်မာတိုင်းက ဗုဒ္ဓဘာသာကို အလေးအမြတ်ထားသလို ဗုဒ္ဓဂယာနဲ့ ပတ်သက်လို့ရှိရင်တော်တော်လေး အလေးအမြတ်ထားတဲ့ အနေအထားရှိတယ်။ ကျွန်တော်ကိုယ်တိုင်သည်ပင်လျှင် လေးကြိမ်ရောက်ဖူးတယ်။ အိန္ဒိယနိုင်ငံကို ခရီးစဉ်လာလို့ရှိရင်ဗုဒ္ဓဂယာကိုဖြစ်အောင်ကျွန်တော် စီစဉ်ပါတယ်။ ကျွန်တော် ၃၀ ရက်နေ့က လာတဲ့ ခရီးစဉ်မှာလည်း ကျွန်တော်တို့ နေပြည်တော်ကနေ ဒီကိုလာမယ်ဆိုရင် လမ်းပေါ် On the way မှာပဲရောက်နိုင်တဲ့ နေရာဖြစ်တော့ ဒါကိုရောက်အောင် ကျွန်တော်တို့စီစဉ်ခဲ့တာပါ။ နောက်ပိုပြီးတော့ ထူးဆန်းအံ့သြဖို့ကောင်းတာက အဲဒီနေ့က ကျွန်တော်တို့ မြန်မာအနေနဲ့ပြောရင် နယုန်လပြည့်နေ့ဖြစ်ပါတယ်၊ အင်မတန်ထူးခြားတဲ့ လပြည့်နေ့ဖြစ်တဲ့အတွက်ကြောင့်ကျွန်တော်တို့ အဖွဲ့ဝင်တွေ ဗုဒ္ဓဂယာ ဖူးမြော်ခွင့်ရတာလည်း အင်မတန်ထူးခြားတဲ့ ကုသိုလ်ထူးတစ်ခုလို့ ယူဆပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့က ဗုဒ္ဓဘာသာနဲ့ ပတ်သက်လို့ရှိရင် နှစ်နိုင်ငံဆက်ဆံရေးမှာလည်း ဗုဒ္ဓဂယာသည် အရေးပါတဲ့ နေရာတစ်ခုဖြစ်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်ဗျ။

**မေး။ သမ္မတကြီးခင်ဗျာ၊ ဆက်လက်ပြီးတော့ သမ္မတကြီးနဲ့ ဝန်ကြီးချုပ်မစ္စတာမိုဒီတို့တွေ့ဆုံခဲ့တဲ့ ဆွေးနွေးမှုအကြောင်း ဆွေးနွေးလိုပါတယ်။ ဆွေးနွေးပွဲမှာ အဓိက ဘယ်လိုအကြောင်းအရာတွေ ဆွေးနွေးခဲ့တယ်ဆိုတာ သိရှိလိုပါတယ်။**

**ဖြေ။** ဆွေးနွေးတဲ့ အကြောင်းအရာကတော့ အများကြီးရှိပါတယ်။ ကျွန်တော်လာတဲ့ ရည်ရွယ်ချက်ထဲမှာ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနဲ့ ကုန်သွယ်မှု မြှင့်တင်ရေးကိစ္စတွေပါတယ်။ ဒါတွေကို ကျွန်တော်တို့ ဆွေးနွေးဖြစ်ပါတယ်။ နောက်တစ်ခါ အိန္ဒိယနိုင်ငံကနေ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံနိုင်တဲ့ အခွင့်အလမ်းတွေ၊ အိန္ဒိယနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့နဲ့ သင့်တော်တဲ့ အရာတွေကို ကျွန်တော်တို့ ရယူနိုင်ဖို့အတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။

**❖ အိန္ဒိယနိုင်ငံကနေ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံနိုင်တဲ့ အခွင့်အလမ်းတွေ၊ အိန္ဒိယနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့နဲ့ သင့်တော်တဲ့ အရာတွေကို ကျွန်တော်တို့ ရယူနိုင်ဖို့အတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။ နောက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ၊ ရေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်တွေ၊ နယ်နိမိတ်ဆိုင်ရာ ကိစ္စရပ်တွေ၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း စသည်ဖြင့် ကဏ္ဍပေါင်းစုံ ကျွန်တော်တို့ဆွေးနွေးနိုင်ခဲ့ပါတယ်။**

နောက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ၊ ရေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်တွေ၊ နယ်နိမိတ်ဆိုင်ရာ ကိစ္စရပ်တွေ၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း စသည်ဖြင့် ကဏ္ဍပေါင်းစုံ ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့ပါတယ်၊ နှစ်နာရီကျော်ကျော်လောက် ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးမှုလုပ်နိုင်ခဲ့တယ်။ အောင်မြင်တဲ့ ရလဒ်တစ်ခုကို ရရှိခဲ့တယ်လို့ ကျွန်တော် ပြောချင်ပါတယ်ဗျ။

**မေး။ သမ္မတကြီးခင်ဗျာ၊ သမ္မတကြီး ခုနက နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ တည်ဆောက်ဖို့လည်း ဆွေးနွေးခဲ့တယ်လို့ ဖော်ပြခဲ့ပါတယ်။ လက်ရှိကာလမှာအိန္ဒိယနဲ့မြန်မာနိုင်ငံအကြား ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ ၂ဘီလီယံလောက်ပဲရှိပါသေးတယ်။ ပြီးတော့ အိန္ဒိယက မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံထဲမှာ ပါဝင်ပါတယ်။ ဒါကြောင့်မို့ အိန္ဒိယကုန်သည်လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့တဲ့ စီးပွားရေးဖိုရမ်မှာ ဘယ်နယ်ပယ်ကို အဓိကထားပြီး ဆွေးနွေးပြောကြားခဲ့တယ်ဆိုတာ သိချင်ပါတယ်။**

**ဖြေ။** အိန္ဒိယဟာ မြန်မာနိုင်ငံအတွက် ကြီးမားတဲ့ ကုန်သွယ်ဖက်နိုင်ငံဖြစ်ပါတယ်။ နှစ်စဉ်ကုန်သွယ်မှု ၂ ဘီလီယံကျော်လောက် ရှိပါတယ်၊ မြန်မာနိုင်ငံကပို့ကုန်ပိုများပါတယ်။ အိန္ဒိယက သွင်းကုန်တော့ နည်းပါတယ်။ ကျွန်တော်က အိန္ဒိယသွင်းကုန်တွေ ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲဆိုတာကို ကျွန်တော်တို့ကရှင်းပြတာပါ။ ဥပမာအားဖြင့် သံနဲ့ သံမဏိပစ္စည်းတွေရှိတယ်၊ ဆေးဝါးတွေရှိတယ်၊ အထည်လုပ်ငန်းတွေရှိတယ်။ ကျွန်တော်တို့က မြန်မာနိုင်ငံကို တိုးမြှင့်တင်ပို့နိုင်ဖို့ အိန္ဒိယလုပ်ငန်းရှင်တွေကို ကျွန်တော်တို့က ရှင်းပြတာပါ။ ပြီးရင် ကျွန်တော်တို့ မြန်မာနိုင်ငံကိုလာပြီး ရင်းနှီးမြှုပ်နှံပြီးတော့မှ ကုန်ထုတ်လုပ်မှုတွေလုပ်၊ ပြီးလို့ရှိရင်မြန်မာနိုင်ငံက ဈေးကွက်ကိုလည်း ရောင်း၊ မြန်မာနိုင်ငံရဲ့ အိမ်နီးနားချင်း တိုင်းပြည်တွေဖြစ်တဲ့ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စတဲ့ နိုင်ငံတွေကိုလည်းရောင်း၊ မြန်မာနိုင်ငံဈေးကွက်တစ်ခုတည်း မဟုတ်ဘူး။ မြန်မာနိုင်ငံက လူဦးရေ သန်း ၅၀ လောက်ပဲရှိတဲ့ဈေးကွက်ပါ။ ဒါပေမဲ့ ဟိုဘက်နိုင်ငံတွေနဲ့ ပေါင်းလိုက်ရင် လူပေါင်းသန်း နှစ်ရာနီးပါးလောက် ဈေးကွက်တစ်ခု ထပ်ရလာနိုင်စရာရှိတယ်။ ဒါ့ကြောင့် အဲဒီ ဈေးကွက်ကိုလည်း ရောင်းနိုင်အောင် ကြိုးစားဖို့ ကျွန်တော်ရှင်းပြတာပါ။ တော်တော်များများကတော့ စိတ်ဝင်စားမှုရှိကြပါတယ်။ အဓိကကတော့ ကုန်သွယ်မှုမြှင့်တင်ရေးပါပဲ။ ခင်ဗျား ခုနက အမေရိကန် ဒေါ်လာ ၂ဘီလီယံ ရှိတယ်လို့ပြောတယ်။ ကျွန်တော်တို့က ၃ ဘီလီယံရအောင် Target ထားပါတယ်။ ဒါက ပထမအဆင့်ပါ။ နောက်တစ်ခါ မကြာတော့တဲ့ကာလမှာ ဒုတိယအဆင့်အဖြစ် ၅ ဘီလီယံအထိ တိုးချဲ့မှာဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ ကျွန်တော်တို့ တဖြည်းဖြည်း တိုးချဲ့သွားမှာပါ။ အိန္ဒိယကို မြန်မာနိုင်ငံရဲ့ ပို့ကုန်တွေ အများကြီးရှိပါတယ်။ ဥပမာ ပဲနဲ့ ပတ်သက်တာတွေရှိတယ်။ သစ်တောထွက်ပစ္စည်းနဲ့ ပတ်သက်တဲ့ ပို့ကုန်တွေရှိတယ်၊ သတ္တုနဲ့ ပတ်သက်တဲ့ ပို့ကုန်တွေရှိတယ်။ အခြားစိုက်ပျိုးမွေးမြူရေးနဲ့ ပတ်သက်တဲ့ ပို့ကုန်ပစ္စည်းတွေလည်း ရှိပါသေးတယ်။ ဥပမာ ရော်ဘာလိုမျိုး၊ ချည်မျှင်ကဏ္ဍဆိုင်ရာ ဝါနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်လို့ရပါတယ်။ နှစ်ဖက် ပူးပေါင်းဆောင်ရွက်လို့ ရတဲ့ဟာတွေရှိပါတယ်၊ လူတွေကတော့ နှစ်ဖက်အကျိုးစီးပွား ဖော်ဆောင်နိုင်မယ်ဆိုရင် စိတ်ဝင်စားမှာပဲ။ ကူးလူးဆက်ဆံမှုဆိုတာ အကျိုးစီးပွား အပေါ်မှာပဲ။ သို့သော် ကျွန်တော်မနေ့က ပြောပြတယ်။ အမြတ်ကို အဓိကမထားဘဲ များများ ကုန်သွယ်မှုရှိအောင်လုပ်ကြဖို့ပါ။ အမြတ်နည်းနည်းနဲ့ များများရောင်းကြဖို့ပါ။ မြန်မာနိုင်ငံကလည်း အမြတ်နည်းနည်းနဲ့ များများရောင်းဖို့ ကြိုးစားမယ်။ အိန္ဒိယကလည်း အမြတ်အစွန်း နည်းနည်းယူပြီး များများရောင်းဖို့ ကြိုးစားမယ်။ ဒါတော့ လိုအပ်ပါတယ်၊ ကုန်သည်တွေဆိုတာကတော့ အကျိုးအမြတ်တစ်ခုတော့ တွက်ပါတယ်။ သို့သော် ကျွန်တော်က ဒါကို သိပ်ဦးစားမပေးဘဲ ထိုက်သင့်တဲ့အမြတ်ကိုယူပါ။ အဓိကတော့ Value ကို မြှင့်တင်ဖို့ဖြစ်ပါတယ်၊ ကုန်သွယ်မှုပမာဏတွေကို မြှင့်တင်ဖို့ဖြစ်ပါတယ်။ ဒီလို သွားချင်တာပါ။

**မေး။ အိန္ဒိယက အရှေ့နဲ့ ထိတွေ့ဆက်ဆံရေး မူဝါဒ၊ အိမ်နီးချင်း ပထမဦးစားပေး မူဝါဒ ကျင့်သုံးတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါကို သက်သေပြတာ ဘာလဲဆိုရင်မြန်မာနိုင်ငံမှာ ၂၀၂၅ ခုနှစ်က ပြင်းထန်တဲ့ငလျင်လှုပ်ခတ်တဲ့အချိန်မှာ အိန္ဒိယနိုင်ငံက ပထမဆုံး ကူညီဆောင်ရွက်ပေးခဲ့တာက သက်သေပဲဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ ကာကွယ်ရေးနဲ့ ပတ်သက်တဲ့ စွမ်းရည်တိုးတက်အောင်အတွက် အိန္ဒိယနိုင်ငံက လိုအပ်သလို အားပေးကူညီဆောင်ရွက်နေတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်တွေ မူတည်ပြီး သမ္မတကြီးအနေနဲ့ အိန္ဒိယနိုင်ငံကို ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖြစ် ဘယ်လိုရှုမြင်သုံးသပ်ထားသလဲဆိုတာ သိရှိလိုပါတယ်ခင်ဗျ။**

**ဖြေ။** ကျွန်တော်တို့က ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍနဲ့ပြောရရင် ကဏ္ဍပေါင်းစုံအများကြီး ရှိပါတယ်။ စောစောကပြောတဲ့ ကျွန်တော် ရှင်းပြတဲ့ဟာတွေအပြင် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍတွေ ဥပမာ ရှေးဟောင်းအမွေအနှစ်တွေ ထိန်းသိမ်းတဲ့ ကဏ္ဍတွေဆိုပြီးရှိတယ်။ စက်မှုပိုင်းဆိုင်ရာမှာလည်း ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်ချင်ရင် ရေရှည်မှာ ကျွန်တော်တို့ စက်မှုပိုင်းဆိုင်ရာတွေ အများကြီးလိုအပ်ပါတယ်။ နောက် IT နဲ့ပတ်သက်တာပါ။ အိန္ဒိယက IT မှာ ထိပ်တန်း နိုင်ငံတစ်ခုဖြစ်တယ်။ ဒါ့ကြောင့် IT နဲ့ပတ်သက်လို့ အိန္ဒိယနဲ့ ကျွန်တော်တို့ ပူးပေါင်းမယ်ဆိုရင် အများကြီး အခွင့်အလမ်းရှိပါတယ်။ မြန်မာနိုင်ငံမှာ IT နဲ့ပတ်သက်တဲ့ မြို့တော်စီမံကိန်းတစ်ခု ကျွန်တော်တို့လုပ်နေတယ်။ ရတနာပုံဆိုက်ဘာစီးတီးဆိုပြီးတော့ လုပ်နေတယ်။ အရင်ကတော့ မေမြို့လို့ခေါ်တယ်၊ အခုတော့ ပြင်ဦးလွင်လို့ခေါ်တဲ့ မြို့ပါ။ ကိုလိုနီခေတ်တုန်းကတော့ အပန်းဖြေတဲ့မြို့အဖြစ် နာမည်ကြီးတယ်၊ အဲဒီမှာ IT မြို့တော်တစ်ခု လုပ်နေတာ၊ ပြန်အကောင်အထည်ဖော်နေတာရှိတယ်။ ဒါလည်း အိန္ဒိယက အိုင်တီပညာနဲ့ ပတ်သက်တဲ့ ကုမ္ပဏီတွေ၊ လုပ်ငန်းတွေ လာပြီးတော့ လုပ်မယ်ဆိုရင် အခွင့်အလမ်းတွေ အများကြီးရှိပါတယ်။ တော်တော်ကျယ်ပြန့်ပါတယ်။ အိန္ဒိယကလည်း အတွေ့အကြုံရှိတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒါ့ကြောင့် အိန္ဒိယနိုင်ငံက အများကြီး အထောက်အကူပြုနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

**မေး။ သမ္မတကြီးခင်ဗျာ၊ လက်ရှိမှာ မိမိတို့ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအကြား အဝေးပြေးလမ်းမကြီး စီမံကိန်းကို လွန်ခဲ့တဲ့ နှစ်အတော်ကြာကာလကတည်းကအကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဒီစီမံကိန်းတွေအပေါ်မှာ ဘယ်လိုမြင်ပါသလဲ၊ ပြီးတော့ ဒေသအတွင်း ကူးလူးဆက်ဆံ ဆက်သွယ်မယ့် နယ်ပယ်နဲ့ ပတ်သက်တဲ့ အမြင်ကိုလည်း သိရှိလိုပါတယ်။**

**ဖြေ။** ဒီသုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းက မြန်မာရယ်၊ ထိုင်းရယ်၊ အိန္ဒိယရယ်၊ ဒီလမ်းက မိုင်ပေါင်း ၈၀၀ ကျော်လောက်ရှည်ပါတယ်။ ထိုင်းနဲ့ မြန်မာ လမ်းကြောင်းတွေကတော့ တော်တော်များများပွင့်နေပြီ၊ သွားနေကြတာဖြစ်ပါတယ်။ အိန္ဒိယဘက်အခြမ်းက အရေးကြီးပါတယ်။ အိန္ဒိယ အရှေ့မြောက်ဒေသ မိုရေး (moreh) နဲ့ ကျွန်တော်တို့ တမူးကို ဆက်သွယ်တဲ့အပေါက်ပါ။ ဒါကတော့ အိန္ဒိယနိုင်ငံအတွက်ပိုပြီးတော့ အရေးကြီးပါတယ်။ အရေးကြီးတယ်ဆိုတာ မြန်မာနိုင်ငံကို အိန္ဒိယထုတ်ကုန်တွေ နယ်စပ်ကုန်သွယ်ရေးကနေတစ်ဆင့်လာနိုင်ဖို့ တစ်ချက်ရယ်၊ အိန္ဒိယ ပြည်သူပြည်သားတွေ မြန်မာနိုင်ငံကို နယ်စပ်ဂိတ်ကနေပြီးတော့ မြန်မာနိုင်ငံကို ကူးလူးဆက်ဆံနိုင်ဖို့အတွက်ရယ် ဒီနှစ်ခုကို ပိုပြီး ဦးစားပေးစဉ်းစားရမှာပါ။ ကျွန်တော်တို့ လုံခြုံရေးအခြေအနေအရ တချို့အရာတွေမှာ အခက်အခဲနည်းနည်းရှိလို့ ဒီစီမံကိန်းကြီးက ရပ်ထားတာတွေရှိပါတယ်၊ အခုလုံခြုံရေးတွေ ပိုမိုတိုးတက်အောင် ဆောင်ရွက်နေတာရှိပါတယ်။

ကျွန်တော်တို့ ၂၀၂၁ ခုနှစ်မှာ ဖြစ်ပေါ်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေအရ အဲဒီနေရာတွေမှာ မတည်မငြိမ်ဖြစ်ခဲ့တယ်။ အဲဒီနေရာတွေကို တပ်မတော်က အကုန်လုံးရှင်းလင်းနေပါတယ်။ အဲဒီ နယ်စပ်နဲ့နီးတဲ့ ကျွန်တော်တို့ရဲ့ အဓိကမြို့ကြီးတစ်မြို့ရှိပါတယ်။ ကလေးနဲ့ တမူးဆက်သွယ်တဲ့လမ်းကြောင်းကို ဖွင့်နိုင်ဖို့အတွက် အမြန်ဆုံးကြိုးစားနေတာရှိပါတယ်။ နယ်စပ်ဂိတ်ကို ဖွင့်လို့ရပြီဖြစ်ပါတယ်၊ အဲဒီကနေ မြန်မာနိုင်ငံအလယ်ပိုင်းကို ဖြတ်ပြီး ထိုင်းနိုင်ငံကိုသွားလို့ရပြီ။ အဓိကကတော့ မြန်မာနဲ့ အိန္ဒိယ နယ်စပ်ဒေသ ပုံမှန်အခြေအနေ ပြန်လည်ရရှိရေးကတော့ ပိုအရေးကြီးပါတယ်။ ဒါကို ကျွန်တော်တို့ ဦးစားပေးဆောင်ရွက်နေပါတယ်၊ အင်မတန်အလေးထားတဲ့ စီမံကိန်းတစ်ခုဖြစ်တယ်ဆိုတာ ကျွန်တော်ပြောလိုပါတယ်။

**မေး။ နောက်တစ်ခုအနေနဲ့ ကျွန်တော်တို့ နှစ်နိုင်ငံက စိုးရိမ်ပူပန်နေရတဲ့ ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ အိန္ဒိယနဲ့ မြန်မာနိုင်ငံဟာ ကီလိုမီတာ ၁၆၀၀ လောက် အပြန်အလှန်ထိစပ်နေတဲ့ နိုင်ငံများဖြစ်ပါတယ်။ ဒါပေမဲ့ နယ်စပ်တစ်လျှောက်မှာ လက်နက်ကိုင်သောင်းကျန်းသူများနဲ့ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ဖောက်ကားနေမှုဟာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေလျက်ရှိပါတယ်။ ဒီကိစ္စတွေကို ပြန်လည်ထိန်းချုပ်ဖို့အတွက် ဘယ်လိုကောင်းအောင် ဆောင်ရွက်မလဲဆိုတာ၊ မြန်မာနိုင်ငံအနေနဲ့ အိန္ဒိယကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ မည်သည့်တစ်ဦးတစ်ယောက်ကိုမဆို မြန်မာ့မြေကို သုံးခွင့်မပြုဘူးဆိုတာနဲ့ ပတ်သက်ပြီး သမ္မတကြီးရဲ့အမြင်နဲ့ ပြောကြားချက်ကို သိရှိလိုပါတယ်။**

**ဖြေ။** ဒီလက်နက်ကိုင်ပဋိပက္ခတွေနဲ့ မူးယစ်ဆေးဝါးပြဿနာတွေက နိုင်ငံရေးအပေါ်မှာ အများကြီးတည်ခဲ့ပါတယ်။ အရင်တုန်းက ကျွန်တော်တို့ နိုင်ငံရေးစနစ်က ဗဟိုအစိုးရဦးစီးတဲ့ နိုင်ငံရေးစနစ်နဲ့ သွားခဲ့ကြတာပါ၊ နောက်ပိုင်းမှာသဘောထားကွဲလွဲမှုတွေရှိတယ်။ နောက်တစ်ခါ တိုင်းရင်းသားအဖွဲ့အစည်းတွေရှိတယ်။ နောက်တစ်ခါ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးနဲ့ပတ်သက်ပြီးတော့ တောင်းဆိုတဲ့ အဖွဲ့တွေရှိတယ်။ ဒီဟာတွေကြောင့် လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်လာတာပါ။ ပဋိပက္ခကနေ သူတို့ရဲ့ရပ်တည်မှုရအောင်

**❖ ကျွန်တော်တို့မြန်မာနိုင်ငံ၊ ကျွန်တော်တို့နိုင်ငံက ကျွန်တော်တို့ နိုင်ငံသားတွေ မျှော်မှန်းတဲ့လမ်းကြောင်းပေါ်မှာ မှန်မှန်ကန်ကန် လျှောက်လှမ်းနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကမ္ဘာနဲ့ လက်တွဲပြီးလုပ်ဖို့လည်း အဆင်သင့်ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ပြုပြင်ပြောင်းလဲဆောင်ရွက်မှုတွေအပေါ်မှာ ကျွန်တော်တို့နိုင်ငံကို လာရောက်လေ့လာ ကြည့်စေလိုပါတယ်။ ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို လာပြီးကြည့်စေလိုတယ်။ ပြီးတော့မှ ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး ကျွန်တော်တို့နဲ့ပူးပေါင်းမှုတွေလုပ်တာ ပိုပြီးကောင်းမယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်လိုက်မယ်ဆိုရင် မြန်မာပြည်သူတွေရဲ့ လက်ရှိဆောင်ရွက်နေတဲ့ သူတို့ရဲ့ဘဝအခြေအနေတွေအားလုံးကို တိုးတက်အောင်လုပ်နိုင်တဲ့ အခွင့်အရေးတွေ သူတို့ရလာပါလိမ့်မယ်။ ဒါကြောင့် ကမ္ဘာကလည်း ဒီဟာကိုလာပြီးတော့ ကြည့်စေလိုတယ်။ ပူးပေါင်းဆောင်ရွက်စေလိုတယ်။ မြန်မာနိုင်ငံက တကယ်ကို မှန်မှန်ကန်ကန်နဲ့ ပြည်သူက ရွေးချယ်တဲ့ မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ ရောက်ရှိလျှောက်လှမ်းနေပြီလို့ ပြောလိုပါတယ်။**

မူးယစ်ဆေးဝါးတွေ ထုတ်တာကနေ တော်တော်လေး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာခဲ့တာပါ။ သို့သော် ကျွန်တော်တို့ ၂၀၂၀ ပြည့်နှစ်ပတ်ဝန်းကျင်လောက်မှာတော့ ကျွန်တော်တို့ အတော်လေးကိုထိန်းချုပ်နိုင်တဲ့အနေအထား ဖြစ်သွားပါပြီ။ သို့သော်လည်းပဲ ၂၀၂၁ ခုနှစ်မှာတော့ နိုင်ငံရေးကြောင့် ဖြစ်ပေါ်လာတဲ့ မတည်ငြိမ်မှုတွေနဲ့ အတူ မူးယစ်ဆေးဝါးထုတ်လုပ်မှုတွေက ပိုပြီးကြီးထွားလာခဲ့တာပါ။ ဒါကိုလည်း ကျွန်တော်တို့ အခု ပြင်းပြင်းထန်ထန်နှိမ်နင်းနေတာ၊ အရေးယူနေတာရှိပါတယ်၊ အိန္ဒိယနိုင်ငံကနေ ရရှိတဲ့သတင်းတွေကို မျှဝေပေးတာရှိသလို၊ အိန္ဒိယနိုင်ငံမှာလည်း ဖမ်းဆီးမှုတွေလုပ်တဲ့အတွက်ကြောင့်မို့ အတိုင်းအတာတစ်ခုအထိတော့ မူးယစ်ဆေးဝါးနှိမ်နင်းရေးမှာ အိန္ဒိယ-မြန်မာဘက်ခြမ်းမှာ အတော်လေး ထိန်းချုပ်နိုင်တဲ့ အနေအထားရှိပါတယ်။ သို့သော် ကျွန်တော် ပြီးပြတ်အောင်လုပ်ဖို့ရှိတယ်။ အဲဒီမှာလုပ်နိုင်ဖို့ဆိုရင် နိုင်ငံရေးနဲ့ပတ်သက်ပြီး တည်ငြိမ်တဲ့ နိုင်ငံရေးဖြစ်အောင် မြန်မာနိုင်ငံက လုပ်ရမှာပါ။ ကျွန်တော်တို့ ဒီမိုကရေစီနိုင်ငံသွားနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့ အစိုးရအနေနဲ့ကတော့ ဒီမိုကရေစီခိုင်ခိုင်မာမာဖြစ်အောင် ကျွန်တော်တို့ သွားမယ်။ သွားမယ်ဆိုရင် ဒီမိုကရေစီအပေါ်၊ နိုင်ငံရေးအပေါ် မူတည်ပြီး တောင်းဆိုလာတဲ့၊ နောက်တစ်ခါ တိုင်းရင်းသားနဲ့ပတ်သက်ပြီး တောင်းဆိုလာတာတွေကို ဒီမိုကရေစီစနစ်ကျစွာနဲ့ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်သွားကြဖို့ လိုပါတယ်။ အဲဒီလိုသွားမယ်ဆိုရင်တော့ လက်နက်ကိုင် ဆူပူသောင်းကျန်းမှုတွေက အတိုင်းအတာတစ်ခုအထိတော့ လျော့သွားမယ်။ အဲဒါဆိုရင် မူးယစ်ဆေးဝါး ထုတ်လုပ်မှုနဲ့ပတ်သက်ပြီးတော့ ကန့်သတ်ချက်တွေလည်း အများကြီးဖြစ်လာစေမှာဖြစ်ပါတယ်၊ ဒါကြောင့်ကျွန်တော်တို့တစ်ဖက်က parallel သွားရမယ်၊ ဒီလိုလုပ်မှ ကျွန်တော်တို့ရမှာပေ့ါ။ ဒီလိုပဲ လက်နက်ကိုင်ဆူပူမှုတွေ လုပ်နေတဲ့ အဖွဲ့အစည်းတွေရှိတဲ့အတွက်ကြောင့် အိန္ဒိယနိုင်ငံကို အကြောင်းအမျိုးမျိုးနဲ့ ဆန့်ကျင်နေတဲ့သူတွေကလည်း သူတို့ရဲ့ အကာအကွယ်ယူပြီး အိန္ဒိယ-မြန်မာနယ်စပ်တစ်လျှောက်မှာ အိန္ဒိယနိုင်ငံကိုနှောင့်ယှက်နေတာရှိပါတယ်၊ ဒါတွေလည်း တစ်ပြိုင်တည်းလုပ်မယ်ဆိုရင် ရှင်းသွားမယ်လို့ ကျွန်တော် ယူဆတယ်။ ကျွန်တော် အတိုင်းအတာတစ်ခုအထိ ရှင်းခဲ့ပြီးဖြစ်ပါတယ်။

အခု ဒီနေ့မနက်မှာလည်း အဆွေတော်တို့ ဝန်ကြီးချုပ်နဲ့ ဆွေးနွေးတဲ့အခါမှာ ဒီကိစ္စ ကျွန်တော်ရှင်းပြပါတယ်။ အဲဒီ အိန္ဒိယ-မြန်မာ နယ်စပ်ဒေသမှာရှိတဲ့ နေရာတွေက တောတောင်ထူထပ်တဲ့ နေရာတွေ၊ သွားရလာရအင်မတန်ခက်ခဲပါတယ်၊ မိုးတွင်းဆိုရင် ပိုခက်တယ်။ ကျွန်တော်ကိုယ်တိုင်လည်း အကြိမ်ကြိမ်အခါခါ ရောက်ဖူးတဲ့နေရာတွေဖြစ်ပါတယ်။ ကျွန်တော်က အဲဒီဒေသမှာ တပ်ရင်းမှူးလုပ်ခဲ့တဲ့သူ ဖြစ်ပါတယ်။ ကျွန်တော် ကောင်းကောင်းကြီးသိပါတယ်။ ဒ့ါကြောင့် ကျွန်တော်တို့ ဒီနယ်မြေနဲ့ ပတ်သက်ပြီးတော့ မိုးမကျခင်ကာလမှာ လုံခြုံရေးအခြေအနေတိုးတက်အောင် ဆောင်ရွက်သွားဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာပြီဆိုရင် ခုနက မေးလိုက်တဲ့ မေးခွန်းမှာ တိုင်းရင်းသားနဲ့ပတ်သက်တဲ့၊ လက်နက်ကိုင်နဲ့ပတ်သက်တဲ့၊ တည်ငြိမ် အေးချမ်းမှုပျက်ပြားတဲ့၊ တည်ငြိမ်အေးချမ်းမှုကိုထိခိုက်နေတဲ့ ကိစ္စရပ်တွေ၊ မူးယစ်ဆေးဝါးကိစ္စရပ်တွေ အများကြီး လျော့ကျသွားလိမ့်မယ်လို့ ယုံကြည်ပါတယ်။ မကြာခင်မှာလည်း ဒီဟာကိုအပြီးအပြတ် ကျွန်တော်တို့ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**မေး။ သမ္မတကြီးတို့ရဲ့ မြန်မာနိုင်ငံအနေနဲ့ လွန်ခဲ့တဲ့ ၅ နှစ်တာကာလ ပြည်တွင်းမှာ ဖြစ်ပေါ်နေတဲ့စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းခဲ့ရတဲ့အခြေအနေဖြစ်နေတာကို သတိပြုမိပါတယ်၊ ဒါကြောင့် သမ္မတကြီးတို့အနေနဲ့ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ဖို့၊ ငြိမ်းချမ်းရေးရရှိဖို့၊ တိုင်းပြည်တည်ငြိမ်ဖို့ ဘယ်ကိစ္စ၊ ဘယ်ကဏ္ဍက လုပ်ဆောင်ရအခက်ခဲဆုံး ဖြစ်နေပါသလဲ။**

**ဖြေ။** ငြိမ်းချမ်းရေးကတော့ အရေးကြီးဆုံး အခြေအနေပါပဲ။ နောက် လုံခြုံရေး ကိစ္စပါ။ ငြိမ်းချမ်းရေး ဘာကြောင့်မရှိသလဲဆိုရင် သဘောထားကွဲလွဲမှုတွေ ဖြစ်လာတဲ့အတွက်ကြောင့် ငြိမ်းချမ်းရေးမရှိတာပါ။ သဘောထားကွဲလွဲမှုတွေနည်းအောင် ကျွန်တော်တို့က ငြိမ်းချမ်းရေးကို ရအောင်ဖော်ဆောင်မယ်။ ကျွန်တော် အခုတာဝန်ယူတဲ့နေ့မှာပဲ ကျွန်တော်က လွှတ်တော်ကိုလည်းပြောတယ်၊ နိုင်ငံကိုလည်းပြောခဲ့ပါတယ်။ ကျွန်တော် ရက်ပေါင်း ၁၀၀ အတွင်းမှာ ငြိမ်းချမ်းရေး ရအောင်ကြိုးစားဆောင်ရွက်မယ်။ နောက် ၅ နှစ်အတွင်းမှာ တိုင်းပြည်ငြိမ်းချမ်းအောင် ကြိုးစားမယ်ဆိုပြီး ကျွန်တော်ပြောခဲ့တာ ရှိပါတယ်။ ငြိမ်းချမ်းရေးကတော့ ဖိတ်ခေါ်ထားတာရှိတယ်။ ဆွေးနွေးမှာပါ။ ဆွေးနွေးပြီးတော့ ကျွန်တော်တို့သွားကြရမှာပါ။ တစ်ဖက်ကလည်း လုံခြုံရေးအပိုင်းကိုလုပ်ရမှာပါ။ တရားဥပဒေစိုးမိုးရေးလုပ်ရတာရှိပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ကို အကြမ်းဖက်ဆန့်ကျင်နေတဲ့အဖွဲ့၊ အကြမ်းဖက်ဆန့်ကျင်မှုမှာနှစ်ပိုင်းရှိပါတယ်၊ တစ်ခုကတော့ EAO တွေဖြစ်တယ်။ တစ်ခုကတော့ PDF တွေဖြစ်တယ်။ EAO ဆိုတာ Ethnic Armed Organization၊ PDF ဆိုတာ People Defense Forces ဆိုပြီး PDF ကတော့ နိုင်ငံရေးသဘောထားကွဲလွဲမှုတွေကြောင့် ၂၀၂၁ ခုနှစ်နောက်ပိုင်းမှာ ပေါ်လာတဲ့အဖွဲ့ ဖြစ်တယ်။ EAO ကတော့ လွတ်လပ်ရေးရပြီးကတည်းက သူတို့ရဲ့ တိုင်းရင်းသားတွေနဲ့ ပတ်သက်တဲ့ အကြောင်းအမျိုးမျိုးသော ကိစ္စတွေနဲ့ ဖြစ်ပေါ်လာတဲ့ လက်နက်ကိုင်အဖွဲ့တွေဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့က ဒီနှစ်ပိုင်းခွဲကြည့်ရင် ပထမဦးဆုံး PDF တွေကို ငြိမ်းချမ်းရေးရော၊ လုံခြုံရေးပိုင်းရော ဦးစားပေးပြီးရှင်းမှာပါ။ ပြီးရင် EAO ကျတော့ ငြိမ်းချမ်းရေးကဏ္ဍကနေသွားမှာပါ။ ကျွန်တော်တို့ ဆွေးနွေးနေတာတော့ တော်တော်များနေပါပြီ။ သူတို့ရဲ့ လိုလားချက်တွေကလည်း မျိုးစုံဖြစ်တော့ ဒါတွေကိုရှင်းရတာပါ။ လိုလားချက်ကတော့ အများကြီးရှိမှာပဲ။ ဒါပေမဲ့ ဖြစ်ချင်တာတွေ လျှောက်ပြောနေမယ့်အစား ဖြစ်နိုင်တာတွေနဲ့ ဖြစ်သင့်တာတွေပဲ လုပ်တာ ပိုပြီးကောင်းပါတယ်။ ခင်ဗျားလည်းဖြစ်ချင်တာတွေ အများကြီးရှိမှာပဲ၊ ဟိုဟာလိုချင်တယ်၊ ဒီဟာလိုချင်တယ်၊ သို့သော်လည်း မဖြစ်နိုင်တာကို သွားပြီး လုပ်ရင်လည်း မရဘူး။ ကျွန်တော်တို့ဆီမှာ လူမျိုးပေါင်းများစွာရှိတယ်၊ တိုင်းရင်းသား လူမျိုးပေါင်းများစွာရှိတယ်၊ အဓိက တိုင်းရင်းသား ၈ မျိုးရှိတယ်။ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်လောက်ရှိတယ်။ ခင်ဗျားတို့ နိုင်ငံမှာ ပိုပြီးများပါတယ်။ အဲဒီတော့ တစ်ယောက်နဲ့တစ်ယောက် သဘောထားတွေက မျိုးစုံဆိုတော့ ဘာနဲ့ရှင်းမလဲဆိုရင် ဥပဒေနဲ့ ရှင်းမယ်။ Constitution အရပဲ ရှင်းမယ်၊ Constitution မှာ ဒါကို ကျွန်တော်တို့က ရအောင်လုပ်မှာပါ။ Constitution ကို အများကနေ လက်ခံနိုင်တဲ့ ဖြစ်နိုင်တဲ့ဟာ၊ မဖြစ်နိုင်တာကိုတော့ သွားပြောလို့မရဘူး။ ဒါကြောင့် ငြိမ်းချမ်းရေးက ပိုပြီးအရေးကြီးတယ်ဆိုတာ ကျွန်တော်ပြောတာပါ။ ပြီးရင်ဖွံ့ဖြိုးရေးဘက်ကိုသွားရမယ်။ အစိုးရတာဝန်ကတော့ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ တာဝန်ရှိတယ်။ ဖွံ့ဖြိုးတိုးတက်အောင် လုပ်တဲ့အခါမှာ ပြည်သူလူထုပါ အကုန်လုံး အကျိုးဝင်တယ်၊ တိုင်းရင်းသားမှမဟုတ်ဘူး။ ပြည်သူလူထုအကုန်လုံး အကျိုးဝင်တဲ့ ဖွံ့ဖြိုးရေးကို ကျွန်တော်တို့လုပ်ပေးရမယ်။ ဒီလိုသွားမှရမယ်။ ဒါကြောင့် အရေးကြီးတာက ငြိမ်းချမ်းရေးက နံပါတ်တစ်ပဲ။ ဒုတိယကတော့ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးကတော့ ဆက်ပြီးလုပ်ရမှာပဲ။ နောက်တစ်ပြိုင်တည်းမှာပဲ ဖွံ့ဖြိုးရေးလုပ်ငန်းတွေသွားရပါမယ်။ ဒီလိုသွားဖို့ရှိပါတယ်။ ဒါက ကျွန်တော့် သဘောထားပါပဲ။

**မေး။ အာဆီယံ အဖွဲ့အစည်းဆိုတာက ဒေသတွင်းမှာရော ကမ္ဘာပေါ်မှာပါ ဩဇာကြီးမားတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ အခုလက်ရှိမြန်မာနိုင်ငံနဲ့ အာဆီယံတို့ရဲ့ ဆက်ဆံရေးနဲ့ပတ်သက်ပြီး အမြင်ကို သိရှိလိုပါတယ်။**

**ဖြေ။** ဆက်ဆံရေး အခြေအနေကတော့ အာဆီယံ အဖွဲ့ဝင်နိုင်ငံထဲမှာ အများစုက ကောင်းပါတယ်၊ သို့သော်လည်းပဲ အာဆီယံရဲ့ မူဝါဒမှာတော့ Consensus ဆိုတဲ့ အများအားလုံး သဘောတူမှ ဆိုတဲ့ဟာကြောင့် ဒီပြဿနာတွေ တက်နေတာပါ။ အာဆီယံ အဖွဲ့ဝင်တစ်နိုင်ငံ၊ နှစ်နိုင်ငံလောက်ကတော့ မြန်မာနိုင်ငံအပေါ်မှာ တင်းမာတဲ့သဘောထားတွေရှိကြပါတယ်၊ ဒါပေမဲ့ အာဆီယံနိုင်ငံ အများစုကတော့ ကျွန်တော်တို့အပေါ်မှာ ကောင်းမွန်တဲ့အမြင်တွေရှိတယ်။ အရင်တုန်းက ဖြစ်ခဲ့တာကတော့ ရွေးကောက်ပွဲ ရလဒ်အပေါ်မှာ ကျွန်တော်တို့ဆောင်ရွက်ချက်အပေါ် မူတည်ပြီးတော့ အာဆီယံက ကျွန်တော်တို့အပေါ်မှာ ဆက်ဆံမှုတစ်မျိုး ပြောင်းလာတာပါ။ သို့သော်လည်းပဲ ကျွန်တော်တို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ အထွေထွေရွေးကောက်ပွဲမှာ တရားမျှတစွာနဲ့၊ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲလုပ်ခဲ့ပြီးပြီ။ ဒါကို ဘယ်လိုမှ ငြင်းလို့မရဘူး။ အားလုံးပေါင်း မဲပေးခွင့်ရှိတဲ့ သူရဲ့ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်း မဲပေးခဲ့တယ်။ အဲဒီ မဲပေးတဲ့ထဲမှာ အသက် ၁၈ နှစ်ကနေ အသက် ၄၀ ကြားပါတဲ့ လူက ၅၀ ရာခိုင်နှုန်း နီးပါးလောက်ရှိတယ်။ တစ်ဝက်နီးပါးလောက်က လူငယ်တွေပေးတာပါ။ ဒီလူငယ်တွေကို ကျွန်တော်တို့က ဒီရွေးကောက်ပွဲ မဲပေးရမယ်ဆိုပြီး သွားလုပ်လို့မရဘူး။ အကုန်ထွက်ပြေးမှာပဲ။ သွားလုပ်ရင်ထွက်ပြေးမှာပဲ။ သူတို့သဘောနဲ့သူတို့ လာပေးကြတယ်။ မဲပေးပွဲသတင်းကို ကြည့်လိုက်ရင်၊ မဲပေးခဲ့တဲ့ ထုတ်ပြန်တဲ့ပုံတွေကိုကြည့်လိုက်ရင် သူတို့သဘောနဲ့သူတို့ တက်တက်ကြွကြွလာပြီး မဲပေးကြတယ်။ နောက် မဲပေးတဲ့ပုံစံ၊ မဲပေးတဲ့စနစ်ပါ။ မဲပေးတဲ့စနစ်မှာလည်း လုံးဝ မဲလိမ်လို့မရတဲ့စနစ်လုပ်တယ်။ နောက်တစ်ခါ ဒီရွေးကောက်ပွဲနဲ့ ဒီမဲစာရင်းနဲ့ ပတ်သက်တာအားလုံးကိုလည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်အောင် လုပ်ခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့ ရွေးကောက်ပွဲနဲ့ ရလဒ်တွေကို ကျွန်တော်တို့က နိုင်ငံတကာကိုယ်စားလှယ်တွေကို ခေါ်ပြတယ်၊ ခေါ်ပြတဲ့အခါ သူတို့အားလုံးက ဒီဟာကို လက်ခံတယ်။ မငြင်းဆန်ဘူး။ အခုအထိ ရွေးကောက်ပွဲအပေါ်မှာမူတည်ပြီးတော့ ဘယ်ပါတီကမှ၊ ဘယ်ကိုယ်စားလှယ်ကမှ Complain မတက်ဘူး။ အာဆီယံကလည်း ဒါကိုသိတယ်။ ပြီးတော့ အာဆီယံကလည်း ရွေးကောက်ပွဲကြောင့်ဖြစ်ခဲ့တဲ့ ပြဿနာမှာ ကျွန်တော်တို့က ရွေးကောက်ပွဲမှာ ကောင်းအောင်ပြန်လုပ်ပေးခဲ့ပြီဆိုရင် ဒီဟာကိုလက်ခံတဲ့နိုင်ငံတွေ ကျွန်တော်တို့ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့က အာဆီယံအပေါ်မှာ မိတ်ဝတ်မပျက် ဆက်ဆံရေးလုပ်ပါတယ်။ သို့သော်လည်း အာဆီယံရဲ့သဘောထားကတော့အားလုံးရဲ့ ဆန္ဒညီတဲ့ပေါ် မူတည်ပြီး ဆုံးဖြတ်ရတဲ့အတွက်ကြောင့်တစ်နိုင်ငံ၊ နှစ်နိုင်ငံလောက်က တင်းတင်းမာမာဖြစ်နေတဲ့အချိန်မှာ ကျန်တဲ့နိုင်ငံတွေကလည်း ကျွန်တော်တို့နဲ့ ပုံမှန်ဆက်ဆံဖို့အတွက် အခက်အခဲရှိနေတယ်။

ဒါပေမဲ့ အခု ကျွန်တော်တို့ ဆက်ဆံရေးကောင်းတွေရှိပါတယ်။ တစ်ဦးချင်းဆိုလည်း ကျွန်တော်နဲ့ ဆက်ဆံရေးတွေကောင်းပါတယ်။ ကျွန်တော် သမ္မတ အရွေးခံရတဲ့အချိန်မှာ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့တဲ့ နိုင်ငံတွေ အာဆီယံနိုင်ငံတွေ အများကြီးရှိတာပဲ။ ဒါကိုကြည့်မယ်ဆိုရင် ကောင်းတဲ့ဆက်ဆံရေးရှိတယ်လို့ဆိုရမယ်။ ကျွန်တော်တို့လည်း အာဆီယံအပေါ်မှာ ကောင်းတဲ့အမြင်ရှိပါတယ်။

**စာမျက်နှာ ၁၅ သို့** ☆

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## President of the Republic of the Union of Myanmar U Min Aung Hlaing during his official visit to India, answers questions of the Doordarshan (DD India News) at a news interview

**President of the Republic of the Union of Myanmar U Min Aung Hlaing during his official visit to India, answered the questions of the Doordarshan (DD India News) at a news interview.The full text of the interview is as follows:**



President of the Republic of the Union of Myanmar U Min Aung Hlaing answers the questions of Doordarshan (DD India News) at a news interview.

**Q:** Mr. President, you chose India as your first foreign destination. India and Myanmar are the countries having social and cultural interconnections. Your Excellency, how will you define the relations between the two countries?

**A:** The program of my visit is to attend the International Big Cat Alliance (IBCA) Summit, to be sponsored by India. Unfortunately, the summit was postponed due to the outbreak of Ebola virus in Africa. In connection with this meeting, it has also been a long time since I last visited India, which was in 2019. Through bilateral negotiations, both sides arranged an official visit for me to attend the meeting in India. The meeting was postponed, but I came to India as this official visit program remained unchanged.

India is a country that has a long history of friendship and relations with Myanmar.The bilateral relations are through many channels including people-to-people relations and government-to-government relations. My first visit to India was in 2010, followed by a number of visits to the country. As I assumed that the visit to India would be worthwhile, I made this trip a reality.

**Q:** Your Excellency, you have visited the holy Maha Bodhi Temple in Bodh Gaya. Previously, you have mentioned about the many P2P relations. So, do you assume Bodh Gaya as the core of P2P relations and interconnections?

**A:** Of course, I assume. Buddhism spread to Myanmar from India. Bodh Gaya is the place where Buddha attained enlightenment. As a large majority of the people in Myanmar are Buddhist, they deeply revere Buddhism. Every Myanmar venerates Buddhism, and they also solemnly regard Bodh Gaya as a sacrosanct place. I have been to the holy site four times. Every time I visited India, I made the Bodh Gaya pilgrimage trip a reality. As the holy place was on my way to India from Nay Pyi Taw, I made an arrangement to visit Bodh Gaya on 30 May. What is more astonishing was that the 30 May was the fullmoon day of the month of Nayon in the Myanmar Calander. It was an incredibly unique fullmoon day, and we all believed that we achieved special merits. So, when it comes to Buddhism, Bodh Gaya is a vitally important place for the bilateral relations between the two countries.

**Q:** Mr. President, please elaborate on your meeting with Prime Minister Modi. Can you describe the main objectives of the discussions?

**A:** We discussed a wide range of issues at the meeting. The promotion of economic cooperation and trade between the two countries was included in the objectives of my visit. We discussed the said topics. Additionally, we identified the possible areas where India could invest in Myanmar and the areas that were suitable for Myanmar to learn the developments of India. A broad array of other sectors including education, health, and defence fields, and issues on maritime security, border areas, and agricultural business. We were able to cover multiple sectors during the talks for over two hours that would yield successful results.

**Q:** Mr. President, you have just described the discussions on the establishment of economic cooperation between the two countries. Currently, the annual volume of trade between India and Myanmar is just around US$-2 billion, while India is included in the largest trading partners of Myanmar. So, what were the principal topics of the economic forum Your Excellency had held with India businesspersons.

**A:** India is one of the largest trading partners of Myanmar, with its bilateral trade with us exceeding US$-2 billion. The volume of Myanmar's exports to India is larger than the amount of goods imported to Myanmar from India. I explained about our plans for the goods we buy from India. For example, matters relating to extension of Indian exports including iron and steel, medicines, textiles. I told the Indian entrepreneurs that we would buy those goods more. I also invited them to invest in the production industry of Myanmar and distribute their goods in our neighbour such as Laos, Cambodia, and Vietnam, in addition to the Myanmar market. They can have access to other markets, apart from Myanmar. Myanmar has a population of around 50 million, and if that of the neighbours is added, the figure will reach near 200 million. So, they can have a market of nearly 200 million consumers. I encouraged them to distribute their goods in the said market. Many of them were interested in my suggestions.

The main aim was trade promotion. You said that the trade volume was about US$ -2 billion. We set the target of the bilateral trade volume at US$- 3 billion, and that is the first phase. In the near future, we will set the target of the second phase at US$- 5 billion. And from there, we will gradually increase the trade volume. Myanmar has many items to export to India. Normally, Myanmar can extend its exports in beans, forest products, minerals, agricultural and livestock products, including rubber. There are ways for the Indian entrepreneurs to get involved in the long staple cotton sector. There are areas of bilateral cooperation, and their main attraction is mutual interest. Trade depends on benefits. Yesterday, I told them to concentrate more on increasing the trade volume rather than raising the profits and to sell in high volume with low profit margin. Myanmar will also try to raise the sales and reduce the profit margin, and India should follow suit. Of course, every merchant calculates the profit. But they should take only a reasonable level of profit. The main goal here is to raise the trade value and it is my chosen method.

**Q:** India is a country that follows the "Act East" policy and a "Neighbourhood First" policy in its foreign relations. A clear example of this is that when a severe earthquake struck Myanmar in 2025, India was the first country to provide assistance. This demonstrates its commitment. In addition, India has been providing necessary support to help improve Myanmar's defence capabilities as well. So, based on these points, we would like to know how Mr President views India as a development partner for Myanmar.

**A:** In terms of development, there are many sectors. In addition to what I mentioned earlier, there are also areas such as education and health. Then there is the cultural sector as well—for example, the preservation of ancient heritage sites. In industry as well, if we want long-term development, we need significant

**See Page - 19**

From Page - 18

industrial growth. There is also the IT sector. India is one of the leading countries in IT. Therefore, if we cooperate with India in IT, there will be many opportunities for us. In Myanmar, we are also implementing an IT-related city development project called Yadanarpon Cyber City. It is located in PyinOoLwin, which was formerly called Maymyo. During the colonial period, it was well known as a resort town. We are now redeveloping it as an IT city. If Indian IT companies and professionals come and operate there, there will be many opportunities. The scope is quite broad—it is a large-scale undertaking. India is also a country with extensive experience in this field. Therefore, I believe India can provide substantial support to us.

**Q:** Mr President, at present India has been implementing the India-Myanmar-Thailand Trilateral Highway project in Myanmar for many years. In relation to this matter, we would like to know how you view this project. In addition, we would also like to hear your perspective on regional connectivity and areas related to cross-border interaction and communication.

**A:** This India-Myanmar-Thailand Trilateral Highway project, which connects Myanmar, Thailand, and India, is over 800 miles long. The Thailand-Myanmar sections are already largely open and operational, with traffic already moving along them. The Indian side, however, is the most important part. In India, the connection from the North-east region linking Tamu and Moreh is a key gateway route. This corridor is particularly important for India, first for enabling Indian products to enter Myanmar through border trade, and second for allowing Indian citizens to travel and engage with Myanmar via the border crossing. These two aspects are the main priorities. However, due to the security situation, there have been some difficulties in certain areas, and the project has been temporarily stalled. We are now working to improve the security situation.

Following the developments in Myanmar in 2021, instability emerged in those areas. At present, Tatmadaw is working to stabilize those regions. Very soon, we are also making efforts to reopen the key route connecting Kalay and Tamu, which is an important border-adjacent city. Once that is completed and the border gate is reopened, it will become possible to travel from central Myanmar through to Thailand. Overall, restoring normal conditions in the Myanmar-India border areas is the most important priority. We are giving this top priority. I would also like to emphasize that this is a project we regard with very high importance.

**Q:** Next, we will ask questions regarding issues of concern to both our countries. India and Myanmar are neighbouring countries sharing a border of about 1,600 kilometres. However, along the border, armed insurgent groups and illegal drug trafficking activities are undermining stability and peace in the border areas. We would like to know how these issues can be better controlled. We would also like to hear the President's views on Myanmar's position that it will not allow its territory to be used by any individual or group carrying out hostile activities against India.

**A:** These armed conflicts and drug-related problems are largely rooted in politics. In the past, our political system was a centralized, government-led system. Later, there were disagreements and divisions. There were also ethnic armed organizations, as well as groups demanding ethnic rights. These factors led to the emergence of armed conflicts. From these conflicts, drug production expanded significantly as a means for them to sustain themselves. However, around 2020, we had reached a situation where we were able to control it to a considerable extent. But in 2021, due to political instability, drug production grew further. We are now carrying out strong crackdowns and enforcement actions against this as well. We have been sharing intelligence from India, and arrests have also been made in India, so to a certain extent, drug suppression efforts on both the India-Myanmar side have been relatively under control. However, there is still work to be completed. To achieve that, Myanmar needs to ensure political stability. Since we are moving toward a democratic system, our government will continue to strengthen democracy. In doing so, issues arising from democratic and political demands, as well as ethnic-related demands, need to be addressed through systematic democratic negotiations and solutions. If we proceed in this way, armed insurgencies will be reduced to some extent, and this will also place significant restrictions on drug production. Therefore, we need to proceed in parallel; only then can we achieve results. Because there are armed insurgent groups, those who oppose India for various reasons are also taking advantage of them and creating disruptions along the India-Myanmar border. I believe that if we address all of these simultaneously, the situation will be resolved. To some extent, we have already made progress in resolving it.

This morning as well, during discussions with the Prime Minister of India, I explained this matter. The areas along the India-Myanmar border are densely forested regions, making travel extremely difficult. During the rainy season, it becomes even more difficult. I have personally visited these areas many times. I also served as a commanding officer of the battalion in that region, so I know it very well. Therefore, regarding this region, we are currently making efforts to improve the security situation before the rainy season begins. If the security situation improves, then, in relation to the question raised earlier—issues related to ethnic groups, armed conflicts, and disturbances to peace and stability, as well as drug-related issues—will significantly decrease, I believe. I am confident

See Page - 20

# Systematic demolition and destruction of an additional three illegal three-storey residential buildings used in committing online scams and gambling operations within the Shwe Kokko Area

NAY PYI TAW June 4

In order to prevent further occurrences of online scams and gambling within illegal buildings located in the Shwe Kokko and KK Park areas of Myawady Township, Kayin State, where online scams and gambling had been based and operated, joint departmental teams are carrying out the permanent demolition of these structures and the systematic destruction of the equipment used in their operations, and it is reported that an additional three illegal three-storey residential buildings within the Shwe Kokko Area were systematically demolished today.

It is reported that out of the 77 buildings used in committing online scams and gambling operations within the Shwe Kokko Area, they have been classified according to building types as 57 buildings to be demolished using heavy machinery and 20 buildings to be destroyed by demolition explosives, and are being systematically demolished and destroyed.

It is also reported that out of the 57 buildings designated for demolition using heavy machinery, three 3-storey residential buildings were systematically demolished today using heavy machinery, bringing the total number of buildings demolished to 33 so far, and the remaining 44 illegal buildings will continue to be systematically demolished.

The State Government, taking up anti-online scam and gambling operations as a national duty, is actively cooperating and coordinating with neighbouring countries in addition to domestic forces to ensure that these operations cannot establish any base within Myanmar. **100**

An illegal building used for operating online gambling that was destroyed with heavy machinery in the Shwe Kokko Area, Myawady District, Kayin State.



From Page - 19

that we will be able to fully resolve these matters in the near future.

**Q:** I have noticed that over the past five years, the Republic of the Union of Myanmar, under your leadership as President, has been facing and addressing various challenges domestically. Therefore, for the development of democracy, the achievement of peace, and the stability of the country, which issue or sector has been the most difficult to address?

**A:** Peace is the most important situation. Then there is the issue of security. Why is there no peace? Because differences in opinions have arisen, that's why there is no peace. We will strive to achieve peace by reducing those differences. On the very day I assumed responsibility, I spoke in parliament and I also addressed the nation. I stated that I would work to achieve peace within 100 days. And I also said that I would strive to achieve genuine national peace within five years. Regarding peace, we have extended invitations. We will negotiate. We will hold discussions and then move forward. On the other side, we also have to work on security matters, on establishing the rule of law. Then there are groups opposing us through violence. In terms of armed opposition, there are two types: one is the EAOs, and the other is the PDFs. EAO stands for Ethnic Armed Organization, and PDF stands for People's Defence Forces. The PDFs are groups that emerged after 2021 due to political disagreements. The EAOs are armed groups that have existed since independence, arising from various issues related to their ethnic groups. So, if we look at these two separately, first we will prioritize resolving the PDFs through both peace and security measures. Then, regarding the EAOs, we will proceed through the peace track. We have already been conducting many negotiations. Their aspirations are diverse, and we have to address those. People will naturally have many desires. However, instead of just talking about what we want, it's better to focus on what is possible and what is appropriate. You surely have many desires too, wanting this or that, but if you pursue the impossible, it won't work. In our country, there are many ethnic groups, over 130 ethnicities, with eight main national ethnic races. Your country has even more. So, since opinions differ from person to person, how do we resolve this? We resolve it through law. We resolve it according to the Constitution. We work to achieve that through the Constitution. The Constitution should be something acceptable and feasible to the majority; we cannot advocate for the impossible. That's why I say peace is the most important. After that, we must move towards development. It is the government's duty to ensure the country's progress. And when we pursue development, it must encompass all the people. Not just ethnic groups. We must implement development that includes the entire population. That is the path we must take. So, for us, peace is number one. Second is stability and security, which we must continuously work on. Simultaneously, we must carry out development activities. That is the way forward. That is my perspective.

**Q:** ASEAN is a highly influential organization both regionally and globally. I would like to know Your Excellency's view on the current relationship between Myanmar and ASEAN.

**A:** The state of relations is that most ASEAN member countries are fine. However, ASEAN's principle of consensus—requiring agreement from all—is where the problems arise. One or two ASEAN member states have a strict stance towards Myanmar. But the majority of ASEAN countries have a favorable view of us. Previously, based on our actions following the election results, ASEAN changed its approach towards us. Nevertheless, we conducted a general election in December 2025 that was fair, free, and just. No one can deny that. Overall, 54.22 percent of eligible voters cast ballots. Among those voters, nearly 50 percent were between the ages of 18 and 40. Nearly half were young people. We cannot force these young people to vote; if we tried, they would run away. They came of their own accord. If you look at the news and images from the election, you'll see they came willingly and enthusiastically to vote. Consider the voting system as well. We implemented a system where vote-rigging is completely impossible. Furthermore, regarding the election and voter lists, we ensured it was a free and fair election. Therefore, regarding our election and its results, we invited international representatives to observe. When we did, they all accepted it; no one rejected it. To this day, no party or candidate has filed a complaint regarding the election. ASEAN knows this too. And concerning the issues caused by the election, now that we have rectified the election and made it good, there are countries that accept this situation. So, for our part, we maintain relations with ASEAN without breaching diplomatic etiquette. However, because ASEAN makes decisions based on consensus, when one or two countries remain rigid, it creates difficulties for other countries to engage with us normally.

But we do have good relations now. Even bilaterally, our relations are good. When I was elected President, many ASEAN countries sent me congratulatory messages. Looking at that, we can say good relations exist. We also hold a favorable view of ASEAN.

**Q:** Mr. President, we will now conclude our discussion. What would Your Excellency like to say to the global audience watching this interview regarding Myanmar?

**A:** Myanmar, our country, is now correctly walking the path that our people hope for. Myanmar is ready to cooperate and work hand-in-hand with the world. Therefore, I would like the world to come and observe our reform efforts. I want them to come and see the ongoing situation firsthand. Then, I believe cooperation with us regarding our country's development would be better. If they choose to cooperate with us, the Myanmar people will gain opportunities to improve their current living conditions in all aspects. So, I want the world to come and see this. I want them to cooperate. I want to say that Myanmar is truly on the right path, the path chosen by the people. However, 'standards' vary. Standards differ from country to country. Just as India's standards differ from those of other Asian countries, Western standards also differ. Even within democracy, standards may not be the same. Myanmar is also moving towards a democratic system that suits Myanmar. We have two political objectives: first, to firmly establish a genuine multi-party democratic system; second, to build a union based on democracy and federalism. That is our goal. That is what I am working on. I want to tell the world that we will proceed with this unwaveringly.

# Puffer fish trading high at domestic market in Maubin Township

MAUBIN June 4

"Trading of puffer fish is booming at the dometic market with high demand in Maubin Township of Ayeyawady Region," said Daw Khaing Khaing Lin, the owner of fisheries trading in Maubin Township.

Starting from the second week of March this year up to the present, buying demand has been strong and trading has been active in the fish market in Maubin Township. It is reported that up to 5,000 viss of puffer fish are traded daily in the market.

"Among aquatic products, puffer fish are currently being traded more frequently. Although they are among the higher-priced fish varieties, trading remains strong. This may be due to the increasing number of consumers. Besides local demand, they are also being traded in the Yangon market. The main reason is that buyers from Yangon are purchasing the puffer fish shipped from this area. Puffer fish are regularly arriving at local wholesale centers, and the fish entering these centers are also fresh. As exports increase, those involved in the fisheries sector and related businesses are doing well," said Daw Khaing Khaing Lin.

Seafood traders in Maubin Township purchase puffer fish and other locally produced aquatic products, inspect and clean them systematically, and then distribute and ship them to the areas where they are purchased. The market price of puffer fish currently ranges from Ks-18,000 to Ks-22,000 per viss.

**SK**

# Bogale Township sells 65,000 viss of crabs to Yangon market within one month

BOGALE June 4

"Local merchants from Bogale Township of Ayeyawady Region sent 65,000 viss of crabs to Yangon market within one month," said Daw Ei Ei Htay, the owner of the marine product trading depot in Bogale Township.

Crabs from Bogale Township were exported and sold to the Yangon market, with shipments reaching only up to 45,000 viss in October, while exports increased to 83,000 viss during the one-month period in November. It is learned that demand for these crabs remains strong in the Yangon market.

"From Bogale Township, we are exporting and selling seafood products, including crabs, to the Yangon market. In the past month, we were able to export and sell up to 65,000 viss of crabs. Even in December, seafood products exported from here continue to see strong demand in the Yangon market. The strong demand for crabs is due to domestic needs as well as the emergence of export markets. As crab purchases increase, fisheries business operators are becoming more active in trading," said Daw Ei Ei Htay.

Seafood products, including crabs, from Bogale Township are being exported and sold to the Yangon market, where crabs are currently fetching prices ranging from Ks-18,000 to Ks-22,500 per 10 viss. Due to the rising demand for these sea crabs, it is reported that fishermen, traders, and cargo truck rental operators are experiencing improved business conditions.

**SMK**

# Vice President U Nyo Saw attends opening ceremony of 29th St. Petersburg International Economic Forum – SPIEF 2026

NAY PYI TAW June 4

The opening ceremony of the 29th St. Petersburg International Economic Forum – SPIEF 2026 was held at EXPOFORUM Convention and Exhibition Centre in St. Petersburg this evening local time and Vice President U Nyo Saw attended the ceremony and took part in discussions.

Also present at the ceremony were the deputy prime minister of the Russian Federation, the deputy prime minister of Vietnam Socialist Republic, the vice chairman of Kyrgyz Republic government, union ministers, senior officials and delegation members from more than 130 countries across the world, the Myanmar Ambassador to the Russian Federation, the Myanmar consul general in St. Petersburg and officials, invited heads of states and officials and entrepreneurs.

First, a documentary video about the 29th SPIEF 2026 was screened and the governor of St. Petersburg extended greetings.

Then, Vice President U Nyo Saw took part in discussions, saying Myanmar has great potentials for sustainable growth and as it is located at the focal point of East Asia, Southeast Asia and South Asia, it boasts a strategically distinctive geographical position. Myanmar acts as a natural land bridge that connects regional markets and facilitate trade, transportation and economic integration. To take these advantages firmly, the Myanmar Government has adopted and implemented policies that facilitate trade and improve business environment.



The Myanmar delegation led by Vice President U Nyo Saw holds talks with Russian officials in St. Petersburg.

Moreover, as our country has carried out reforms to modernize the agriculture and livestock sectors to boost production, to strengthen food security and to contribute to sustainable development, international cooperation has been implemented in many sectors including the technology sector. International cooperation is especially invited for the transportation, communications, digital infrastructure, logistic, exportoriented manufacturing, technological and digital services sectors.

Afterward, the vice chairman of Kyrgyz Republic, the deputy prime minister of the Russian Federation, the executive director of Asia-Pacific Economic Cooperation Organization and the deputy prime minister of Vietnam Socialist Republic took part in the discussions.

Earlier, the delegation led by the Vice President attended the EAEU-ASEAN economic forum in the morning and Union Minister for National Planning, Investment and Foreign Economic Relations U Aung Kyaw Hoe took part in discussion over digital transformation in medium- and long-term economic cooperation between the EAEU and the ASEAN, the importance of resources and natural disaster resilience and cooperation in mutually beneficial innovative economic fields between business communities in the EAEU and the ASEAN.

Then, the Vice President received delegations led by Governor of Kaliningrad Mr. Alexander Drozdenko and Russian Economic Development Minister Mr. Maksim Reshetnikov at the center separately and discussed promotion of relations not only between state/regional governments but also between the people of Myanmar and Kaliningrad, promotion of trade and investment, expansion of the tourism sector as a visa free agreement has been signed between the two countries, trade and economic cooperation between the two countries by Myanmar-Russia G to G trade and economic cooperation commission, developments in projects and processes jointly implemented by the two countries, potentials for further cooperation and cooperation in the industrial, mining, labor and energy sectors.

**Myawady**

---

# Kawlin District completes harvest of all winter sesame acres

KAWLIN June 4

All of the sesame planted in Kawlin District, Sagaing Region in this winter crops planting season has been harvested, according to the Department of Agriculture for Kawlin District.

Kawlin District planted 28,192 acres of sesame during the winter cropping season, with harvesting beginning in January this year. As of now, 14,055 acres have been harvested in Kawlin Township, 9,005 acres in Wuntho Township, and 5,132 acres in Pinlebu Township, totalling 28,192 acres, with an average yield of 11.73 baskets per acre.

"Sesame cultivation has been increasing year by year. Sesame is mainly grown in the winter rather than the rainy season. As for oilseed crops, it is in a successful situation," said U Win Thein, head of Department of Agriculture for Kawlin District.

**SMK**

---

# Myinmu Township harvests all plantations of winter butter bean

MYINMU June 4

Statistics of Sagaing District Agriculture Department indicated that local farmers have harvested all sown acreage of butter bean plantations in Myinmu Township of Sagaing Region.

Local farmers planted 1,955 acres of butter bean plantations in the cold season in Myinmu Township. They started harvest of crops in January 2026, and so far, they have harvested all plantations, yielding 17.77 baskets per acre.

"During the winter cropping season in Myinmu Township, a total of 1,955 acres of butter bean were cultivated. At present, harvesting has been completed on 100 percent of the butter bean plantations. Butter beans are mainly grown during the winter season, and the crop has been successful in terms of yield. As butter beans fetch a good market price, farmers rely on the crop for cultivation," said Daw Myat Moe Win, Head of the Sagaing District Department of Agriculture.

During this monsoon cropping season in Myinmu Township, local farmers grow butter beans both as a main crop, while some farmers also cultivate them as an intercropped crop to generate additional income.

In Myinmu Township this year, the Township Department of Agriculture has been providing support to farmers cultivating various pulses by assisting with measures to increase crop yields, encouraging the use of quality seeds, and providing necessary agricultural technologies. It is also reported that farmers have been given training and awareness on the preparation and use of natural pesticides for the prevention of crop pests and diseases, as well as on timely harvesting practices.

**SK**

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဒေသထွက်အစာကုန်ကြမ်းကိုအသုံးပြုလို့ သားငါးတိုးတက်မွေးမြူစို့

ပီပီအိုင်ဘီ

ယခုအခါ ကမ္ဘာ့လူဦးရေသည် ၈ ဒသမ ၃ ဘီလီယံသို့ ရောက်ရှိလာပြီဖြစ်ပါသည်။ လူဦးရေ တိုးမြင့်လာခြင်းနှင့်အတူ အသက်ရှင်သန်ရပ်တည်ရေးအတွက် စားနပ်ရိက္ခာလိုအပ်မှုသည်လည်း မြင့်တက်လာလျက်ရှိပါသည်။ လူသားများ၏ စားရေးနှင့် ဝတ်ရေးကို စိုက်ပျိုး၊ မွေးမြူရေးမှ အဓိက ထောက်ပံ့ပေးနေခြင်းဖြစ်သည်။ ကျွန်တော်တို့ နိုင်ငံ၏ရာသီဥတုနှင့် ပိုင်ဆိုင်သော မြေအနေအထားတို့သည် စိုက်ပျိုးမွေးမြူရေးကောင်းစွာဆောင်ရွက် အောင်မြင်ဖြစ်ထွန်းသည့်အတွက် ရှေးယခင်ကပင် စိုက်ပျိုးရေးနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်ကို တွေ့ရှိနိုင်ပါသည်။ ထို့ပြင် နိုင်ငံတော်၏ တည်နေရာ ပထဝီအနေအထားအရ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် တည်ရှိလျက်ရှိသည်။ နိုင်ငံ့ပတ်ဝန်းကျင်၌လည်း အရှေ့တောင်အာရှနိုင်ငံများအပါအဝင် အိမ်နီးချင်းနိုင်ငံများရှိလူဦးရေသည် ကမ္ဘာ့စုစုပေါင်းလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့် နေထိုင်လျက်ရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ များပြားလှသော လူဦးရေအတွက် နေ့စဉ်အားဖြင့် စားနပ်ရိက္ခာလိုအပ်ချက်များလည်းမြင့်တက်လျက်ရှိရာ အဆိုပါစားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းရောင်းချနိုင်သည့် အခွင့်အရေးကို ကျွန်တော်တို့ မြန်မာနိုင်ငံမှ ရရှိပိုင်ဆိုင်ထားသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါသည်။

ကျွန်တော်တို့နိုင်ငံအတွင်းရှိ ပြည်သူအများ ကျန်းမာကြံ့ခိုင်မှုရှိစေရန်နှင့် အာဟာရပြည့်ဝစွာ စားသုံးနိုင်ရန်အတွက် လိုအပ်သော အသားငါးလိုအပ်မှုအားသုတေသနပြု တွက်ချက်မှုများအရ လူတစ်ဦးလျှင် တစ်နှစ်အတွက် အသားငါးလိုအပ်ချက်စံနှုန်းမှာ အမဲသား ၂ ဒသမ ၀၄ ပိဿာ၊ ဝက်သား ၁ ဒသမ ၇၅ ပိဿာ၊ ဆိတ်သား သုည ဒသမ ၇၀ ပိဿာ၊ ကြက်သား ၆ ဒသမ ၇၆ ပိဿာနှင့် ငါး ၆ ဒသမ ၇၆ ပိဿာခန့် လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသားငါးထုတ်လုပ်နိုင်မှုနှင့် လိုအပ်ချက်ကို နှိုင်းယှဉ်ကြည့်ပါက ဝက်သားမှလွဲ၍ ကျန်အသားများ၏ ဖူလုံမှုမှာ ၆၀ ရာခိုင်နှုန်းဝန်းကျင်ရှိပြီး ဆိတ်သားထုတ်လုပ်နိုင်မှုနှင့် ဖူလုံမှုရာခိုင်နှုန်းမှာ ၂၃ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ ပြည်တွင်းအသားစားမှုဖူလုံမှုမှသည် ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သည်အထိ ရည်မှန်းချက်ထားမွေးမြူဆောင်ရွက်သွားကြရမည်လည်းဖြစ်ပါသည်။

တိရစ္ဆာန်မွေးမြူရေးတွင် လွှတ်ကျောင်းစနစ်၊ လှန်မွေးစနစ်နှင့် ခြံလှောင်စနစ်ဟူ၍ စနစ်သုံးမျိုးရှိရာ လွှတ်ကျောင်းစနစ်မှာ စရိတ်သက်သာသော နည်းလမ်းဖြစ်ပြီး လှန်မွေးစနစ်မှာလည်း အထိုက်အလျောက်အားဖြင့်စရိတ်သက်သာစေသောနည်းလမ်းမျိုးဖြစ်ပါသည်။ အာဟာရညီညွတ်မျှတ၍ အထွက်နှုန်းတိုးစေရန်အတွက်ဆိုလျှင် ရေနှင့်အစာကို စနစ်တကျတွက်ချက်ကျွေးမွေးနိုင်သော ခြံလှောင်စနစ်ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်ထိရောက်မှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ လိုအပ်သောတိရစ္ဆာန်အစာအတွက် ဒေသထွက်အစာကုန်ကြမ်းများကိုအသုံးပြု၍ စနစ်တကျရောစပ်ကျွေးမွေးခြင်းဖြင့် ကုန်ကျစရိတ်သက်သာသည့် အကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်သည်။

> ❑ **တိရစ္ဆာန်မွေးမြူကြသော တောင်သူကြီးများအနေဖြင့် ပြည်ပမှတင်သွင်းသော အသင့်သုံးစပ်စာများကို ဈေးနှုန်းကြီးမားစွာပေး၍ ဝယ်ယူကျွေးမွေးအသုံးပြုနေကြရသဖြင့် မလိုအပ်ဘဲ ငွေကြေးကုန်ကျစရိတ်မြင့်မားနေခြင်းဖြစ်ပါသည်။ မိမိဒေသဝန်းကျင်နှင့် ပြည်တွင်းမှထွက်ရှိသည့် အစာကုန်ကြမ်းများကို စပ်စာသဖွယ် စနစ်တကျရောစပ်ကျွေးမွေးခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေသည့်အပြင် သင့်လျော်သော အသားအထွက်နှုန်းကိုလည်းရရှိနိုင်မည်ဖြစ် . . .**

မွေးမြူထားသော တိရစ္ဆာန်များအတွက် အစာဖြစ်သည့် ဒေသမြက်များသည် အသားဓာတ်ပါဝင်မှုနှင့် အာဟာရဓာတ်ပါဝင်မှုနည်းသဖြင့် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များအား မွေးမြူရာ၌ အာဟာရဓာတ်ပြည့်ဝပြီး အရည်အသွေးမြင့်မားသည့် နေဗီယာမြက်ကဲ့သို့သော တိရစ္ဆာန်အစာများကို ကိုယ်တိုင်စိုက်ပျိုးကျွေးမွေးကြရန်လိုအပ်ပါသည်။ ထိုသို့အရည်အသွေးပြည့်ဝသော တိရစ္ဆာန်အစာကို သင့်တင့်သည့် ပမာဏကျွေးမွေးခြင်းဖြင့် အစာအတွက် ကုန်ကျစရိတ် သက်သာစေမည့်အပြင်အသားထုတ်လုပ်မှုတွင်လည်း စံချိန်မီသည့်အတွက်မွေးမြူသူများ ဝင်ငွေတိုးတက်ရရှိစေမည်မှာ မလွဲကေန်ဖြစ်သည်။

တိရစ္ဆာန်များ ရောဂါကင်းပြီး ကိုယ်ခန္ဓာကြီးထွားသန်မာ၍ အထွက်နှုန်းတိုးစေရန်အတွက် စွမ်းအင်၊ အသားဓာတ်၊ ရေ၊ ဗီတာမင်နှင့် ဓာတ်သတ္တုများ လိုအပ်ပါသည်။ ဒေသအတွင်း အလွယ်တကူရှာဖွေရရှိနိုင်၍ ဈေးနှုန်းသက်သာကာ အရည်အသွေးမြင့်ပြီး အရသာရှိသော စီးပွားရေးအရတွက်ခြေကိုက်သည့် အစာများကို အာဟာရနှင့်အညီ အချိုးကျပေါင်းစပ်အသုံးပြုနိုင်ရန်လိုအပ်ပါသည်။

မွေးမြူရေးလုပ်ငန်းများတွင် အစာနအဖြစ် အများဆုံးအသုံးပြုသော စပ်စာများ၌ ပါဝင်သောပစ္စည်းများသည် မွေးမြူသည့် တိရစ္ဆာန်အမျိုးအစားနှင့် ဒေသထွက်ကုန်ကြမ်းများအပေါ်မူတည်၍ ကွဲပြားကြသည်ကို တွေ့ရှိရပါသည်။ စပ်စာများတွင် အဓိကအားဖြင့် ဆန်ကွဲ၊ ဖွဲနု၊ ပြောင်းစေ့၊ ပဲပုပ်ဖတ်၊ ပဲဖတ်၊ နှမ်းဖတ်၊ ဝါကြိတ်ဖတ်၊ ကုလားပဲခွံ၊ ငါးပေါင်းမှုန့်၊ ငါးခြောက်မှုန့်၊ ပုစွန်ဖွဲချို၊ တင်လဲရည် စသည်တို့ရရှိမှုအပေါ်မူတည်၍ လိုအပ်သလို ရောစပ်ကျွေးမွေးကြခြင်းဖြစ်သည်။ အဆိုပါပစ္စည်းများသည် ပြည်တွင်း၌ထွက်ရှိသောပစ္စည်းများဖြစ်သဖြင့် လိုအပ်သလို စနစ်တကျရောစပ်ကျွေးမွေးမည်ဆိုပါက ကုန်ကျစရိတ်ကို သက်သာစေသည်သာမက အသားအထွက်နှုန်းလည်းတိုးတက်မည်မှာသေချာပါသည်။ တိရစ္ဆာန်မွေးမြူကြသော တောင်သူကြီးများအနေဖြင့် ပြည်ပမှတင်သွင်းသော အသင့်သုံးစပ်စာများကို ဈေးနှုန်းကြီးမားစွာပေး၍ ဝယ်ယူကျွေးမွေးအသုံးပြုနေကြရသဖြင့် မလိုအပ်ဘဲ ငွေကြေးကုန်ကျစရိတ်မြင့်မားနေခြင်းဖြစ်ပါသည်။ **မိမိဒေသဝန်းကျင်နှင့် ပြည်တွင်းမှထွက်ရှိသည့် အစာကုန်ကြမ်းများကို စပ်စာသဖွယ် စနစ်တကျရောစပ်ကျွေးမွေးခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေသည့်အပြင်သင့်လျော်သော အသားအထွက်နှုန်းကိုလည်းရရှိနိုင်မည်ဖြစ်ပါသည်။**

တိရစ္ဆာန်အစာတွင် ပါဝင်ရောစပ်ကြသည့် ဆန်ကွဲနှင့် ဖွဲနုတို့သည် စပါးကို ဆန်အဖြစ် ကြိတ်ခွဲသန့်စင်ရာမှ ထွက်ရှိလာခြင်းဖြစ်ပြီး ပဲပုပ်ဖတ်၊ ပဲဖတ်နှင့် နှမ်းဖတ်တို့သည်လည်း နှမ်း၊ ပဲပုပ်နှင့် မြေပဲတို့ကို စားသုံးဆီရရှိအောင် ကြိတ်ခွဲရာမှ ထွက်ရှိခြင်းဖြစ်သည်။ ပုစွန်ဖွဲချိုဆိုသည်မှာ လူစားသုံးသော ပုစွန်ခြောက်ကို သန့်စင်ထုတ်လုပ်ရာမှ ထွက်ရှိသည့်ပစ္စည်းဖြစ်သည်။ တင်လဲရည်သည်လည်း သကြားစက်များမှ သကြားထုတ်လုပ်ပြီး ထွက်ရှိလာသည့် ပစ္စည်းမျိုးဖြစ်သည်။ ထိုကဲ့သို့ လူသားတို့အတွက် အဓိကစားသုံးကုန်များကို ထုတ်လုပ်ဆောင်ရွက်ပြီး ကျန်ရှိသည့်ပစ္စည်းများကို တိရစ္ဆာန်မွေးမြူရေးတွင် အကျိုးရှိစွာ စနစ်တကျပြန်လည်အသုံးပြုရန်လိုအပ်ပါသည်။ မွေးမြူသည့် တိရစ္ဆာန်အမျိုးအစားအလိုက် လိုအပ်သည့်အစာနအား ပြည်တွင်းထွက်နှင့်ဒေသထွက်ပစ္စည်းများကို အသုံးပြုဆောင်ရွက်တတ်စေရေး စိုက်ပျိုးမွေးမြူရေးပညာရှင်များက အခါအားလျော်စွာ အသိပညာပေး ဟောပြောပေးလျက်ရှိရာ လိုက်ပါလုပ်ဆောင်ခြင်းဖြင့် မိမိတို့၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်သည်။

ထို့ပြင် စားမြုံ့ပြန်သတ္တဝါများဖြစ်သော ကျွဲ၊ နွား၊ သိုး၊ ဆိတ်များသည် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးရေးအတွက် အစာကြမ်း(forage)ဖြစ်သော မြက်၊ ကောက်ရိုးတို့ကို ကောင်းစွာချေဖျက်စားသောက်နိုင်သည်ကိုတွေ့ရှိရပါသည်။ ကျွဲ၊ နွားတစ်ကောင်သည် နေ့စဉ် အစာကြမ်းအခြောက်ဓာတ်ကို ၎င်း၏ ခန္ဓာကိုယ်အလေးချိန် (အရှင်ချိန်)၏ ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းခန့် စားသုံးပေးရန် လိုအပ်သည်။ ခန္ဓာကိုယ်အလေးချိန် ပိဿာ ၁၀၀ ရှိသော ကျွဲ၊ နွားတစ်ကောင်အနေဖြင့် တစ်ရက်လျှင် အစာကြမ်း အခြောက်ဓာတ် ၂ ပိဿာမှ ၃ ပိဿာခန့် စားသုံးပေးရန် လိုအပ်မည်ဖြစ်သည်။ အစာကြမ်း အခြောက်ဓာတ်ဆိုသည်မှာ အစာကြမ်းထဲတွင်ပါဝင်သည့် ရေ(အစိုဓာတ်)ဖယ်ထုတ်ပြီး ကျန်ရှိသည့်အစာကို ဆိုလိုခြင်းဖြစ်သည်။ ပုံမှန်အချိန်တွင် ရိတ်သိမ်းထားသော နေဗီယာမြက်၌ အစိုဓာတ် ၇၅ ရာခိုင်နှုန်းနှင့် အခြောက်ဓာတ် ၂၅ ရာခိုင်နှုန်းပါဝင်ပြီး ကောက်ရိုးတွင် အစိုဓာတ် ၄ ရာခိုင်နှုန်းနှင့် အခြောက်ဓာတ် ၉၆ ရာခိုင်နှုန်း ပါဝင်ကြောင်း တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အလေးချိန် ပိဿာ ၁၀၀ ရှိသော ကျွဲ၊ နွားတစ်ကောင်အတွက် တစ်ရက်လျှင် အစာကြမ်းအဖြစ် နေဗီယာမြက်အစိုအလေးချိန် ၈ ပိဿာမှ ၁၂ ပိဿာခန့်အထိ ကျွေးမွေးရန် လိုအပ်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်၍ အဆိုပါ ကျွဲ၊ နွားတစ်ကောင်အတွက် တစ်လစာ အစာကြမ်းအဖြစ် နေဗီယာအစို ၂၄၀ ပိဿာမှ ၃၆၀ ပိဿာအထိ လိုအပ်မည်ဖြစ်ရာ တစ်နှစ်လျှင် နေဗီယာမြက် ပိဿာ ၄၃၀၀ ခန့် လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ နေဗီယာမြက်တစ်ဧက၏ တစ်နှစ်အထွက်နှုန်းမှာ ပိဿာ ၁ သိန်း ၂ သောင်းကျော်ခန့် ရှိသဖြင့် ကျွဲ၊ နွားကောင်ရေ ၃၀ ခန့်အတွက် လိုအပ်သော အစာကြမ်းကို နေ့စဉ်ထုတ်လုပ်ရရှိနိုင်မည်ဟု တွက်ချက်နိုင်သော်လည်း မြက်ထွက်ရှိမှုနှုန်းကွာခြားချက်နှင့် ကျွဲ၊ နွားတို့၏ အရွယ်ကွာခြားချက်ကြောင့် အစာစားနှုန်းကွာခြားချက်များရှိနိုင်သဖြင့် ကျွဲ၊ နွားအကောင်ရေ ၂၀ အတွက် နေဗီယာမြက်တစ်ဧက စိုက်ပျိုးထားလျှင် လုံလောက်နိုင်ကြောင်း တွေ့ရှိရပါသည်။

ကျွန်တော်တို့နိုင်ငံတွင် ရှေးယခင်ကတည်းက ကောက်ရိုးကို ကျွဲ၊ နွားအစာအဖြစ် ကျွေးမွေးခဲ့ကြပါသည်။ ကောက်ရိုးကို ခုတ်စဉ်း၍ ဆား၊ ဖွဲနု၊ နှမ်းဖတ်၊ ပဲဖတ်၊ ပဲမှော် စသည်တို့ဖြင့် ရောနှောကျွေးမွေးခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ကောက်ရိုးတွင် အသားဓာတ်ပါဝင်မှုနည်းပါးပြီး အမျှင်ဓာတ်နှင့် လင်နင် (Lignin) ဓာတ်ပါဝင်မှုများသောကြောင့် အာဟာရဖြစ်မှုနည်းပါးသည်ကို တွေ့ရှိရပါသည်။ ကောက်ရိုးတွင်ပါဝင်သည့် အမျှင်ဓာတ်ကို ကျွဲ၊ နွားများ၏ အစာအိမ်ကချေဖျက်ရန် ခက်ခဲသဖြင့် အစာများစွာ စားထားသော်လည်း အာဟာရဖြစ်မှုနှင့်ကြီးထွားမှုတွင် အားနည်းသည်ကိုတွေ့ရှိရပါသည်။ ထို့ကြောင့် အာဟာရပို၍ရရှိပြီး ကျွဲ၊ နွားများ အသားတိုးနှုန်းပိုလာစေရန်အတွက် ကောက်ရိုးကိုအချဉ်ဖောက်၍ ကျွေးမွေးခြင်းပြုနိုင်ကြောင်း ပညာရှင်များက ဖော်ထုတ်ထားကြသည်ကိုလည်း တွေ့ရှိရပါသည်။ ကောက်ရိုးကို နည်းစနစ်တကျ ချဉ်ဖတ်ပြုလုပ်ပြီးနောက် သုံးပတ်ခန့်အကြာတွင် ကျွဲ၊ နွားများအား စတင်ကျွေးမွေးနိုင်ကြောင်းတွေ့ရှိရပါသည်။ ကောက်ရိုးအပြင် ပြောင်း၊ နံ့စားပြောင်း၊ နေဗီယာ၊ အစ္စရေးမြက်ချိုတို့ကဲ့သို့ သကြားဓာတ်ပါဝင်သော အပင်များအားလည်း ချဉ်ဖတ်ပြုလုပ်ကျွေးမွေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ချဉ်ဖတ်ပြုလုပ်ကျွေးမွေးခြင်းဖြင့် အာဟာရတန်ဖိုးမပြောင်းလဲခြင်း၊ အချိန်ကာလကြာမြင့်စွာ ထားသိုကျွေးမွေးနိုင်ခြင်း စသောအကျိုးကျေးဇူးများကိုရရှိစေသဖြင့် အစာကြမ်းရရှိခက်ခဲသော အချိန်များတွင် အသားတိုးနှုန်းမကျအောင် ကျွေးမွေးနိုင်မည်ဖြစ်ပါသည်။ ထိုသို့ ပြုပြင်ကျွေးမွေးပါက တိရစ္ဆာန်ကြီးထွားမှုနှုန်းကောင်းမွန်ပြီး ရောဂါခံနိုင်ရည်အားကောင်းသော အကျိုးကျေးဇူးများရရှိနိုင်သဖြင့် ရိုးရှင်းလွယ်ကူသည့် နည်းလမ်းများဖြင့် ချဉ်ဖတ်ပြုလုပ်ကျွေးမွေးကြစေလိုပါသည်။ အစာချဉ်ဖတ်ပြုလုပ်ရန် နည်းလမ်းများစွာရှိသည့်အနက် ယူရီးယားဖြင့် ပြုလုပ်နည်း၊ တင်လဲရည်ဖြင့် ပြုလုပ်နည်းနှင့် EM ဖြင့်ပြုလုပ်နည်း စသည်ဖြင့်များစွာရှိပြီး မိမိနှင့်လက်လှမ်းမီသည့်နည်းကို ကိုယ်တိုင်ဆောင်ရွက်ကျွေးမွေးပါက တောင်သူဦးကြီးများ မလွဲမသွေအကျိုးရှိမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်ကြပါသည်။ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူပြီး မွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သော တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ပြည်တွင်းအသားငါး ဖူလုံမှုရှိလာပါက ပြည်သူများအနေဖြင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်မည့်အပြင် ပြည်ပသို့ပါ ပို့ကုန်တိုးမြှင့်တင်ပို့ရောင်းချနိုင်မည်ဖြစ်ပါသည်။ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့** ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး အလုပ်လုပ်ကြရန် လိုအပ်သည့်အတွက် ပြည်တွင်းအသားငါး ထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေး **ဒေသထွက် အစာကုန်ကြမ်းကိုအသုံးပြုလို့ သားငါးတိုးတက်မွေးမြူစို့** ဟုတိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## (၄-၆-၂၀၂၆)ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏**ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် | | |
|---|---|---|---|
| နေပြည်တော် | ၂၆˚c | / | ၃၅˚c |
| ရန်ကုန် | ၂၆˚c | / | ၃၃˚c |
| မန္တလေး | ၂၅˚c | / | ၃၈˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ထူးခြားသည့်နေ့အပူချိန်များ

၄-၆-၂၀၂၆

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| တောင်ငူ | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၃၅၄ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၄

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဇွန်လ ၅ ရက်မှ ၁၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၃၅၄ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

မြဝတီ

## ပြည်ထောင်စုနယ်မြေ နေပြည်တော် ၃၃ ကေဗွီဓာတ်အားခွဲရုံအမှတ်(၁)ရှိ ၁၁ ကေဗွီ နိုင်ငံခြားရေးဓာတ်အားလိုင်းအား ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးဓာတ်အားလိုင်းတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ၃၃ ကေဗွီဓာတ်အားခွဲရုံအမှတ်(၁)မှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၁၁ ကေဗွီ နိုင်ငံခြားရေးဓာတ်အားလိုင်းအား ၂၀၂၆ ခုနှစ် ဇွန်လ ၆ ရက်နှင့် ၁၃ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သဖြင့် ၁၁ ကေဗွီနိုင်ငံခြားရေးဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ဝန်ကြီးဌာနရုံးအချို့နှင့် အဖွဲ့အစည်းများအား ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ အစိုးရရုံးဌာနများနှင့် အဖွဲ့အစည်းများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

မြဝတီ





○ **ကျောဖုံးမှအဆက်**

အဆိုပါ စက်ရုံမှထွက်ရှိလာသည့် ဓာတ်အားကို ဝိုင်းမော်ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး ဓာတ်အားပို့လွှတ်နိုင်ခဲ့သော်လည်း ၂၃၀ ကေဗွီ အုန်းတော-ရွှေဘို-နဘားဓာတ်အားလိုင်းချွတ်ယွင်းပြီး နယ်မြေအခြေအနေကြောင့် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၉ ရက်မှစ၍ ဓာတ်အားစနစ်နှင့် ချိတ်ဆက်နိုင်မှုမရှိသော်လည်း မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း စသည့်မြို့များရှိသည့် ဒေသများတွင်နေထိုင်သည့် ပြည်သူလူထုများ လျှပ်စစ်မီးရရှိရေးအတွက် သီးသန့်ဓာတ်အားစနစ်ဖြင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသောကြောင့်ဒေသတွင်းလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးများစွာရှိပြီး ကချင်ပြည်နယ်အတွက် အရေးပါသောစက်ရုံတစ်ရုံဖြစ်သည်။

လာမည့်မိုးရာသီကာလတွင် ဓာတ်အားပေးစက်သုံးလုံးအား စက်စွမ်းအားပြည့်မောင်းနှင်နိုင်ရန်နှင့် ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ စက်မှု/လျှပ်စစ်ပိုင်းဆိုင်ရာ ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ အမှတ်(၁) ဓာတ်အားပေးစက်ကို ၂၀၂၆ ခုနှစ် မတ်လ ၂၂ ရက်မှ မေလ ၁၄ ရက်အထိ ဆောင်ရွက်ပြီးစီးခဲ့ပြီး အမှတ်(၃) ဓာတ်အားပေးစက်ကို မေလ ၁၅ ရက်မှ ဇွန်လ ၁၃ ရက်အထိ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျန်အမှတ်(၂)ဓာတ်အားပေးစက်ကို ဇွန်လ ၁၄ ရက်မှ ဇူလိုင်လ ၁၃ ရက်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှသတင်းရရှိသည်။

မြဝတီ

## (၄-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၀,၅၇၉,၄၆၀.၇၄ | ၁,၄၁၀,၉၈၀.၂၉ | ၁၅,၁၂၆,၂၄၇.၀၆ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂.၉၁ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၁၁ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၀၀ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁,၆၅၀ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ပြောင်းလဲနေတဲ့ ကမ္ဘာ့အခင်းအကျင်းအတွက် အိန္ဒိယနိုင်ငံရဲ့အဖြေ




ကမ္ဘာကြီးက အခုအချိန်မှာ တော်တော်လေးကို ရှုပ်ထွေးပွေလီတဲ့ အခြေအနေကိုရောက်နေပါတယ်။ စစ်အေးတိုက်ပွဲပြီးကတည်းက ကြည့်မယ်ဆိုရင် အခုအချိန်ဟာ နိုင်ငံရေး၊ စီးပွားရေးနဲ့ စစ်ရေးအရ အကျပ်တည်းဆုံးကာလလို့တောင် ပြောလို့ရပါတယ်။ ဒီလိုမျိုးရိုက်ခတ်မှုတွေ ပြင်းထန်နေတဲ့ ကမ္ဘာ့ဇာတ်ခုံပေါ်မှာ အိန္ဒိယနိုင်ငံဟာ အတော်လေးစိန်ခေါ်မှုများတဲ့ ပထဝီနိုင်ငံရေးရေစီးကြောင်းထဲကို ရောက်နေတာဖြစ်ပါတယ်။ သူ့အနေနဲ့ အဓိကဖိအားနှစ်ခုကို တစ်ပြိုင်နက်တည်းရင်ဆိုင်နေရတာပါ။ အဲဒါတွေကတော့ အမေရိကန်နဲ့ တရုတ်နိုင်ငံကြား ပိုပြီးတော့ ပြင်းထန်လာတဲ့ စီးပွားရေးနဲ့ နည်းပညာဆိုင်ရာအပြိုင်အဆိုင်ဖြစ်မှုတွေဖြစ်သလို တစ်ဖက်မှာလည်း အရှေ့အလယ်ပိုင်းဒေသမှာဖြစ်ပွားနေတဲ့ စစ်မီးတွေကြောင့် ကမ္ဘာတစ်ဝန်းလုံးကို ရိုက်ခတ်သွားတဲ့ လူသားချင်းစာနာထောက်ထားမှုအကျပ်အတည်းနဲ့ နောက်ဆက်တွဲစီးပွားရေးပြဿနာတွေပဲ ဖြစ်ပါတယ်။

ဒီလိုဖိအားတွေက အိန္ဒိယကိုတုံ့ဆိုင်းသွားအောင်ဒါမှမဟုတ် လမ်းပျောက်သွားအောင်မလုပ်နိုင်ခဲ့ပါဘူး။ အိန္ဒိယက ဒီပြဿနာတွေကိုကြည့်ပြီး ကြောက်လန့်မနေဘဲ ကိုယ်ပိုင်မူဝါဒတစ်ခုကို ခိုင်ခိုင်မာမာချမှတ်ကာ တုံ့ပြန်ခဲ့ပါတယ်။ အဲဒါကတော့ မူဝါဒကိုအခြေခံတဲ့ ဘက်စုံမဟာမိတ်ပြုခြင်းဆိုတဲ့ ဗျူဟာပဲဖြစ်ပါတယ်။ ဆိုလိုတာကတော့ ကမ္ဘာ့အင်အားကြီးနိုင်ငံအသီးသီးနဲ့ နက်နက်ရှိုင်းရှိုင်းဆက်ဆံရေးကို တည်ဆောက်ပေမယ့် မိမိနိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကိုတော့ ဘယ်သူ့လက်ထဲကိုမှ မအပ်ဘဲ အပိုင်ဆုပ်ကိုင်ထားတဲ့ နည်းဗျူဟာဖြစ်ပါတယ်။ အိန္ဒိယက ဒီလိုမဟာဗျူဟာမြောက် မျှခြေကို ဘယ်လိုပုံစံနဲ့ ဘာကြောင့်ကျင့်သုံးနေရလဲဆိုတာကို အချက်အလက်တစ်ခုချင်းစီအလိုက် ဆက်စပ်ကြည့်ကြရအောင်ပါ။

လက်ရှိအချိန်မှာ အနောက်နိုင်ငံတွေက နိုင်ငံတစ်နိုင်ငံအပေါ်မှာ အလွန်အမင်းမှီခိုနေရတဲ့ စီးပွားရေးကွင်းဆက်တွေကို ဖြတ်တောက်ဖို့ ကြိုးစားနေကြပါတယ်။ ဒီလိုဖြတ်တောက်ပြီး တခြားနေရာတွေမှာ အစားထိုးဖို့ပြင်ဆင်လာကြတဲ့အခါ အိန္ဒိယအတွက် ထူးခြားပြီး အကျိုးအမြတ်များတဲ့ အခွင့်အလမ်းကြီးတစ်ခုဖြစ်လာခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံစုံ ကော်ပိုရေးရှင်းကြီးတွေဟာ တစ်နိုင်ငံတည်းမှာပဲ စက်ရုံတွေပုံအောမထားတော့ဘဲ တခြားနိုင်ငံတွေဆီခွဲထုတ်ပြီး ရင်းနှီးမြှုပ်နှံတဲ့မဟာဗျူဟာကိုသုံးလာကြပါတယ်။ အဲဒီလိုခွဲထုတ်လိုက်တဲ့ ရင်းနှီးမြှုပ်နှံမှုအများစုဟာ အိန္ဒိယနိုင်ငံဆီကို တစ်ရှိန်ထိုးစီးဝင်လာတာတွေ့ရပါတယ်။

အထူးသဖြင့် အမေရိကန်နဲ့ အိန္ဒိယတို့ကြားက အရေးကြီးပြီးထွန်းသစ်စနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာဆိုရင် တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ ဉာဏ်ရည်တု၊ ကွမ်တမ်ကွန်ပျူတာနဲ့ အာကာသနည်းပညာ စတဲ့နယ်ပယ်ကဏ္ဍအစုံမှာ နှစ်နိုင်ငံနည်းပညာဆိုင်ရာ ဆက်ဆံရေးကို အမြင့်ဆုံးအထိ အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ အိန္ဒိယအစိုးရဟာ ဒီလိုအခွင့်အရေးတွေကို လက်လွတ်မခံဘဲ နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုကိုမြှင့်တင်ဖို့အတွက် ထုတ်လုပ်မှုအပေါ်အခြေခံတဲ့ မက်လုံးပေးစနစ်ကို စနစ်တကျအကောင်အထည်ဖော်ခဲ့ပါတယ်။ အထူးသဖြင့် ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက် လစ်ဟာမှုတွေကို အမိအရဖမ်းဆုပ်နိုင်ခဲ့တာဖြစ်ပါတယ်။

နယ်စပ်ပြဿနာတွေကို ကြည့်မယ်ဆိုရင်လည်း ဂယ်ဝမ်တောင်ကြားမှာဖြစ်ခဲ့တဲ့ နယ်စပ်ပဋိပက္ခဟာ နှစ်နိုင်ငံကြားယုံကြည်မှုကို အကြီးအကျယ်ပျက်စီးစေခဲ့ပါတယ်။ ဒါပေမဲ့ လက်ရှိအချိန်အထိ တရုတ်နိုင်ငံဟာ အိန္ဒိယရဲ့ အကြီးမားဆုံးသော ကုန်ပစ္စည်းတင်သွင်းတဲ့နိုင်ငံအဖြစ် ရှိနေဆဲပါပဲ။ နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏက တစ်နှစ်ကို အမေရိကန်ဒေါ်လာဘီလီယံ ၁၀၀ ကျော်အထိ ရှိနေပါတယ်။ ဒါကဘာကိုပြလဲဆိုတော့ အီလက်ထရွန်နစ်၊ စက်မှုလုပ်ငန်းသုံးစက်ပစ္စည်းတွေနဲ့ ဆေးဝါးဖော်စပ်တဲ့ ဓာတုကုန်ကြမ်းတွေမှာ အိန္ဒိယအနေနဲ့ တရုတ်နိုင်ငံအပေါ် အပြန်အလှန်မှီခိုနေရတာတွေရှိနေပြီး ဒါကိုချက်ချင်းကြီးဖြတ်တောက်ဖို့ မလွယ်ကူဘူးဆိုတာပဲဖြစ်ပါတယ်။ ဒါပေမဲ့ အိန္ဒိယဟာ ဒီအားနည်းချက်ကို ဒီအတိုင်းငြိမ်ခံမနေပါဘူး။ နောင်တစ်ချိန် တရုတ်ကတင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေနေရာမှာအစားထိုးနိုင်ဖို့ နိုင်ငံတွင်းကုန်ထုတ်လုပ်မှုတွေမှာ အကြီးအကျယ်ရင်းနှီးမြှုပ်နှံကာ ထုတ်လုပ်မှုအခြေခံမက်လုံးပေးစီမံကိန်းတွေကို အဓိကလက်နက်အဖြစ် အသုံးချနေပါတယ်။

အိန္ဒိယဟာ အမေရိကန်၊ ဂျပန်၊ ဩစတြေးလျတို့နဲ့အတူ QUAD လုံခြုံရေးမဟာမိတ်အုပ်စုမှာ ပါဝင်နေတာဟာ ပထဝီနိုင်ငံရေးအရ အရေးပါတဲ့အချက်ပြမှုတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ အိန္ဒိယဘက်က အမြဲတမ်းပြတ်ပြတ်သားသားပြောလေ့ရှိတာက QUAD ဟာ စစ်ရေးမဟာမိတ်အဖွဲ့မဟုတ်သလို ကိုယ့်နိုင်ငံရဲ့ ကာကွယ်ရေးဆုံးဖြတ်ချက်တွေကိုလည်း ဘယ်လိုပြင်ပအင်အားကြီးနိုင်ငံတွေရဲ့ လက်အောက်ကိုမှ အကျခံမှာမဟုတ်ဘူးဆိုတာပါပဲ။ ဒီလိုရပ်တည်တာဟာ တာဝန်ယူမှုကနေ ရှောင်လွှဲတာမဟုတ်ပါဘူး။ အိန္ဒိယရဲ့လုံခြုံရေးအကျိုးစီးပွားကိုကာကွယ်ဖို့ဆိုရင် တင်းကျပ်တဲ့ စာချုပ်စာတမ်းတွေအောက်မှာ ပိတ်မိနေတာထက် လိုက်လျောညီထွေရှိတဲ့ ဆက်ဆံရေးမျိုးတည်ဆောက်တာကသာ အကောင်းဆုံးဖြစ်မယ်ဆိုတဲ့ ရင့်ကျက်တဲ့ဆုံးဖြတ်ချက်ကြောင့် ဖြစ်ပါတယ်။

ဒီလိုရပ်တည်ချက်ကို ယူကရိန်းစစ်ပွဲအတွင်းမှာ ထင်ထင်ရှားရှား မြင်တွေ့ခဲ့ရပါတယ်။ အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့က ဝေဖန်ကန့်ကွက်နေတဲ့ကြားက အိန္ဒိယဟာ ရုရှားနိုင်ငံဆီကနေ ဈေးလျှော့ပေးတဲ့ ရေနံတွေကို ဆက်လက်ဝယ်ယူခဲ့ပါတယ်။ အိန္ဒိယရဲ့ အမြင်ကတော့ ရှင်းပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေနဲ့ မြင့်မားလှတဲ့သွင်းကုန်စရိတ်တွေကို စီမံခန့်ခွဲနေရတဲ့အခါမှာ စွမ်းအင်ဖူလုံရေးဟာ နိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့သက်ဆိုင်တဲ့ကိစ္စဖြစ်တယ်လို့ တုံ့ပြန်ခဲ့ပါတယ်။ ဒ့ါအပြင် ရုရှားနိုင်ငံနဲ့ရှိနေတဲ့ သံတမန်ရေးလမ်းကြောင်းကိုအသုံးချပြီး စစ်ပွဲတွေကိုလျှော့ချဖို့ တိုက်တွန်းနိုင်တာကြောင့် ဘက်လိုက်မှုပြင်းထန်တဲ့ နိုင်ငံတွေမလုပ်နိုင်တဲ့ အခန်းကဏ္ဍကို အိန္ဒိယက ကြားထဲကနေ ဆောင်ရွက်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ဒီလိုအတွေးအခေါ်မျိုးနဲ့ပဲ အိန္ဒိယဟာ ပြိုင်ဘက်အုပ်စုတွေဖြစ်တဲ့ BRICS၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ QUAD နဲ့ G-20 အစရှိတဲ့ အဖွဲ့အစည်းအားလုံးမှာ တစ်ပြိုင်နက်တည်း အဖွဲ့ဝင်အဖြစ်ပါဝင်နေတာပါ။ ဒါဟာ ဆန့်ကျင်ဘက်တွေ ဖြစ်နေတယ်လို့ ထင်ရပေမယ့်တကယ်တမ်းတော့ အိန္ဒိယဟာ ပြိုင်ဆိုင်နေတဲ့အုပ်စုအားလုံးဆီကို ခြေလှမ်းလှမ်းထားနိုင်ပြီး ဩဇာလွှမ်းမိုးနိုင်စွမ်းရှိအောင် ဖန်တီးထားတာဖြစ်လို့ ဗျူဟာမြောက် သံတမန်ရေးအင်အားတစ်ခုပဲဖြစ်ပါတယ်။

အရှေ့အလယ်ပိုင်းအရေးနဲ့ပတ်သက်လို့ ကြည့်ရင်လည်း အစ္စရေး-ဂါဇာစစ်ပွဲဟာ အိန္ဒိယအတွက်တော့ တကယ့်ကို နေရထိုင်ရခက်ခဲတဲ့ အခြေအနေဆီရောက်သွားစေခဲ့ပါတယ်။ အစပိုင်းမှာတော့ အိန္ဒိယဟာ ဆယ်စုနှစ်များစွာကြာ တည်ဆောက်လာခဲ့တဲ့ ကာကွယ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနဲ့ စိုက်ပျိုးရေးဆိုင်ရာ ဆက်ဆံရေးတွေကြောင့် အစ္စရေးရဲ့ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့်ကို ထောက်ခံကြောင်း ပြသခဲ့ပါတယ်။ ဒါပေမဲ့ ပါလက်စတိုင်းမှာ အရပ်သားသေဆုံးမှုတွေ များပြားလာချိန်မှာတော့ အိန္ဒိယဟာ အပစ်အခတ်ရပ်စဲဖို့နဲ့ လူသားချင်းစာနာမှုဆိုင်ရာကူညီမှုတွေကို အတားအဆီးမရှိပေးနိုင်ဖို့ တောင်းဆိုခဲ့ပြီး ကုလသမဂ္ဂရဲ့ဆုံးဖြတ်ချက်တွေမှာ အစ္စရေးကို တိုက်ရိုက်ပြစ်တင်ရှုတ်ချတာမျိုးမလုပ်တောင်မှ မဲမပေးဘဲကြားနေခဲ့ပါတယ်။

ဒီလိုမျိုး ညင်သာစွာမျှခြေညှိရတဲ့နောက်ကွယ်မှာ လက်တွေ့ကျတဲ့ အကြောင်းရင်းများစွာရှိပါတယ်။ ဆော်ဒီအာရေဗျ၊ ယူအေအီး၊ ကာတာ စတဲ့ပင်လယ်ကွေ့ အာရပ်နိုင်ငံတွေဟာ အိန္ဒိယအတွက် စွမ်းအင်ရရှိရေးနဲ့ ပြည်ပရောက်အိန္ဒိယလုပ်သားတွေရဲ့ လူမှုစီးပွားဘဝအတွက် အလွန်အရေးပါပါတယ်။ ပင်လယ်ကွေ့နိုင်ငံတွေမှာ အိန္ဒိယလုပ်သား ၉ သန်းကျော်ဟာ အလုပ်လုပ်ကိုင်နေပြီး နှစ်စဉ်အမေရိကန်ဒေါ်လာဘီလီယံ ၅၀ လောက် နိုင်ငံတွင်းကို ပြန်လည်ပေးပို့နေတာဖြစ်ပါတယ်။ ဒါကြောင့် အာရပ်မိတ်ဖက်နိုင်ငံတွေကို စိတ်ပျက်အောင်လုပ်ဖို့ဆိုတာ သံတမန်ရေးအရ စာအုပ်ကြီးအတိုင်းတွေးလို့ရတဲ့ ကိစ္စမဟုတ်ဘဲ အိန္ဒိယမိသားစုပေါင်းသန်းချီရဲ့ စားဝတ်နေရေးနဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ကိစ္စဖြစ်ပါတယ်။

ပင်လယ်နီထဲက ကုန်တင်သင်္ဘောတွေကို ဟူသီအဖွဲ့တွေက တိုက်ခိုက်လာတဲ့အခါမှာလည်း အိန္ဒိယရဲ့ စီးပွားရေးကို တိုက်ရိုက်ထိခိုက်လာပါတယ်။ အိန္ဒိယနိုင်ငံက ပင်လယ်ရေကြောင်းကုန်သွယ်မှုကို အဓိကအားထားနေရတဲ့နိုင်ငံဖြစ်လို့ သင်္ဘောတွေကို အာဖရိကဒေသတောင်ဘက်စွန်းကနေ ပတ်မောင်းရတဲ့အခါ ခရီးစဉ်ရက်သတ္တပတ်ပေါင်းများစွာ ကြာမြင့်သွားပြီး သယ်ယူပို့ဆောင်ရေးစရိတ်တွေ အဆမတန် တက်သွားခဲ့ပါတယ်။ ဒါဟာ ကမ္ဘာ့ကုန်ထုတ်လုပ်မှု ဗဟိုချက်ဖြစ်ဖို့ ကြိုးစားနေတဲ့ အိန္ဒိယအတွက် အကြီးအကျယ် ထိုးနှက်ချက်ပါပဲ။ ဒီမှာအိန္ဒိယရဲ့တုံ့ပြန်ပုံက ထူးခြားပါတယ်။ အိန္ဒိယရေတပ်အနေနဲ့ အာရေဗျပင်လယ်ထဲ စစ်သင်္ဘောတွေစေလွှတ်ပြီး ကုန်တင်သင်္ဘောတွေကို လုံခြုံရေးလိုက်ပါစောင့်ရှောက်ပေးခဲ့ပါတယ်။ ဒါဟာ ရိုးရိုးတုံ့ပြန်မှုသက်သက်မဟုတ်ဘဲ ဗျူဟာမြောက်အချက်ပြလိုက်တာပါ။ လိုအပ်လာရင် ဘယ်သူ့ကိုမှအားမကိုးဘဲ တစ်ဦးတည်းကာကွယ်ဖို့ အသင့်ရှိတယ်ဆိုတာကို ကမ္ဘာကိုပြသလိုက်တာဖြစ်ပါတယ်။

အီရန်နိုင်ငံဟာလည်း အိန္ဒိယအတွက် အလွန်ရှုပ်ထွေးတဲ့ စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်။ အီရန်အရှေ့တောင်ပိုင်းမှာရှိတဲ့ ချာဘာဟာဆိပ်ကမ်းစီမံကိန်းက ပါကစ္စတန်နိုင်ငံကိုကျော်ဖြတ်ပြီး အာဖဂန်နစ္စတန်နဲ့ အလယ်အာရှနိုင်ငံတွေဆီ ကုန်းလမ်းကနေ ဆက်သွယ်နိုင်မယ့် အိန္ဒိယရဲ့အဓိကမဟာဗျူဟာမြောက် လမ်းကြောင်းကြီးဖြစ်ပါတယ်။ ဒါပေမဲ့ အမေရိကန်က အီရန်အပေါ်ချမှတ်ထားတဲ့ ပိတ်ဆို့မှုတွေကြောင့် အိန္ဒိယအနေနဲ့ ချာဘာဟာဆိပ်ကမ်းကို လွတ်လွတ်လပ်လပ်နဲ့ဖွံ့ဖြိုးအောင်လုပ်ဖို့ ခက်ခဲနေသလို ဒေသတွင်း မတည်ငြိမ်မှုတွေကလည်း ဒီအခြေအနေတွေကို ပိုပြီးဆိုးရွားစေပါတယ်။ အိန္ဒိယဟာ အီရန်နဲ့ ဆက်သွယ်ရေးလမ်းကြောင်းတည်ဆောက်လိုတဲ့ မိမိရဲ့ ဗျူဟာမြောက်အကျိုးစီးပွားနဲ့ အမေရိကန်ရဲ့ ပိတ်ဆို့မှုဒဏ်ခံရနိုင်ခြေကြားမှာ သတိထားပြီး မျှခြေညှိနေရပါတယ်။ ဒ့ါအပြင် အီရန်ကို ဒေသတွင်း မတည်ငြိမ်အောင်လုပ်နေတဲ့အင်အားစုလို့ မြင်နေကြတဲ့

စာမျက်နှာ ၂၅ သို့ ➢

➢ စာမျက်နှာ ၂၄ မှအဆက်

အာရပ်မိတ်ဖက်နိုင်ငံတွေရဲ့ သဘောထားကိုလည်း ထည့်သွင်းတွက်ချက်နေရတာဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေကြားကပဲ G-20 ထိပ်သီးအစည်းအဝေးမှာ အလွန်အရေးပါတဲ့ စီမံကိန်းတစ်ခုပေါ်ထွက်လာပါတယ်၊ အဲဒါက အိန္ဒိယ - အရှေ့အလယ်ပိုင်း - ဥရောပ စီးပွားရေးစင်္ကြံ စီမံကိန်းပဲဖြစ်ပါတယ်။ ဒီစီမံကိန်းကို အမေရိကန်၊ ဥရောပသမဂ္ဂ၊ ဆော်ဒီအာရေဗျ၊ ယူအေအီးနဲ့ အိန္ဒိယတို့က ပူးပေါင်းထောက်ခံထားပြီး တောင်အာရှဒေသ၊ ပင်လယ်ကွေ့ဒေသနဲ့ ဥရောပတို့ကို ရထားလမ်း၊ ရေကြောင်းလမ်းတွေနဲ့ချိတ်ဆက်ဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်။ လက်ရှိ အရှေ့အလယ်ပိုင်းစစ်ပွဲတွေကြောင့် စီမံကိန်းရဲ့အလားအလာဟာ အနည်းငယ်နှောင့်နှေးမှုတွေရှိနိုင်ပေမယ့် ဒါဟာ အိန္ဒိယရဲ့ကြီးမားတဲ့ ရည်မှန်းချက်ကိုပြသနေပြီး နိုင်ငံတကာအခြေခံအဆောက်အအုံ စီမံကိန်းကြီးတွေကို အိန္ဒိယက ဦးဆောင်ပြီး ကမကထပြုနိုင်စွမ်းရှိတယ်ဆိုတာကို သက်သေပြနေတာဖြစ်ပါတယ်။

ခြုံငုံကြည့်မယ်ဆိုရင် အိန္ဒိယနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒဟာ ပထဝီနိုင်ငံရေးနဲ့ စီးပွားရေး ဖိအားတွေအောက်မှာ ငြိမ်ခံနေတာလုံးဝမရှိပါဘူး။ အနောက်နိုင်ငံတွေနဲ့ နည်းပညာပိုင်းမှာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နေသလို၊ တစ်ဖက်မှာလည်းတရုတ်နဲ့ စီးပွားရေးအရ မှီခိုနေရမှုကိုသတိကြီးစွာထားပြီး စီမံခန့်ခွဲနေပါတယ်။ ပင်လယ်နီမှာ ကိုယ့်အကျိုးစီးပွားအတွက် ရေတပ်အင်အားကိုပြသရဲသလို အာရပ်နဲ့ အစ္စရေးဆက်ဆံရေးကိုလည်း မျှတအောင်ထိန်းထားနိုင်ပါတယ်၊ ဒါ့အပြင် ရုရှားနဲ့ဆက်ဆံရေးကို ထိန်းသိမ်းထားရင်းနဲ့ပဲ G-20 ကနေတစ်ဆင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ခေါင်းဆောင်အဖြစ်ရပ်တည်ပြခဲ့ပါတယ်။

ဒီလိုရွေးချယ်မှုတိုင်းမှာ ပေးဆပ်ရတဲ့ တန်ဖိုးတွေတော့ရှိပါတယ်။ ရုရှားကိစ္စကြောင့် အနောက်နိုင်ငံတွေနဲ့ ဆက်ဆံရေးတင်းမာတာ၊ တရုတ်နဲ့ ကုန်သွယ်ရေးမှာထိခိုက်လွယ်တာ၊ အရှေ့အလယ်ပိုင်းရှုပ်ထွေးမှုတွေကြားမှာ ညပ်တာမျိုးတွေကြုံရတတ်ပါတယ်၊ ဒါပေမဲ့ ဒါတွေအားလုံးဟာ အခြားနိုင်ငံတွေအပေါ် မှီခိုရမှုကိုလျှော့ချပြီး ကိုယ့်နိုင်ငံရဲ့ကစားကွက်ကို အမြင့်မားဆုံးရယူနိုင်ဖို့ တွက်ချက်ထားတဲ့ မဟာဗျူဟာတွေဖြစ်ပါတယ်။ ကမ္ဘာ့ရေးရာတွေမှာ အိန္ဒိယရဲ့ အခန်းကဏ္ဍဟာ နေ့စဉ်နဲ့အမျှပိုပြီးတော့ကြီးမားလာဖို့ပဲရှိပါတယ်။ ဒါကြောင့်မို့လို့ ဗျူဟာမြောက်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ဘက်စုံမဟာမိတ်ပြုခြင်းဆိုတဲ့ လမ်းစဉ်တွေဟာ ပြောင်းလဲလာနေတဲ့ ကမ္ဘာ့အခင်းအကျင်းကြီးကို ရင်ဆိုင်ကျော်ဖြတ်ဖို့အတွက် ခေတ်သစ်အိန္ဒိယနိုင်ငံကပေးလိုက်တဲ့ အကောင်းဆုံးသောအဖြေပဲဖြစ်ပါတော့တယ်။ ။

Ref: RT

ထက်မြတ်

# ရန်သူ၏ပေါင်းစပ်စစ်ပွဲနှင့် ရင်ဆိုင်နေရချိန်တွင် ပြည်သူများ စည်းလုံးညီညွတ်ရန် အီရန်ခေါင်းဆောင် တိုက်တွန်း



**တီဟီရန်၊ နိုင်ငံရေး**

နိုင်ငံသည်ရန်သူ၏ပေါင်းစပ်စစ်ပွဲကို ရင်ဆိုင်နေရချိန်၌ ပြည်သူများအနေဖြင့် စည်းလုံးညီညွတ်ရန် အီရန်ခေါင်းဆောင် မိုဂျတာဘာခါမေနီက ဇွန်လ ၄ ရက်တွင် တိုက်တွန်းလိုက်ကြောင်းသိရသည်။ အီရန်နိုင်ငံကိုတည်ထောင်သူဖြစ်သည့် အယာတိုလာရူဟိုလာခိုမေနီ ကွယ်လွန်ခြင်း ၃၇ နှစ်မြောက်အထိမ်းအမှတ်နေ့တွင် ထုတ်ပြန်သည့်သဝဏ်လွှာ၌ ၎င်းက ထည့်သွင်းပြောခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံဦးဆောင်သော ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် ခိုင်မာမှုရှိပြီး လွတ်လပ်သောအီရန်နိုင်ငံ တည်ရှိနေမှုကို လက်မခံဘဲ နိုင်ငံတိုးတက်မှုလမ်းကြောင်းကို အဟန့်အတားလုပ်နေကြောင်း ခါမေနီကပြောသည်။ ထို့ပြင် စစ်မြေပြင်၌ အီရန်တပ်မတော်၏ချေမှုန်းမှုကို ခံထားရသောရန်သူသည် လက်ရှိတွင် သိက္ခာကျဆင်းမှုနှင့် ကြုံတွေ့နေစဉ်အခြားနိုင်ငံများကပါ ၎င်းတို့နှင့် ကင်းကွာအောင် လုပ်ဆောင်လာလျက်ရှိကြောင်း ၎င်းကဆက်ပြောသည်။

အလားတူ ရန်သူများအဓိကအသုံးပြုလျက်ရှိသောလက်နက်မှာ အီရန်ပြည်သူများကြားတွင် သံသယစိတ်၊ စိတ်ပျက်အားလျော့မှု၊ ကြောက်ရွံ့မှုနှင့် သွေးခွဲမှုများကို ပျိုးထောင်ရန်ဖြစ်ပြီး ပြည်သူများအနေဖြင့် ကြံ့ကြံ့ခံမှု၊ အမြော်အမြင်ရှိမှု၊ အပြန်အလှန်ယုံကြည်မှုတို့ဖြင့် ထိုလုပ်ရပ်များကိုရိုက်ချိုးရန် ၎င်းကတိုက်တွန်းထားသည်။ ထို့အတူ ပြည်သူများစိတ်ပျက်အားလျော့စေမည့် မည်သည့်လုပ်ရပ်မဆိုသည် ရန်သူကိုကူညီရာရောက်သဖြင့် အီရန်တာဝန်ရှိသူများက စည်းလုံးမှုပျက်ပြားစေမည့် အပြုအမူမျိုး မလုပ်ဆောင်ရန်အလေးအနက် သတိပေးထားသည်။

Ref: Xinhua

# သီရိလင်္ကာ၌ ဘိုးဘွားရိပ်သာတစ်လုံး မီးလောင်မှုဖြစ်ပွား လူ ၁၂ ဦးသေဆုံး

**ကိုလံဘို၊ မတော်တဆမှု**

သီရိလင်္ကာနိုင်ငံရှိ ဘိုးဘွားရိပ်သာတစ်လုံးမီးလောင်မှုဖြစ်ပွားရာ အနည်းဆုံး လူ ၁၂ ဦးသေဆုံးကြောင်းနှင့် မီးလောင်မှုနှင့်ပတ်သက်၍ဘိုးဘွားရိပ်သာ မန်နေဂျာကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း တာဝန်ရှိသူများက ဇွန်လ ၄ ရက်တွင်ပြောသည်။

အဆိုပါမီးလောင်မှုသည် အန်ဂူရူဝါတိုတာဒေသရှိ ဘိုးဘွားရိပ်သာ၌ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ မီးလောင်မှုဖြစ်ပွားနေစဉ် ကယ်ဆယ်ရေးသမားများသည် လူ ၄၄ ဦးကို ထိခိုက်ဒဏ်ရာမရစေဘဲ ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ဒဏ်ရာရရှိသူခုနစ်ဦးကို အနီးရှိဆေးရုံသို့ပို့ဆောင်ပေးထားကြောင်း တာဝန်ရှိသူများကဆက်ပြောသည်။

အဆိုပါ ဘိုးဘွားရိပ်သာမီးလောင်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း၊ လက်ရှိတွင် မီးလောင်မှုဖြစ်ရသည့် အကြောင်းရင်းကိုမသိရသေးကြောင်းနှင့် ဘိုးဘွားရိပ်သာသည် စိတ်ကျန်းမာရေးချို့တဲ့သူများကိုပါ လက်ခံထားသည့်နေရာဖြစ်ကြောင်းတာဝန်ရှိသူများကပြောသည်။

Ref: Xinhua

# အမေရိကန်စစ်သည်များသေဆုံးလျှင် အီရန်နှင့် အပစ်အခတ်ရပ်စဲရေးကို ပြန်သုံးသပ်မည်ဟုဆို

**ဝါရှင်တန်၊ စစ်ရေး**

အီရန်ကြောင့် အမေရိကန်စစ်သည်များ သေဆုံးမှုရှိလာလျှင်ရရှိထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ပြန်သုံးသပ်သွားမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကပြောကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြထားသည်။

အမေရိကန်နှင့် အီရန်တို့ကြား အပတ်စဉ်နှင့်အမျှ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားလာနေသော်လည်း ပြီးခဲ့သည့် ဧပြီလတွင် ရရှိထားသည့် အားနည်းသောအပစ်အခတ်ရပ်စဲရေးသည် လက်ရှိအချိန်အထိ တည်မြဲနေဆဲဖြစ်သည်၊ မကြာသေးမီက အမေရိကန်သည် အီရန်ရှိကက်ကျွန်းကို ဗုံးကြဲတိုက်ခိုက်ချိန်၌ အီရန်ကလည်း အမေရိကန်စစ်အခြေစိုက်စခန်းများကို ပြန်လည်တိုက်ခိုက်သဖြင့် နှစ်နိုင်ငံကြားအပြင်းထန်ဆုံးသောထိပ်တိုက်တွေ့ဆုံမှုများဖြစ်ပေါ်လာသည်။

ယခုကဲ့သို့ စစ်ရေးတင်းမာမှု ဆက်တိုက်ဖြစ်ပွားနေခြင်းက ထရမ့်အပေါ် ဖိအားများပိုမိုကြီးထွားလာစေပြီး အပစ်ရပ်စဲရေးမှာ မည်မျှအထိ ရေရှည်တည်တံ့နိုင်မည်နည်းဆိုသည့် မေးခွန်းများထွက်ပေါ်လာကြောင်း အမေရိကန် အရာရှိများကဆိုသည်။ ပြီးခဲ့သည့် သီတင်းပတ်များအတွင်း ထရမ့်အစိုးရသည် အီရန်နှင့် ရက် ၆၀ ခန့် ဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်ရန် မူဘောင်တစ်ခုဖြစ်သည့် နားလည်မှုစာချွန်လွှာတစ်ရပ်ကိုလက်မှတ်ရေးထိုးနိုင်ရေးကြိုးပမ်းလျက်ရှိသည်။

Ref: Xinhua



# ဧဝရတ်တောင်၌ ပျောက်သွားသည့်တောင်တက်သမားကို ခြောက်ရက်အကြာတွင် အသက်ရှင်လျက်ပြန်တွေ့



**ခတ္တမန္ဒူ၊ ကယ်ဆယ်ရေး**

ဧဝရတ်တောင်ပေါ်၌ ပျောက်ဆုံးသွားပြီး သေဆုံးသွားပြီဟု မှတ်ယူခံထားရသည့် နီပေါတောင်တက်လမ်းပြတစ်ဦးသည် ခြောက်ရက်အကြာတွင် တောင်ခြေစခန်းသို့တွားသွားကာ ပြန်လည်ရောက်ရှိလာပြီးနောက် ၎င်းကိုအသက်ရှင်လျက်တွေ့ရှိကြောင်း တာဝန်ရှိသူများကဇွန်လ ၄ ရက်တွင်ပြောသည်။

အဆိုပါတောင်တက်သမား၏ဇနီးသည် ခင်ပွန်းအတွက်ရည်စူး၍ နာရေးကိုပင်လုပ်နေပြီဖြစ်ကြောင်း၊ လက်ရှိတွင် တောင်တက်သမားသည် ခတ္တမန္ဒူမြို့တော်ရှိ ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိရာ သတိပြန်ရနေပြီဖြစ်ကြောင်းနှင့် နှင်းကိုက်နာအနည်းငယ်သာ ခံစားနေရကြောင်းပြောသည်။

အသက် ၅၀ ကျော်ပြီဖြစ်သည့် တောင်တက်သမား ဒါဝါရှာပါသည် ၎င်း၏ဝါရင့်အတွေ့အကြုံကြောင့် ကျော်ကြားသော တောင်တက်သမား အက်ဒမွန်ဟီလာရီကို အစွဲပြု၍ ဟီလာရီဟုလူသိများသူဖြစ်သည်။ ၎င်းသည်မေလ ၃၀ ရက် အစောပိုင်းက ရာသီဥတုဆိုးရွားပြင်းထန်နေသည့် ဧဝရတ်တောင်၏ အထက်ပိုင်းဒေသတွင် ပျောက်ဆုံးသွားခြင်းဖြစ်သည်။

ထို့နောက် အဆိုပါတောင်တက်သမားသည် ခြောက်ရက်တိုင်တိုင် အစားအစာနှင့် ရေအပြင် အောက်ဆီဂျင်ကောင်းစွာမရဘဲ အသက်ရှင်ရန်မျှော်လင့်ချက်တစ်ခုတည်းဖြင့် တောင်ခြေစခန်းဆီသို့တွားသွား၍ ပြန်လာခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

Ref: BP

# ဆေးဖက်ဝင်မှိုများအကြောင်းသိကောင်းစရာများ

အပိုင်း(၁)

မှိုသည် အများအားဖြင့် စိုစွတ်သည့်နေရာ၊ သစ်ပင်ပုပ်၊ မြေဆီလွှာပေါ်တွင်ပေါက်တတ်သည့် ဟင်းရွက်တစ်မျိုးသာဖြစ်သည်။ တစ်နည်းအားဖြင့် မှိုကို Fungus ဟုခေါ်ကြပြီး မည်သည့်မှိုကိုမဆို Fungus ဟုခေါ်ဝေါ်သုံးစွဲနိုင်သော်လည်း မျက်စိဖြင့်ကောင်းစွာမြင်နိုင်သော ပုံသဏ္ဌာန်တစ်စုံတစ်ခု၊ ရိုးတံ၊ ထီးရွက်စသည်တို့ပါရှိသည့် အရွယ်အစားကြီးမားသောမှိုအားလုံးကို Mushroom ဟုခေါ်ဝေါ်ကြသည်။ မှိုသည် အရသာရှိရုံသာမက ကျန်းမာရေးအတွက်ပါ အကျိုးကျေးဇူးများစွာရရှိစေသည်။ စားသုံးမှိုအမျိုးမျိုးရှိရာတွင် တစ်နှစ်လျှင်တစ်ကြိမ်သာပေါ်သော သဘာဝမှိုများရှိသကဲ့သို့ စိုက်ပျိုးမွေးမြူရသောမှိုများလည်းရှိကြသည်။

**"မှိုသည် အရသာရှိရုံသာမက ကျန်းမာရေးအတွက်ပါ အကျိုးကျေးဇူးများစွာရရှိစေသည်။ မှိုတွင် ကယ်လိုရီနည်းပြီး ဗီတာမင်၊ သတ္တုဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြွယ်ဝစွာပါဝင်ပြီး ကိုယ်ခံအားစနစ်ကို ပံ့ပိုးကူညီပေးသည်။ မှိုတွင်ပါဝင်သော ဓာတ်တိုးဆန့်ကျင်အာနိသင်များသည် မျှတသောအစားအသောက်အတွက် အကောင်းဆုံးသောဖြည့်စွက်ချက်တစ်ခု ဖြစ်နိုင်ပြီး အလုံးစုံကျန်းမာရေးနှင့်ကျန်းမာပျော်ရွှင်မှုကို အထောက်အကူပြုနိုင်. . ."**

## မှိုအမျိုးအစားများ

မှိုအမျိုးအစားများစွာရှိရာတွင် စား၍ရသောမှိုများနှင့် အဆိပ်ရှိသောမှိုများဟူ၍ နှစ်မျိုးခွဲခြားနိုင်သော်လည်း စားသုံးသူများအနေဖြင့် စားသုံးရန်သင့်လျော်သောမှိုနှင့် စားသုံးရန်မသင့်လျော်သောမှိုတို့ကို ခွဲခြားသိရှိရန် အရေးကြီးသည်။ စားသုံးရန်မသင့်သောမှိုသည် အစားအသောက်များ အချိန်လွန်၍ ပုပ်သိုးဆွေးမြည့်ရာမှ ဖြစ်ပေါ်လာသောမှိုများကို ဆိုလိုသည်။ စားသုံး၍သင့်လျော်သော မှိုအမျိုးအစားတွင် လူသားတို့စားသုံးနေသည့် သဘာဝအလျောက်ပေါက်ရောက်လေ့ရှိသော သဘာဝမှိုနှင့်စားသုံးရန်သင့်လျော်သည့် မှိုအမျိုးအစားများဖြစ်သော ကောက်ရိုးမှို၊ ငွေနှင်းမှိုနှင့် ငွေမိုးမှိုစသည်တို့ဖြစ်သည်။

## စားသုံး၍ရသောမှိုများ

ကမ္ဘာပေါ်တွင် မှိုမျိုးစိတ်ပေါင်း ၁၄၀၀၀ ခန့်ရှိပြီး စားသုံးနိုင်သည့်မှိုမျိုးစိတ်ပေါင်း ၂၀၀၀ ကျော်ခန့်သာရှိသည်ဟု သိထားကြသော်လည်း အများဆုံးစားသုံးနေကြသည့် မှိုအရေအတွက်မှာ ၂၀ မှ ၃၀ ဝန်းကျင်သာရှိသည်။ အဆိပ်မပါဘဲ အာဟာရဓာတ်များစွာပါသည့် ကမာမှို၊ ကြယ်သီးမှို၊ ရှီတာကီ၊ အီနိုကီမှို၊ ကောက်ရိုးမှို၊ ကြွက်နားရွက်မှို၊ လင်ဇီးမှိုနှင့် ကောက်ရိုးမှိုတို့မှာ စား၍ရသောမှိုများဖြစ်ပြီး ကျန်းမာရေးအတွက်အကျိုးကျေးဇူးများသောကြောင့် လူကြိုက်များသည်။ စားသုံးမှိုအမျိုးမျိုးရှိသည့်အနက် ငွေနှင်းမှို၊ ကောက်ရိုးမှိုနှင့် ကြွက်နားရွက်မှိုများသည် အလွယ်တကူစိုက်ပျိုးနိုင်သည့်မှိုများဖြစ်ပြီး ငွေနှင်းမှိုကို နေအိမ်တိုက်ခန်းများတွင် လေဝင် လေထွက်ကောင်းမွန်၍ တိုက်ရိုက်မပူသော အစိုဓာတ် ကောင်းမွန်သည့် နေရာများတွင် အလွယ်တကူစိုက်ပျိုး နိုင်သည်။

## မှိုတွင်ပါဝင်သောအာဟာရဓာတ်များ

မှိုသည် အရသာရှိရုံသာမက ကျန်းမာရေးအတွက်ပါ အကျိုးကျေးဇူးများစွာရရှိစေသည်။ မှိုတွင် ကယ်လိုရီနည်းပြီး ဗီတာမင်၊ သတ္တုဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြွယ်ဝစွာပါဝင်ပြီး ကိုယ်ခံအားစနစ်ကို ပံ့ပိုးကူညီပေးသည်။ မှိုတွင် ပါဝင်သော ဓာတ်တိုးဆန့်ကျင်အာနိသင်များသည် မျှတသော အစားအသောက်အတွက် အကောင်းဆုံးသော ဖြည့်စွက်ချက်တစ်ခုဖြစ်နိုင်ပြီး အလုံးစုံကျန်းမာရေးနှင့်ကျန်းမာပျော်ရွှင်မှုကို အထောက်အကူပြုနိုင်သည်။ သဘာဝအလျောက်ရရှိသောမှိုများတွင် စားသုံးသူများအတွက် အဆိပ်အတောက်ဖြစ်စေနိုင်သောမှိုအမျိုးအစားများပါရှိတတ်သော်လည်း စိုက်ပျိုးမှိုအားလုံးသည် ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်သည်။ စိုက်ပျိုးမှိုဖြစ်စေ၊ သဘာဝမှိုဖြစ်စေ စားသုံးနိုင်သော မှိုအမျိုးအစားအားလုံး၏တူညီသည့်အချက်များမှာ လူသားများအား အရသာအနေဖြင့် စွဲလမ်းမှုဖြစ်ပေါ်စေခြင်း၊ အာဟာရဓာတ်ပြည့်ဝစေခြင်းတို့သာမက ဗိုင်းရပ်စ်ရောဂါများ ကာကွယ်ပေးခြင်း၊ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးခြင်းတို့ကိုဖြစ်စေနိုင်ပြီး မှိုအမျိုးအစားအလိုက် အာနိသင်အနည်းအများသာကွာခြားသည်။ စားသုံးနိုင်သော မှိုတစ်မျိုးချင်းစီတွင်ပါဝင်သော အာဟာရဓာတ်များ၊ ကျန်းမာရေးအကျိုးကျေးဇူးများနှင့် စားသုံးမှုပုံစံများစွာရှိသည်။

## ကမာမှိုတွင်ပါဝင်သောအာဟာရဓာတ်များနှင့် ကျန်းမာရေးအကျိုးကျေးဇူးများ

ကမာပုံစံကဲ့သို့ အဝိုင်းခြမ်းပုံသဏ္ဌာန်ရှိသည့် နူးညံ့သောအရသာနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝသောကမာမှိုတွင် Protein၊ Fiber၊ Vitamin-B၊ Potassium၊ Iron စသည့် အာဟာရနှင့်သတ္တုဓာတ်များ ပါဝင်သည့်အပြင် ဘီတာဂလူကန်ပါဝင်သောကြောင့် ကိုယ်ခံအားစနစ်တိုးစေခြင်း၊ နှလုံးကျန်းမာရေးကောင်းစေခြင်း၊ ကိုလက်စထရောလျော့စေနိုင်ခြင်း၊ သွေးဖိအားထိန်းညှိရာတွင် အထောက်အကူပြုခြင်း၊ အမျှင်ဓာတ်ပါဝင်မှုကြောင့် သွေးချိုတက်မြန်မှုကို လျော့ကျစေနိုင်ခြင်း၊ ဆီးချိုထိန်းရာတွင် အထောက်အကူဖြစ်ခြင်း၊ ကယ်လိုရီနည်းပြီး ဗိုက်ပြည့်စေသောကြောင့် ကိုယ်အလေးချိန်ထိန်းရန်ကူညီပေးနိုင်ခြင်း စသည့်ကျန်းမာရေးအကျိုးကျေးဇူးများစွာ ပေးစွမ်းနိုင်သည်။

## ရှီတာကီမှိုတွင်ပါဝင်သောအာဟာရဓာတ်များနှင့် ကျန်းမာရေးအကျိုးကျေးဇူးများ

ရှီတာကီမှိုသည် အမျှင်ဓာတ်နှင့် ဗီတာမင်-D ၏ အရင်းအမြစ်ကောင်းတစ်ခုဖြစ်ပြီး ကိုယ်ခံစွမ်းအားစနစ်မြှင့်တင်နိုင်သော ဂုဏ်သတ္တိများရှိသည်။ ဆေးဘက်ဆိုင်ရာအသုံးအနေဖြင့် အဆိပ်မရှိသော ရှီတာကီမှိုသည် ကိုလက်စထရောလျော့ကျရာတွင် အထောက်အကူပြုနိုင်သောကြောင့် နှလုံးကျန်းမာရေးကောင်းမွန်စေခြင်း၊ ဗီတာမင်-D ပါဝင်သောကြောင့် အရိုးကျန်းမာရေးကောင်းမွန်စေခြင်း၊ ဓာတ်တိုးဆန့်ကျင်အာနိသင်နှင့် ဘီတာဂလူကန်တို့ပါဝင်သောကြောင့် ကိုယ်ခံအားကောင်းစေခြင်းစသည့် ကျန်းမာရေးအကျိုးကျေးဇူးများရရှိနိုင်သည်။ ရှီတာကီမှိုခြောက် ၁၀၀ ဂရမ်တွင် ပရိုတင်း ၁၇ ဒသမ ၅ ဂရမ်၊ အဆီ ၈ ဂရမ်၊ ပြာ ၈ ဂရမ်၊ ကာဗိုဟိုက်ဒရိတ် ၆၇ ဒသမ ၅ ဂရမ်နှင့် ခိုက်တိုစံ၊ ပိုလီဆင်ခရိုက်၊ ဖီနော၊ ဂလူကန် စသည့်ဓာတ်တိုးဆန့်ကျင်ပစ္စည်းတို့ပါဝင်ပြီး စွမ်းအင် ၃၈၇ ကယ်လိုရီကိုရရှိစေသည်။

## လင်ဇီးမှိုတွင်ပါဝင်သောအာဟာရဓာတ်များနှင့် ကျန်းမာရေးအကျိုးကျေးဇူးများ

လင်ဇီးမှို၏ အင်္ဂလိပ်အမည်မှာ Reishi / Lingzhi ဖြစ်ပြီး သိပ္ပံအမည် Ganoderma lucidum နှင့် Ganodermataceae မျိုးရင်းအုပ်စုတွင်ပါဝင်ကာ ဆေးဘက်ဆိုင်ရာတွင် အသုံးများသော်လည်း မစားသင့်သောမှိုဖြစ်သည်။ လင်ဇီးမှို၏ထူးခြားချက်မှာ တောင့်တင်းမာကျောခြင်းဖြစ်ပြီး ယင်းကိုမှိုဟင်းအဖြစ်တိုက်ရိုက်မစားကြဘဲ မှိုခြောက်ပြုလုပ်ပြီး လက်ဖက်ရည်တွင်ထည့်၍သောက်သုံးခြင်း၊ မှိုခြောက်ကိုအမှုန့်ပြုလုပ်၍ မှိုမှုန့်အနေဖြင့်စားသုံးခြင်းနှင့် ဖြည့်စွက်စာနှင့် လက်ဖက်ရည်အဖြစ်သုံးလေ့ရှိသည်။ လင်ဇီးမှိုသည် သွေးတိုး၊ ဆီးချို၊ နှလုံးနှင့် အသည်းရောဂါများအတွက် ဆေးဖက်ဝင်သည့်အတွက် တိုင်းရင်းဆေးနှင့် တရုတ်ရိုးရာဆေးပညာတွင် အသုံးပြုကြသည်။ လင်ဇီးမှိုသည် ကိုယ်ခံအားမြှင့်တင်ပေးနိုင်သောဆေးမှိုအဖြစ် နာမည်ကြီးပြီး ပင်ပန်းနွမ်းနယ်မှုလျော့စေခြင်း၊ တချို့လူများတွင် အားအင်တိုးစေသည်ဟုယူဆခြင်း၊ ဓာတ်တိုးဆန့်ကျင်အာနိသင်ရှိခြင်းကြောင့် ဆဲလ်ပျက်စီးမှုကိုလျော့စေနိုင်ခြင်း၊ ကောင်းမွန်စွာအိပ်စက်နိုင်ရန်ကူညီပေးခြင်း စသည့်ကျန်းမာရေးအကျိုးကျေးဇူးများကြောင့် တိုင်းရင်းဆေးပညာနယ်ပယ်တွင်အသုံးများသည်။ သို့ရာတွင် သွေးကျဲဆေးသောက်နေသူများ အလွန်အကျွံသုံးစွဲလျှင် ဝမ်းလျှောခြင်းနှင့် ပါးစပ်ခြောက်ခြင်းတို့ဖြစ်နိုင်သည်။

## ကြယ်သီးမှိုတွင်ပါဝင်သောအာဟာရဓာတ်များနှင့် ကျန်းမာရေးအကျိုးကျေးဇူးများ

ကြယ်သီးမှိုကို အင်္ဂလိပ်လို White Button/ Agaric/ Pizza Mushroom ဟုခေါ်ပြီး သိပ္ပံအမည်မှာ Agaricus Bisporus ဖြစ်သည်။ ယင်းမှိုခြောက် ၁၀၀ ဂရမ်တွင် ပရိုတင်း ၂၉ ဒသမ ၂၉ ဂရမ်၊ အဆီ ၂ ဒသမ ၂၇ ဂရမ်၊ ပြာ ၇ ဒသမ ၂၁ ဂရမ်၊ ကာဗိုဟိုက်ဒရိတ် ၂၀ ဒသမ ၅၇ ဂရမ်နှင့် ခိုက်တိုစံ၊ ပိုလီဆင်ခရိုက်၊ ဖီနော၊ ဂလူကန် စသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းတို့ပါဝင်သောကြောင့် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာရရှိစေသည်။ ထို့ပြင် ကြယ်သီးမှိုသည် ကယ်လိုရီမရှိသလောက်နည်းပါးသော်လည်း ခန္ဓာကိုယ်တည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်သည့် အာဟာရဓာတ်များဖြစ်သော ဗီတာမင် -B၊ ဆီလီနီယမ်၊ ပိုတက်ဆီယမ်တို့ ကြွယ်ဝစွာပါဝင်သည်။

## အီနိုကီမှို (အပ်မှို)တွင်ပါဝင်သော အာဟာရဓာတ်များနှင့်ကျန်းမာရေးအကျိုးကျေးဇူးများ

အပ်မှိုဟုလူသိများသည့် ရှည်လျားသေးငယ်သောပုံစံရှိသည့် အီနိုကီမှိုခြောက် ၁၀၀ ဂရမ်တွင် ပရိုတင်း (၁၇.၈-၂၇.၉) ဂရမ်၊ အဆီ (၁.၈ - ၇.၃) ဂရမ်၊ ကာဗိုဟိုက်ဒရိတ် (၅-၈၇.၁) ဂရမ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်သည့် ပိုလီဆင်ခရိုက်၊ ဖီနောနှင့် ဖလာမူလင်တို့ပါဝင်ပြီး စွမ်းအင် (၁၀.၁-၅၉) ကယ်လိုရီကိုရရှိစေသည်။ အီနိုကီမှိုတွင် အမျှင်ဓာတ်များပြားသောကြောင့် အစာချေဖျက်မှုကောင်းစေပြီး ကယ်လိုရီနည်းပြီး ကိုယ်ခံအားကိုမြှင့်တင်ပေးနိုင်သော ဒြပ်ပေါင်းများပါဝင်ခြင်း၊ ဓာတ်တိုးဆန့်ကျင်အာနိသင်ပါဝင်မှုများခြင်း စသည့် ကျန်းမာရေးကောင်းကျိုးများရစေသည်။ ယခုကဲ့သို့ လူတိုင်းသိထားသင့်သော မှိုအမျိုးမျိုး၏ဆေးဖက်ဝင်သောအကြောင်းကို အပိုင်း(၂)တွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

ဒေါက်တာလပြည့်ခင်

---

# ကျိုက်ထိုမြို့နယ်ရှိ တောင်သူများအား မျိုးသန့် မျိုးပွား မျိုးစေ့(RS)များပေးအပ်

ကျိုက်ထို ဇွန် ၄

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့ထုတ်ဧကေ ၅၀ စိုက်ပျိုးမည့်တောင်သူများအား ပေါ်ဆန်းရင်၊ ဆင်းသုခ၊ ဘေးကျား၊ တောင်ပြန်မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့(RS)များ ပေးအပ်ခြင်းအခမ်းအနားကို ဇွန်လ ၃ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဗိုလ်က မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့(RS)များ ပေးအပ်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများအား မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့(RS)များ ပေးအပ်ကြသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)



# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင် ၃ ထပ်လူနေအဆောက်အအုံ ၃ လုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် ဇွန် ၄

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်းမပြုနိုင်စေရေးအတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၃ ထပ်လူနေအဆောက်အအုံ ၃ လုံးကို ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန်သတ်မှတ်ထားသည့်အဆောက်အအုံ ၅၇ လုံးအနက်၃ ထပ်လူနေအဆောက်အအုံ ၃ လုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၃၃ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၄၄ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။










နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် လိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများ နှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb ချ တိုက်ခိုက်မှုကြောင့် အေးချမ်းစွာပညာသင်ကြားလျက်ရှိသည့် ကျောင်းသားတစ်ဦး ဗုံးသီးစထိမှန်ဒဏ်ရာများရရှိ





PDF အမည်ခံ အကြမ်းဖက် သမားများက Drop Bomb ချ တိုက်ခိုက်မှုကြောင့် အေးချမ်းစွာ ပညာသင်ကြားလျက် ရှိသည့် ကျောင်းသားတစ်ဦး ဗုံးသီးစထိမှန် ဒဏ်ရာများရရှိမှုကို တွေ့ရစဉ်။

နေပြည်တော် ဇွန် ၄

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး စာသင်ကျောင်းများကို ဇွန်လ ၁ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သို့ရာတွင် PDF အမည်ခံအကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကိုအကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုပ်ယူခြင်း စသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံအကြမ်းဖက်သမားများသည် ဇွန်လ ၃ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့၏ အရှေ့တောင်ဘက် မီတာ ၃၃၀၀ ခန့်အကွာမှနေ၍ Drone ယာဉ် ၂ စင်းဖြင့် အမှတ်(၃)ရပ်ကွက်၊ ရွှေအိုးကွင်းရပ်ရှိ အခြေခံပညာအထက်တန်းကျောင်းအနီးသို့ ဗုံးသီး ၄ လုံးဖြင့် လာရောက်ပစ်ချတိုက်ခိုက်ခဲ့သဖြင့် စာသင်ကျောင်းအတွင်း အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့် အဋ္ဌမတန်းကျောင်းသားတစ်ဦးဖြစ်သည့် မောင်သူရနိုင်၊ အသက် ၁၄ နှစ်(ဘ)ဦးရန်နိုင်အေးတွင် ယာလက်မောင်း ဗုံးသီးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။ အဆိုပါ ဗုံးသီးစထိမှန်၍ ဒဏ်ရာရရှိသူအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝက်လက်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိသည်။

PDF အမည်ခံအကြမ်းဖက်သမားများ အနေဖြင့် ယခုကဲ့သို့ စစ်ရေးပစ်မှတ်နှင့် သက်ဆိုင်ခြင်းမရှိသည့်အပြင် နိုင်ငံတော်၏ အနာဂတ်ပန်းကလေးများ ပွင့်လန်းရာ စာသင်ကျောင်းနေရာသို့ အသိတရားကင်းမဲ့စွာဖြင့် Drop Bomb ချ တိုက်ခိုက်သည့် အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ခဲ့ခြင်းအတွက် ဒေသခံပြည်သူများအနေဖြင့် ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အကြမ်းဖက်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# မန်ယူအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ပထမဆုံးခေါ်ယူမှုအဖြစ် အတ္တလန္တာအသင်း ကွင်းလယ်ကစားသမား အီဒါဆန်အားခေါ်ယူ

**မန်ချက်စတာ ဇွန် ၄**

မန်ယူအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ပထမဆုံးကစားသမားခေါ်ယူမှုအဖြစ် အတ္တလန္တာအသင်းမှ ကွင်းလယ်ကစားသမား အီဒါဆန်အား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅ သန်းအပြင် အပိုဆုကြေး စတာလင်ပေါင် ခုနစ်သန်းစုစုပေါင်း စတာလင်ပေါင် ၅၂ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အစောပိုင်းက အီဒါဆန်သည် စပိန်ထိပ်တန်းကလပ် အက်သလက်တီကိုအသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်ခဲ့သော်လည်း မန်ယူအသင်းက တရားဝင်ကမ်းလှမ်းမှုများ လုပ်ဆောင်ပြီးနောက် အက်သလက်တီကိုအသင်းသို့ ပြောင်းရွှေ့မည့် အစီအစဉ်ကိုဖျက်သိမ်း၍ မန်ယူအသင်းသို့သာ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီအကုန်တွင် အသင်းကွင်းလယ်ပိုင်းမှ ဝါရင့်ကွင်းလယ်ကစားသမား ကက်စ်မဲရိုးနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာလမ်းခွဲခဲ့ပြီး လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင်လည်း အူဂါတေးကို ပြန်လည်ရောင်းချမည်ဖြစ်သောကြောင့် အသင်းကွင်းလယ်ပိုင်းတွင် လူငယ်ကစားသမား ကိုဘီမိုင်နူးတစ်ဦးတည်းသာ ကျန်ရှိသည့်အတွက် ကွင်းလယ်ကစားသမားနှစ်ဦးကို ခေါ်ယူရန်ကြိုးပမ်းရာမှ လက်ရှိတွင် အီဒါဆန်ကို ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အီဒါဆန်သည် အတ္တလန္တာအသင်းနှင့်အတူ ယခုဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြနိုင်သူဖြစ်ပြီး အသင်းနှင့်စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသော်လည်း လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။ လက်ရှိတွင် အီဒါဆန်အား မန်ယူအသင်းကခေါ်ယူရန် ပြီးခဲ့သည့်ရက်ပိုင်းက ဆွေးနွေးမှုများလုပ်ဆောင်ရာ အပြီးသတ်သဘောတူညီမှုရရှိပြီး ခေါ်ယူနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ယခုဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကို ဘာစီလိုနာအသင်းနည်းပြ ဟန်ဆီဖလစ်ရရှိ

**ဘာစီလိုနာ ဇွန် ၄**

ယခုဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကို ဘာစီလိုနာအသင်းအတွက် စပိန်လာလီဂါပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးပေးနိုင်သည့် နည်းပြဟန်ဆီဖလစ်က ရရှိခဲ့ကြောင်း သိရသည်။

အသက် ၆၁ နှစ်အရွယ် နည်းပြဟန်ဆီဖလစ်သည် ဘာစီလိုနာအသင်းကို ၂၀၂၄ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းအတွက် စပိန်လာလီဂါပြိုင်ပွဲ၌ ချန်ပီယံဆုဖလားဆွတ်ခူးပေးနိုင်ခဲ့သည်။

ထို့ပြင် ယခုဘောလုံးရာသီတွင်လည်း စပိန်လာလီဂါပြိုင်ပွဲ၌ ၃၈ ပွဲတာဝန်ယူကိုင်တွယ်ရာတွင် ၃၁ ပွဲအနိုင်ရရှိကာ တစ်ပွဲသရေရလဒ်နှင့်ခြောက်ပွဲရှုံးနိမ့်ပြီး ရမှတ် ၉၄ မှတ်ဖြင့် အ ဆင့်(၂)နေရာမှ ရီးယဲလ်မက်ဒရစ်အသင်းကို ရမှတ်ရှစ်မှတ်ဖြတ်တောက်ကာ နှစ်ရာသီဆက်ချန်ပီယံဆုဖလားဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

နည်းပြဟန်ဆီဖလစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ဘာစီလိုနာအသင်းအတွက် စပိန်လာလီဂါပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးပေးနိုင်ပြီးနောက် ပြိုင်ပွဲ၏တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကိုရရှိသည့်အပြင် ယခုဘောလုံးရာသီတွင်လည်း တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကို နှစ်ရာသီဆက်ရရှိခဲ့ခြင်းဖြစ်သည်။

နည်းပြဟန်ဆီဖလစ်သည် ဘာစီလိုနာအသင်းအတွက် ဘောလုံးရာသီနှစ်ရာသီအတွင်း စပိန်လာလီဂါဖလား နှစ်ကြိမ်၊ စပိန်ကိုပါဒယ်ရေးဖလားတစ်ကြိမ်နှင့် စပိန်စူပါဖလားနှစ်ကြိမ် ဆွတ်ခူးပေးနိုင်ခဲ့ကြောင်း သိရသည်။ *Ref;Fabrizio Romano*




# ချယ်လ်ဆီးအသင်းက ကိုးလ်ပယ်မာ ဂျာအိုပက်ဒရိုနှင့်ကိုင်စီဒိုတို့ကို ရောင်းချမည်မဟုတ်ကြောင်း အတည်ပြုကြေညာ



**လန်ဒန် ဇွန် ၄**

ချယ်လ်ဆီးအသင်းက အသင်းမှ အဓိက ကစားသမားများဖြစ်သည့် ကိုးလ်ပယ်မာ၊ ဂျာအိုပက်ဒရိုနှင့်ကိုင်စီဒိုတို့ကို ရောင်းချမည်မဟုတ်ဘဲ ကမ်းလှမ်းမှုအားလုံးကို ပယ်ချမည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် လာမည့်ဘောလုံးရာသီတွင် ဥရောပအဆင့်ပြိုင်ပွဲအားလုံး ဝင်ခွင့်နှင့်လွဲချော်ရပြီးနောက် အဓိက ကစားသမားတချို့အနေဖြင့် အသင်းမှထွက်ခွာရန်ပြင်ဆင်နေသကဲ့သို့ ပြိုင်ဘက်ထိပ်တန်းအသင်းကြီးများကလည်း ချယ်လ်ဆီးအသင်း၏ ဥရောပအဆင့်ပြိုင်ပွဲအားလုံးလွဲချော်မှုကို အခွင့်ကောင်းယူပြီး ချယ်လ်ဆီးအသင်းမှ အဓိကကစားသမားတချို့ကိုခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်း တိုက်စစ်ကစားသမား ကိုးလ်ပယ်မာသည် ၂၀၂၃ ခုနှစ်က မန်စီးတီးအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီနှစ်ရာသီတွင် အကောင်းဆုံးခြေစွမ်းပြနိုင်သော်လည်း ယခုဘောလုံးရာသီတွင် ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းမှုကြောင့် ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရသည်။

လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ကိုးလ်ပယ်မာသည် ချယ်လ်ဆီးအသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသော်လည်း ချယ်လ်ဆီးအသင်းက အသင်း၌သာ ဆက်လက်ထိန်းထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ကွင်းလယ်ကစားသမားကိုင်စီဒိုနှင့် တိုက်စစ်ကစားသမား ဂျာအိုပက်ဒရိုတို့သည်လည်း အသင်းတွင် အရေးပါသည့်ကစားသမားများအဖြစ်ပါဝင်နေသည့်အတွက် ချယ်လ်ဆီးအသင်းက အသင်း၌ဆက်လက်ထိန်းထားမည်ဖြစ်သည်။

လက်ရှိတွင် ချယ်လ်ဆီးအသင်းသည် အပြောင်းအရွှေ့သတင်းများထွက်ပေါ်နေသော အဓိက ကစားသမားများဖြစ်သည့် အန်ဇိုဖာနန်ဒက်နှင့်ကူကူရယ်လာတို့နှစ်ဦးကိုမူ သင့်လျော်သည့်ပြောင်းရွှေ့ကြေးရရှိမည်ဆိုပါက လက်ခံဆွေးနွေးဖွယ်ရှိနေကြောင်း သိရသည်။

*Ref;Transfer News*

# ရီးယဲလ်မက်ဒရစ်အသင်းက ကိုနာတေးနှင့်ဒမ်ဖရိုင်းတို့ကို ခေါ်ယူရန် သဘောတူညီမှုရရှိထား

**မက်ဒရစ် ဇွန် ၄**

ရီးယဲလ်မက်ဒရစ်အသင်းက အသင်းခံစစ်ပိုင်းအတွက် လီဗာပူးအသင်းမှ ကိုနာတေးနှင့် အင်တာမီလန်အသင်းမှ ဒမ်ဖရိုင်းတို့ကိုခေါ်ယူရန် သဘောတူညီမှုရရှိထားကြောင်း သိရသည်။

ကိုနာတေးသည် ယခုဘောလုံးရာသီအကုန်တွင် လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာလမ်းခွဲပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းက ပြီးခဲ့သည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလကတည်းက ကိုနာတေးကိုခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း လီဗာပူးအသင်းက ကမ်းလှမ်းမှုများကို ပယ်ချခဲ့သည့်အတွက် ယခုဘောလုံးရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည်ဖြစ်သည်။ အလားတူ ဒမ်ဖရိုင်းသည်လည်း အင်တာမီလန်အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီးနောက် ၎င်းကို ပရီးမီးယားလိဂ် ထိပ်တန်းကလပ်အသင်းများက ခေါ်ယူရန်ကြိုးပမ်းကြသော်လည်း ၎င်းကိုယ်တိုင်က ရီးယဲလ်မက်ဒရစ်အသင်းသို့သာ ပြောင်းရွှေ့လိုသည့်အတွက် စတာလင်ပေါင် သန်း ၂၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိကြောင်း သိရသည်။ *Ref;Fotmob*

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၇၆/မမ/CE | **တိုင်းအမှတ်(၂)၊ ရွာထောင်**<br>စက်မှုဝန်ထမ်းနေအိမ်(၂)ခန်းတွဲ(1200 Sft)(၁၃)လုံးနှင့် (800 Sft)(၁၃)လုံးပြုပြင်ခြင်းလုပ်ငန်း |
| ၂ | ၇၇/မမ/CE | ရွာထောင်ဒီဇယ်စက်ခေါင်းစက်ရုံ၊ အငယ်တန်းအင်ဂျင်နီယာ(၁)လုပ်ငန်းရုံး၊ အင်ဂျင်နီယာမှူး(မြို့ပြ)ရုံး၊ မန်နေဂျာ(သွားလာရေး)နေအိမ်တို့တွင် အုတ်တံတိုင်းစုစုပေါင်း(၂၇၁၇)ပေ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း |
| ၃ | ၇၈/မမ/CE | **တိုင်းအမှတ်(၃)၊ မန္တလေး**<br>တိုင်းအမှတ်(၃)၊ မန္တလေးနယ်မြေ၊ တမ္ပဝတီကုန်စည်ဌာနခွဲဝင်း၊ ဝန်ထမ်းအိမ်ယာဝင်း၊ ခရီးသည် ဌာနခွဲဝင်းတို့တွင် အုတ်တံတိုင်းစုစုပေါင်း(၂၆၅၉-ပေ)နှင့် လုံခြုံရေးဝင်ပေါက် ဂိတ်တံခါး(၃)ခုတပ်ဆင်ခြင်း(26' x 6')လုပ်ငန်း |
| ၄ | ၇၉/မမ/CE | **တိုင်းအမှတ်(၈)၊ မော်လမြိုင်**<br>တိုင်းအမှတ်(၈)၊ မော်လမြိုင်နယ်မြေ၊ မော်လမြိုင်စက်ခေါင်းပြင်စက်ရုံသစ်အတွက် အုတ်ခြံစည်းရိုးကာရံခြင်း(၇၀၀-ပေ)နှင့် ရေးစက်ခေါင်းရုံအား အုတ်ခြံစည်းရိုးကာရံခြင်း(၁၀၁၀-ပေ)၊ စုစုပေါင်း (၁၇၁၀-ပေ)လုပ်ငန်း |
| ၅ | ၈၀/မမ/CE | **တိုင်းအမှတ်(၃)၊ မန္တလေး**<br>မိုးလုံလေလုံအားကစားရုံတည်ဆောက်ခြင်း(160' x 85' x34'), 50KVA Transformer နှင့် မီးလိုင်းများသွယ်တန်းခြင်း၊ အုတ်ခြံစည်းရိုးကာရံခြင်း(၅၀၀-ပေ)၊ ကွန်ကရစ်လမ်းခင်းခြင်း၊ (42500 Sft)နှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း |
| ၆ | ၈၁/မမ/CE | **တိုင်းအမှတ်(၅)၊ တောင်ငူ**<br>နေပြည်တော်ဘူတာ စက်ရုံဝန်ထမ်းအိမ်ရာအတွင်းလမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း(960' x 20'x 0'.9") |
| ၇ | ၈၂/မမ/CE | **တိုင်းအမှတ်(၄)၊ ကလော**<br>သာစည်ဘူတာသစ်တည်ဆောက်ခြင်းနှင့် ရထားသွားလာရေးဆိုင်ရာအထောက်အကူပြုလုပ်ငန်းများဆောင်ရွက်ခြင်း(130' x 50')Two Storeyed R.C Building (Mat Foundation)(20' x 30')control Room(၁)ခန်း အပါအဝင်(နှစ်ဆက်လုပ်ငန်း) |
| ၈ | ၈၃/မမ/ CE | **တိုင်းအမှတ်(၃)၊ မန္တလေး**<br>မြစ်ငယ်စက်ရုံ Type-I ပျဉ်ထောင်၊ ပျဉ်ခင်း(၆)ခန်းတွဲ(၄၂)လုံးပြုပြင်ခြင်း(1692 Sft) |
| ၉ | ၈၄/မမ/ CE | မြစ်ငယ်စက်ရုံ Type-H ပျဉ်ထောင်၊ ပျဉ်ခင်း(၆)ခန်းတွဲ(၃၁)လုံးပြုပြင်ခြင်း(2604 Sft) |
| ၁၀ | ၈၅/မမ/ CE | **တိုင်းအမှတ်(၈)၊ မော်လမြိုင်**<br>မော်လမြိုင်ဘူတာသစ်ကြီးတွင် ဝန်ထမ်းအိမ်ရာ(၆)ခန်းတွဲ(၄)ထပ်(၁)လုံးတည်ဆောက်ခြင်း၊ တိုက်အမှတ်(၁) (17376 Sft) |
| ၁၁ | ၈၆/မမ/ CE | မော်လမြိုင်ဘူတာသစ်ကြီးတွင် ဝန်ထမ်းအိမ်ရာ(၆)ခန်းတွဲ(၄)ထပ်(၁)လုံးတည်ဆောက်ခြင်း၊ တိုက်အမှတ်(၂) (17376 Sft) |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၉-၆-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၅-၆-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## လမ်းအထူးအဖွဲ့(၁၄)

လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)(ရန်ကုန်)မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးငွေလုံးငွေရင်း/ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

လိုအပ်သည့်လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)(ရန်ကုန်)၊ မှော်ဘီမြို့နယ်၊ ကုလားကုန်းကျေးရွာရှိ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၈-၆-၂၀၂၆)ရက်နေ့မှစတင်၍ ဖော်ပြထားမည်ဖြစ်ပြီး ဖုန်းနံပါတ်-၀၉-၆၆၉၅၀၁၇၄၂ သို့လည်း မေးမြန်းစုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန် | - | (၈-၆-၂၀၂၆)ရက်၊ (ရုံးချိန်အတွင်း) |
| တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန် | - | (၂၃-၆-၂၀၂၆)ရက်၊ (ရုံးချိန်အတွင်း) |
| တင်ဒါဖွင့်မည့်ရက်/အချိန် | - | (၂၅-၆-၂၀၂၆)ရက်၊ နံနက်(၁၀:၀၀)နာရီ |
| တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ | - | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၄)(ရန်ကုန်)၊ လမ်းဦးစီးဌာန၊ မှော်ဘီမြို့နယ်၊ ကုလားကုန်းကျေးရွာ |

တင်ဒါလျှောက်လွှာပုံစံများကို လမ်းအထူးအဖွဲ့(၁၄)(ရန်ကုန်)၊ မှော်ဘီမြို့နယ်၊ ကုလားကုန်းကျေးရွာရှိ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် (၈-၆-၂၀၂၆)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)ရန်ကုန်**
**ဖုန်း-၀၉-၆၆၉၅၀၁၇၄၂**

### ပျောက်ဆုံးကြောင်း
မောင်လှထူး(ဘ)ဦးကျော်ရ ၅/အတန(နိုင်)၀၈၂၁၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
သီရိလှိုင်(ဘ)ဦးဝင်းတင့်၇/ဝမန(နိုင်)၁၆၇၇၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဂန်ဆန်း(မ်)ဦးရှမ်းဘီဟာရီ ၇/ကတခ(နိုင်)၁၀၈၅၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၈၁၈၃၈၁၁**

### ပျောက်ဆုံးကြောင်း
အေးလဲ့ဖြူ(ဘ)ဦးတင်ဝင်း ၇/ကတခ(နိုင်)၂၄၆၉၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 517049)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၀၄၂၀၈၅**

### ပျောက်ဆုံးကြောင်း
ဝေဖြိုးအောင်(ဘ)ဦးဝိုင်းကျော်၉/သရေ(နိုင်)၀၂၀၈၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၇၇၃၇၈၄၁**

### ပျောက်ဆုံးကြောင်း
အောင်မင်း(ဘ)ဦးထွန်းလှ ၉/သရေ(နိုင်)၀၁၀၀၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၇၇၃၇၈၄၁**

### ပျောက်ဆုံးကြောင်း
ဇေဖြိုးအောင်(ဘ)ဦးအောင်ရွှေ ၉/သရေ(နိုင်)၀၁၉၆၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၇၇၃၇၈၄၁**

### ပျောက်ဆုံးကြောင်း
မြပွင့်ဖူး(ဘ)ဦးအိုက်ဆန် ၉/မကန(နိုင်)၁၂၉၁၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၆၇၅၅၄၇၀၀**

### အမည်ပြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ICEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 မှ အဘ ဦးတင်မိုးအောင်၏သမီး မဆုမြတ်နိုးရှင်အား မဆုထက်လွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဆုထက်လွင်**

### ပျောက်ဆုံးကြောင်း
ရန်လင်းဦး(ဘ)ဦးဇော်လင်းအောင် ၉/မခန(နိုင်)၂၅၇၉၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၅၃၉၈၇၃၅**

### ပျောက်ဆုံးကြောင်း
နန်းဥမ္မာခင်(ဘ)ဦးပန်းမောင် ၃/ဘအန(နိုင်)၁၂၅၈၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 035919)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
နန်းသဇင်မိုး(ဘ)ဦးစိုးမြင့် ၃/လဘန(နိုင်)၁၇၁၅၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 069825)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
နန်းသန်းထွေး(ဘ)ဦးလဒို ၃/ဘအန(နိုင်)၃၉၂၁၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 485096)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
မြတ်သူဇာအောင်(ဘ)ဦးဘိုနီ ၉/ညဥန(နိုင်)၁၁၃၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၁၉၈၈၀၀၈**

### MAHAR SWE MOE KAUNG KIN THEINGI SHWE SIN CO., LTD.
### မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)
### အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ ဇွန်လ(၄)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏အထူးအစည်းအဝေးတွင် မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်လှလှစိန်မှ သဘာပတိအဖြစ် ဆောင်ရွက်ပြီး အောက်ဖော်ပြပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ဆန္ဒအရ ၂၀၂၆ ခုနှစ်၊ ဇွန်လ(၄)ရက်နေ့မှစ၍ စာရင်းရှင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအား ဆောင်ရွက်နိုင်ရန်အတွက် ဦးရှင်ငြိမ်း Insolvency Practitioner No.103594 အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ Liquidator အဖြစ်ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီမြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၁)လအတွင်းနောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| U SHIN NYEIN (H.G.P.,LL.,B ) | DAW HLA HLA SEIN |
| HIGH COURT ADVOCATE | MANAGING DIRECTOR |
| INSOLVENCY PRACTITIONER(103594) | Mahar Swe Moe Kaung Kin |
| YANGON, MYANMAR. TEL: 09-5043046 | Theingi Shwe Sin Co.,Ltd. |

### ပျောက်ဆုံးကြောင်း
အောင်ဖြိုးပိုင်(ဘ)ဦးရဲနိုင် ၁၂/ဥကမ(နိုင်)၂၀၁၅၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၈၈၅၀၉၇၇၆၇**

### ပျောက်ဆုံးကြောင်း
ထက်ဝေယံကျော်(ဘ)ဦးကျော်သန်း ၆/မမန(နိုင်)၂၇၆၀၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၆၀၇၈၀၆၈**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဖူလုံ အ.ထ.က Grade-6 တွင် ပညာသင်ကြားနေသော မောင်စန်းထွေးမောင်၏ ဖခင်ဦးကျော်ဌေး၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၅၇၀၁၀ အရ ဦးကျင်ဌေးဖြစ်ပါကြောင်း။ **ဦးကျင်ဌေး**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း Grade-8 မှ မောင်ကျော်စွာလင်း၏ဖခင် အမည်မှန်မှာ ဦးကိုထူး ၉/မထလ(နိုင်)၀၉၁၆၉၄ ဖြစ်ပါကြောင်း။ **ဦးကိုထူး**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ချောက်ကြား၊ အ.ထ.က(ခွဲ) Grade-8 (သင်ဆဲ)မှ မောင်ဝေဖြိုး၏ဖခင် ဦးမြင့်ငွေ၏ အမည်မှန်မှာ ဦးမြင့်ဝေ ၈/တတက(နိုင်)၁၀၂၅၉၀ ဖြစ်ပါကြောင်း။ **ဦးမြင့်ဝေ**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ချောက်ကြား၊ အ.ထ.က(ခွဲ) Grade-9 မှ မမြလေးခိုင်၊ Grade-4 မှ မောင်အောင်ဇံထွန်းတို့၏ဖခင် ဦးသိန်းဆောင်၏အမည်မှန်မှာ ဦးသိန်းအောင် ၈/တတက(နိုင်)၂၅၂၂၆၅ ဖြစ်ပါကြောင်း။ **ဦးသိန်းအောင်**

### မိခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ချောက်ကြား၊ အ.ထ.က(ခွဲ)Grade-8 မှ မဖူးဖူးအောင်၏မိခင် ဒေါ်ဇင်မာနွယ်၏ အမည်မှန်မှာ ဒေါ်ဝင်းမာအေး ၈/တတက(နိုင်)၂၀၄၈၆၃ ဖြစ်ပါကြောင်း။ **ဒေါ်ဝင်းမာအေး**

### ပျောက်ဆုံးကြောင်း
လွင်မီကျော်(ဘ)ဦးမွတ္တား ၉/မတရ(နိုင်)၁၈၂၇၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 954770)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၀၈၁၄၇၈၄**

### အမည်မှန်
အဘ ဦးနေဇာမင်း၏သား၊ လားရှိုးမြို့ အလယ်တန်းကျောင်း Grade-8 တွင် ပညာသင်ကြားနေသော မောင်ဟိန်းဝေယံမင်း၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ဝေယံမင်းဖြစ်ပါကြောင်း။
**မောင်ဝေယံမင်း**

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ သုံးပင်ကွင်းရပ်ကွက်၊ အင်္ဂပိုလမ်းနေ မောင်စည်သူထွန်း(ဘ)ဦးငွေထွန်း၁၄/ဟသတ(နိုင်)၂၂၁၇၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၈၆၆၆၄၄၆**

### ပျောက်ဆုံးကြောင်း
မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တံခွန်တိုင်ကျေးရွာနေ စိုးပြည့်ဦး(ဘ)ဦးစိုးသိန်း ၁၀/မဒန(နိုင်)၂၄၂၅၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၆၄၂၈၄၇၈၇**

### ပျောက်ဆုံးကြောင်း
မင်္ဂလာဒုံမြို့နယ်၊ ပြန်လည်နေရာချထားရေးရပ်ကွက်၊ ပြည်လမ်းမကြီးနေ ဇော်ဇော်ဖြိုး(ဘ)ဦးဇော်လင်းထွန်း ၁၂/မဂဒ(နိုင်)၁၄၃၈၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၈၆၄၃၈၈၁၈**

### ပျောက်ဆုံးကြောင်း
မိတ္ထီလာမြို့၊ ကျီးတော်ကုန်းရပ်နေ အောင်စည်ဖြိုး(ဘ)ဦးခင်မောင်လင်း ၉/မထလ(နိုင်)၂၄၂၀၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
မြဝတီမြို့၊ အင်ကြင်းမြိုင်ရွာ၊ နှင်းဆီလမ်းနေ ညီညီအောင်(ဘ)ဦးမောင်ဝင်း ၃/မဝတ(နိုင်)၀၄၅၃၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၇၄၉၇၅၀၂**

### ပျောက်ဆုံးကြောင်း
အောင်ကိုကို(ဘ)လိုကောင်ဗိုး(ခ)ဦးအောင်လင်း ၁၂/လသန(နိုင်)၀၂၀၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဗျက်လှဲဆုန်း(ဘ)ဦးချန်ကျိုး ၅/ခပန(နိုင်)၀၁၄၀၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ကြာအင်းကုန်းအုပ်စု၊ ရွာသစ်ကျေးရွာနေ ဖူးပွင့်ဖြူ(ဘ)ဦးကျော်သူ ၇/ကတခ(နိုင်)၂၄၄၆၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ပုသိမ်မြို့နယ်၊ ရွာပြာကျေးရွာအုပ်စု၊ ဥယျာဉ်ချောင်းကျေးရွာနေ တင်မောင်ထွေး(ဘ)ဦးတင်ထွန်း ၁၄/ပသန(နိုင်)၃၁၆၇၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၃၂၂၅၆၉၃**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 1B/5343 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **က.ည.န၊ ခရိုင်ရုံး(သထုံ)**


## သစ်တောမှန်လျှင်
## အသုံးဝင်
## အစဉ်ထာဝရ
## ထိန်းသိမ်းကြ


### ပျောက်ဆုံးကြောင်း
သဲစုလွင်(ဘ)ဦးမင်းလွင် ၅/ကလတ(နိုင်)၀၇၆၉၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၀၈၁၄၇၈၄**

### ပျောက်ဆုံးကြောင်း
ရန်နိုင်အောင်(ဘ)ဦးဝင်းနိုင် ၈/ပဖန(နိုင်)၁၁၇၀၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၅၀၆၄၃၉**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၅) မှ တာဝန်ယူဆောင်ရွက်မည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရတနာသိခ်တံတား ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအစီအစဉ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၅)၊ ဆိပ်ဖြူမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်သော မန္တလေးတိုင်းဒေသကြီး အတွင်း ရွှေဘို(မင်းကျောင်း)-စဉ့်ကူးလမ်းပေါ်ရှိ ဧရာဝတီမြစ်ကူး ရတနာသိခ်တံတား(၂၄၈၀ ပေ) ပြန်လည် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ကျပ်သန်း(၂၀၀)အထက်နှင့်အောက် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်း/သယ်ယူပို့ဆောင်ခြင်းနှင့် စက်/ယာဉ်ယန္တရားများ ငှားရမ်းခြင်း အိတ်ဖွင့်တင်ဒါအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင် အရောက် ဝယ်ယူ/သယ်ယူ/ငှားရမ်းလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်စဉ်-(၁/၂၀၂၆-၂၀၂၇)**

| | | |
|---|---|---|
| ၁။ | တင်ဒါပုံစံရောင်းချမည့်နေရာ | - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၅)၊ ဆိပ်ဖြူမြို့ |
| ၂။ | တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက် | - ၈-၆-၂၀၂၆ ရက်နေ့ (ရုံးချိန်အတွင်း) |
| ၃။ | လျှောက်လွှာပုံစံအရောင်းပိတ်မည့် ရက်/အချိန် | - ၁၉-၆-၂၀၂၆ ရက်နေ့၊ (ညနေ ၄:၃၀) |
| ၄။ | တင်ဒါဖွင့်မည့်ရက်/အချိန် | - ၂၄-၆-၂၀၂၆ ရက်နေ့၊ (နံနက် ၉:၃၀) |
| ၅။ | တင်ဒါတင်သွင်း/စိစစ်/ရွေးချယ်မည့်နေရာ | - ရတနာသိခ်တံတား(ရှင်းလင်းဆောင်) စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းခရိုင်၊ မန္တလေးတိုင်း။ |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို တံတားအထူး အဖွဲ့(၅)၊ ဆိပ်ဖြူမြို့ ဖုန်းနံပါတ်- ၀၉-၄၅၃၉၉၆၅၃၃၊ ၀၉-၄၀၂၅၂၆၅၆၃ တို့သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၅)၊ဆိပ်ဖြူ**

**ပျောက်ဆုံးကြောင်း**
ကျော်မင်းထွန်း(ဘ)ဦးမြင့်အေး ၈/ဂဂန(နိုင်) ၁၂၇၂၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၂၉၉၅၂၁၁

**ပျောက်ဆုံးကြောင်း**
အိသဲပို(ဘ)ဦးကျင်မောင် ၁၂/မဂဒ(နိုင်) ၁၇၀၇၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၁၉၈၇၃၆၇

**ပျောက်ဆုံးကြောင်း**
စိုင်းအိုက်ခေး(ဘ)ဦးအိုက်ရီ ၁၃/လလန (နိုင်)၀၉၁၀၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၇၇၇၇၂

**ပျောက်ဆုံးကြောင်း**
သဥ္ဇာသောင်းနိုင်(ဘ)ဦးသောင်းနိုင် ၉/ခအဇ (နိုင်)၀၄၁၈၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၃၁၂၅၈၉၃

**ပျောက်ဆုံးကြောင်း**
မင်းခန့်စိုး(ဘ)ဦးအောင်သန်းစိုး ၈/ရစက (နိုင်)၂၂၂၈၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၁၀၃၆၁၈၈

**ပျောက်ဆုံးကြောင်း**
စန်းစန်းလှ(ဘ)ဦးကျော်သင်း ၉/မလန(နိုင်) ၁၃၆၅၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဖြိုးသီဟ(ဘ)ဦးသန်းထွန်း ၁၄/မအန(နိုင်) ၂၂၆၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ဖခင်အမည်မှန်**
မြစ်ကြီးနားမြို့၊ အ.ထ.က(၄)၊ Grade-7 မှ မချယ်ရီညီ၊ Grade-5 မှ မောင်ခီယောဂူတို့၏ ဖခင်အမည်မှန်မှာ ဦးအားလျှန်ဖြစ်ပါကြောင်း။
ဦးအားလျှန်

**ပျောက်ဆုံးကြောင်း**
လှလှဌေး(ဘ)ဦးဝင်းမောင် ၁၂/သဃက (နိုင်)၀၉၆၂၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၄၄၁၇၀

**ပျောက်ဆုံးကြောင်း**
စောတင်ထွန်း(ဘ)ဦးစောကျော်လှထွန်း ၁၂/ ဥကတ(နိုင်)၀၁၁၃၁၀ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၇၆၄၂၄၄၅၀၅

**ပျောက်ဆုံးကြောင်း**
သီတာခိုင်(ဘ)ဦးအုန်းရွှေ ၇/ဖမန(နိုင်) ၂၀၉၈၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ကျော်ဇင်ဝေ(ဘ)ဦးဝေလင်း ၉/ပဘန(နိုင်) ၂၇၆၃၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သော်စစ်နိုင်(ဘ)ဦးထင်မောင် ၁၂/ပဘတ (နိုင်)၀၃၈၁၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၆၀၆၇၈

**ပျောက်ဆုံးကြောင်း**
နောင်နောင်(ဘ)ဦးလှမြင့် ၇/ကဝန(နိုင်) ၁၉၆၂၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
နော်အယ်ကဲပလူးဖေါ်(ဘ)ဦးစောနယ်လဆင် ၂/ လကန(နိုင်)၀၀၀၀၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၃၀၇၈၀၀

**ပျောက်ဆုံးကြောင်း**
သင်းသင်းမာ(ဘ)ဦးမြင့်အောင် ၅/ဆလက (နိုင်)၁၁၃၆၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
မနှင်းနွယ်(ဘ)ဦးအောင်ဌေး ၈/မသန(နိုင်) ၁၅၄၁၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**အမည်ပြောင်း**
ပဲခူးမြို့၊ အ.ထ.က(၁)ကျောင်း၊ Grade-2(D) မှ အဘ ဦးသန့်ဇင်ဝင်း၏သမီး မရတီဖူးပွင့် အား မရွှေခြူးပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မရွှေခြူးပိုင်

**ပျောက်ဆုံးကြောင်း**
တန်လိန်ဟွန်(ခ)ထက်ထက်အောင်(ဘ)ဦးတန်ခက်ချိုင် ၁၂/အလန(ပြု)၀၀၀၁၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

**ပျောက်ဆုံးကြောင်း**
မင်းဇော်နိုင်(ဘ)ဦးဝင်းကြည် ၁၀/ကထန (နိုင်)၁၃၆၆၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(ME 878791)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၆၅၁၈၅၉၂၃၀

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ဒုတိယဦးစီးမှူးရာထူးနေရာများအတွက် ယှဉ်တွဲဖော်ပြပါအရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ရာထူး/လစာနှုန်းကျပ် | ခန့်ထားမည့် နေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း/ သတ်မှတ်ချက် |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၁၅) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ [စီးပွားရေးပညာဘွဲ့(စာရင်းအင်း/ ဘောဂဗေဒ/ဝါဏိဇ္ဇဘွဲ့/စာရင်းကိုင်/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့)/ ကွန်ပျူတာသိပ္ပံဘွဲ့/ဥပဒေဘွဲ့/ ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) ရရှိသူများဦးစားပေးမည်။] |

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
(ဃ) လျှောက်ထားသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၃၁-၅-၂၀၂၆ ရက်နေ့တွင် အသက်(၂၈)နှစ်အထက်၊ ဘွဲ့လွန်ဖြစ်ပါက ၃၁-၅-၂၀၂၆ ရက်နေ့တွင် အသက်(၃၀)နှစ်အထက်နှင့် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃၁-၅-၂၀၂၆ ရက်နေ့တွင် အသက်(၃၅)နှစ်အထက် မကျော်လွန်သူဖြစ်ရမည်။ **ပြည်သူ့စစ်မှုထမ်း တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဌာနမှသတ်မှတ်အသက်ထက်(၃)နှစ်တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။**
(င) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။
(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း(Removal)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ၊ ဝန်ထမ်းအဖြစ်မှနုတ်ထွက်ခဲ့သူများ လျှောက်ထားခွင့် မရှိပါ။
(ဆ) ကွန်ပျူတာအခြေခံတတ်ကျွမ်းသူဖြစ်ရမည်။

၃။ သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံအား ဝန်ကြီးဌာန၏ Website: www.mofr.gov.mm နှင့် ဌာန၏ Website: www.frd.gov.mm တွင် Download ရယူ၍လည်းကောင်း၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးအမှတ်-၃၄)၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံးများ တွင် အခမဲ့ လာရောက်ထုတ်ယူ၍လည်းကောင်း လျှောက်လွှာပါအချက်အလက်များအား ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို နီးစပ်ရာမြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ငွေစာရင်းအမှတ်၊ MD-013363 သို့ ပေးသွင်းရမည်ဖြစ်ပြီး စာရင်းအမှတ်အောက်ရှိကွက်လပ်တွင် ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန **“ဒုတိယဦးစီးမှူးရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း”**ဟု ဖော်ပြ၍ ပေးသွင်းရမည် ဖြစ်ပါသည်။

၅။ လျှောက်ထားသူများသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများ ပူးတွဲတင်ပြရမည် -
(က) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်၊ စာမေးပွဲဖြေဆိုသည့်အခါ လက်မှတ်မူရင်းတင်ပြရန်)၊
(ခ) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်၊ စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်းတင်ပြရန်)၊
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(စာမေးပွဲဖြေဆိုသည့်အခါမူရင်းတင်ပြရန်)၊
(ဃ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊
(င) လိပ်စာဖော်ပြပါဒေသတွင် အမှန်တကယ်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း(တစ်လအတွင်း)၊
(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံစာမူရင်း(တစ်လအတွင်း)၊
(ဆ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်းရိုက်ကူးထားသော(၁"x ၁.၅")နောက်ခံအပြာရောင် ရောင်စုံလိုင်စင်ဓာတ်ပုံ(၃)ပုံ( နောက်ကျောတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ဖော်ပြရန်)၊
(ဇ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြရန်)၊
(ဈ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ (၁)လအတွင်း ဆေးစစ်ထောက်ခံ ချက်မူရင်း၊
(ည) စာမေးပွဲဝင်ကြေးငွေ ကျပ် ၁၀၀၀/- ပေးသွင်းထားသည့် ငွေသွင်းချလန်မူရင်း။

၆။ ပြင်ပပုဂ္ဂိုလ်များသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီး ဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော်သို့လိပ်မူပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော် လည်းကောင်း ၂၀-၇-၂၀၂၆ ရက်နေ့နောက်ဆုံးထား၍လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန် ပေးပို့လာသောလျှောက်လွှာများ၊ အချက်အလက်မပြည့်စုံသောလျှောက်လွှာများ၊ သတ်မှတ်အရည်အချင်းနှင့် မကိုက်ညီသူများကို လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အပိုဒ်(၅)ပါအထောက်အထားများပါရှိသော လျှောက်လွှာနှင့်အတူ မိမိတာဝန်ထမ်းဆောင် နေသည့်ဌာနအကြီးအမှူးထောက်ခံချက်၊ ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်းတို့ဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် ၂၇-၇-၂၀၂၆ ရက်နေ့ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ရသူများ၏ အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုမည့်နေ့ရက်နှင့် နေရာများကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာန၏ Website: www.mofr.gov.mm နှင့် ဌာန၏ Website: www.frd.gov.mm တို့တွင် ထပ်မံကြေညာပေးမည်ဖြစ်ပါ သည်။

၉။ လျှောက်ထားသူများအား ရေးဖြေစာမေးပွဲစစ်ဆေးမည်ဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ များကို ဖြေဆိုရမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော်၊ ဖုန်း(၀၆၇-၃၄၁၀၂၄၂) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

**ပျောက်ဆုံးကြောင်း**
ယုမွန်(ဘ)ဦးဝင်းမင်းစိုး ၉/ပဘန(နိုင်)၂၅၉၅၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၁၅၀၅၃၄၁

**ပျောက်ဆုံးကြောင်း**
ကျော်ထက်(ဘ)ဦးထွန်းတင် ၉/မကန(နိုင်)၁၁၁၆၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၄၀၈၂၃၈


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဒွာညီပန်းအဝိုင်းအနီး၊ဇေယျသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၁၊ ၀၆၇ ၄၄၃၅၁၈၂၊ ၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၉၊ Fax - ၀၆၇ ၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း
MYAWADDY
အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်
ရန်ကုန်၊ကျောက်တံခါး၊ပဲခူး၊ဖြူး၊နေပြည်တော်၊ သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါးဇီတို့တွင်လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။
ဖုန်း။ ၉၅-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Black Tea
ရွှေဖီဦး
Tea Mix
Lemon Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော (၂၉)ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (29th St. Petersburg International Economic Forum- SPIEF 2026) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်




ဒုတိယသမ္မတ ဦးညိုစော (၂၉)ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (29th St. Petersburg International Economic Forum- SPIEF 2026) ဖွင့်ပွဲအခမ်းအနား၌ ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဇွန် ၄**

(၂၉) ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (29th St. Petersburg International Economic Forum- SPIEF 2026) ဖွင့်ပွဲအခမ်းအနားကို ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ EXPOFORUM Convention and Exhibition Centre ၌ကျင်းပရာ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်ဆွေးနွေးပြောကြားသည်။

အခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ကာဂျစ်သမ္မတနိုင်ငံအစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၃၀ ကျော်မှ အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်နိုင်ငံများမှ အကြီးအကဲများနှင့်တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များတက်ရောက်ကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ ■**

## အသိပေးကြေညာချက်

အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး(ရန်ကုန်)ရှိ Online Complain Centre (OCC) သို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်ကျူးလွန်သည့်ယာဉ်များအား Viber ဖုန်းနံပါတ် **(၀၉-၇၇၇၄၃၆၂၃၂)**သို့ မှတ်တမ်းဓာတ်ပုံပေးပို့တိုင်တန်းမည်ဆိုပါက နေ့ရက်၊ အချိန်၊ နေရာ၊ နံပါတ်၊ ပြစ်မှုထင်ရှားသည့် မှတ်တမ်းဓာတ်ပုံ/ဗီဒီယိုများနှင့်အတူ ပေးပို့တိုင်ကြားပါက အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိယာဉ်အားသက်တမ်းတိုးမည်ဆိုပါက ပြစ်မှုကင်းရှင်းကြောင်း သက်သေခံအထောက်အထားစာရွက်စာတမ်းကို ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး၊ မှုသေးစစ်ဌာနတွင်လည်းကောင်း၊ မြင်သာ/အင်းစိန်/ဒဂုံတောင်/ရွာသာကြီး(ဒဂုံအရှေ့)/သန်လျင်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန One Stop Service များတွင်လည်းကောင်း ထုတ်ယူရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၃ ထပ် လူနေအဆောက်အအုံ ၃ လုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး

စာ - ၂၇ သို့

## မန္တလေး-မြစ်ကြီးနား လမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်သောကုန်ပစ္စည်းများတင်ဆောင်၍ ဒုတိယအကြိမ်သွားရောက်ပို့ဆောင်သည့်မော်တော်ယာဉ်များ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇွန် ၄**

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် မန္တလေးတိုင်းဒေသကြီးမှ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အထိ ဆက်သွယ်ထားသော မန္တလေး- မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-နန့်စီးအောင်-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား မေလ ၆ ရက်တွင် အပြည့်အဝထိန်းချုပ်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါဒေသများတွင် နိုင်ငံတော်အစိုးရ၏ **စာမျက်နှာ ၁၅ ကော်လံ ၄ ▲**



မန္တလေး-မြစ်ကြီးနား လမ်းကြောင်းတစ်လျှောက်ရှိမြို့ရွာများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်သောကုန်ပစ္စည်းများတင်ဆောင်၍ ဒုတိယအကြိမ်သွားရောက်ပို့ဆောင်သည့်မော်တော်ယာဉ်များ မန္တလေးမြို့သို့ပြန်လည်ရောက်ရှိစဉ်။

## ရှေးဟောင်းဝတ္ထုပစ္စည်းအပ်နှံခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုကြေးငွေချီးမြှင့်

စာ - ၁၄ သို့

## ချီဖွေငယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးစက်(၃)လုံးအား အလှည့်ကျရပ်တန့်၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၄**

ချီဖွေငယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ကချင်ပြည်နယ်၊ ချီဖွေမြို့အနောက်တောင်ဘက် (၆)မိုင်ခန့်အကွာ ချီဖွေချောင်းပေါ်တွင်တည်ဆောက်ထားပြီး တပ်ဆင်အင်အား (၃၃)မဂ္ဂါဝပ်ရှိသော ဓာတ်အားပေးစက် (၃)လုံး စုစုပေါင်းတပ်ဆင်အင်အား (၉၉) မဂ္ဂါဝပ်ရှိသည့်စက်ရုံဖြစ်ပြီး Run-Off River Type စက်ရုံအမျိုးအစားဖြစ်သည်နှင့်အညီ ရေဝင်ရောက်မှုအရ ဓာတ်အားထုတ်လုပ်မောင်းနှင်နေသော စက်ရုံတစ်ရုံဖြစ်ပါသည်။

**စာမျက်နှာ ၂၃ ကော်လံ ၃ ○**



## PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb ချ တိုက်ခိုက်မှုကြောင့် အေးချမ်းစွာပညာသင်ကြားလျက်ရှိသည့် ကျောင်းသားတစ်ဦး ပုံးသီးစထိမှန်ဒဏ်ရာများရရှိ

စာ - ၂၇ သို့

**နိုင်ငံတကာသတင်း**

စာ - ၂၅ သို့

**သီရိလင်္ကာ၌ ဘိုးဘွားရိပ်သာတစ်လုံး မီးလောင်မှုဖြစ်ပွား လူ ၁၂ ဦး သေဆုံး**

**ဝေရတ်တောင်၌ ပျောက်သွားသည့် တောင်တက်သမားကို ခြောက်ရက်အကြာတွင် အသက်ရှင်လျက်ပြန်တွေ့**